ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

မကောင်းမှုကို ရှောင်ကြဉ်

အဖော်နည်းသော များသော ဥစ္စာရှိသော ကုန်သည်ကြီးသည် ဘေးအန္တရာယ်များသော ခရီးကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၀ ပြည့်နှစ် ဝါခေါင်လကွယ်၊ တနင်္ဂနွေနေ့။ Sunday 9 September 2018 ၉၄၀၄

ဗီယက်နမ်-မြန်မာ ပူးပေါင်းဖျော်ဖြေပွဲအခမ်းအနား နေပြည်တော်၌ ကျင်းပ

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ ဗီယက်နမ်-မြန်မာ ပူးပေါင်းဖျော်ဖြေပွဲအခမ်းအနားတွင် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

နေပြည်တော် စက်တင်ဘာ ၈

(၇၃)ကြိမ်မြောက် ဗီယက်နမ်နိုင်ငံ အမျိုးသားနေ့နှင့် ဗီယက်နမ်-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံလွှမ်းခြုံသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပေါင်းစည်းဆက်ဆံရေး တည်ထောင်ခြင်း တစ်နှစ်ပြည့်အထိမ်းအမှတ် ဗီယက်နမ်-မြန်မာ ပူးပေါင်းဖျော်ဖြေပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီ မိနစ် ၄၀ တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ သူရဦးအောင်ကို၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာဝင်းမြတ်အေးနှင့် နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် ၎င်းတို့၏ဇနီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး၊ မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ဒီမိုကရက်တစ် သမ္မတနိုင်ငံသံအမတ်ကြီးနှင့် ဇနီး၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများ ဂုဏ်ပြုဖွင့်လှစ်သည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

အာဖရိကဆိတ်သမင်အုပ်စုဝင်များ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် အများပြည်သူကြည့်ရှုလေ့လာနိုင်ရန် ပြသသွားမည်

ရန်ကုန် စက်တင်ဘာ ၈

ဆာဖာရီတိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)မှ တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)သို့ ယနေ့ နံနက်ပိုင်းက ပြောင်းရွှေ့ရောက်ရှိလာသည့် အာဖရိကဆိတ်သမင်အုပ်စုဝင် ညာလာသမင်(Nyala)သုံးကောင်နှင့် နူးသမင်(Wildebeest) လေးကောင်တို့ကို ယနေ့မှစ၍ အများပြည်သူ ကြည့်ရှုလေ့လာနိုင်ရန် ပြသသွားမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)မှ သိရသည်။

"နူးသမင်ဆိုတာ အရင်က ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှာ ပြခဲ့ဖူးတယ်။ ညာလာသမင်တွေကတော့ လုံးဝကိုမပြခဲ့ဖူးဘူး။ ဒီလိုမျိုး မျိုးစိတ်သစ်တွေကို အများပြည်သူ ဗဟုသုတဖြစ်စေဖို့ ရည်ရွယ်ပြီး အခုလို ဆောင်ရွက်တာပါ" ဟု ရန်ကုန်တိရစ္ဆာန်ဥယျာဉ်မှ အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းအောင်က ပြောသည်။

ယနေ့ ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိလာသည့် အာဖရိကဆိတ်သမင်အုပ်စုဝင် ညာလာသမင် အထီးတစ်ကောင်၊ အမ နှစ်ကောင်၊ နူးသမင် အထီးတစ်ကောင်၊ အမသုံးကောင်တို့မှာ အရောင်အသွေးလှပသည့် မျိုးများဖြစ်ကြောင်း သိရသည်။

အဆိုပါ နူးသမင်နှင့် ညာလာသမင် စုစုပေါင်း ခုနစ်ကောင်မှာ ၂၀၁၁ ခုနှစ်က နေပြည်တော် ဆာဖာရီတိရစ္ဆာန်ဥယျာဉ် စတင်

စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

ယနေ့ သတင်းအညွှန်း

သတ္တုကဏ္ဍနှင့် ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ — စာမျက်နှာ - ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ — စာမျက်နှာ - ၁၁

ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေး ငွေမင်ခြယ်တော့မည်လော — စာမျက်နှာ - ၁၈

ကြေးမုံ

မလျော်ကန်သည့် ဆုံးဖြတ်ချက်ကိုလက်မခံ

ကမ္ဘာပေါ်ရှိနိုင်ငံများသည် မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိအစိုးရ၊ မိမိတို့ပြဋ္ဌာန်းထားသော ဥပဒေများဖြင့် လွတ်လပ်စွာ ရပ်တည်နေကြသည့် အချုပ်အခြာအာဏာပိုင်သော နိုင်ငံများဖြစ်သည်။ လူ့သမိုင်းတစ်လျှောက်တွင် ကွဲပြားခြားနားသော လူမျိုးအသီးသီးတို့သည် မိမိတို့၏ လူမှုဘဝအခြေအနေနှင့်လျော်ညီစွာဖြင့် ဖွဲ့စည်းဖြစ်တည်နေသည်။ မိမိတို့၏ စားဝတ်နေရေး၊ လူမှုဆက်ဆံရေးနှင့် ဖြစ်ပေါ်လာသောပြဿနာများကို ထိန်းသိမ်းကာကွယ် စောင့်ရှောက်နိုင်ရန် နိုင်ငံတော်အာဏာတည်းဟူသော စီမံအုပ်ချုပ်မှုဆိုင်ရာ အခွင့်အာဏာကိုပြဋ္ဌာန်းထားသည်။ ထိုအာဏာသည် လူ့အဖွဲ့အစည်းတိုင်း၏ မိမိတို့ကံကြမ္မာကို မိမိတို့ကိုယ်တိုင်ဖန်တီးနိုင်သော အာဏာဖြစ်သည်။

ကမ္ဘာပေါ်တွင် နိုင်ငံပေါင်း ၁၃၉ နိုင်ငံရှိသည့်အနက် အင်အားကြီးသော နိုင်ငံအချို့က အင်အားငယ်သော နိုင်ငံများအပေါ် လက်နက်အားကိုးဖြင့် ပြောင်ပြောင်တင်းတင်း ဗိုလ်ကျစိုးမိုးသောကာလမဟုတ်တော့ချေ။ သို့ရာတွင် မျက်မှောက်ကာလ၌ ကမ္ဘာ့အဖွဲ့အစည်းများကို ကိုယ်စားပြု၍ လူ့အခွင့်အရေးကို အကြောင်းပြကာ နိုင်ငံငယ်များအပေါ် ဝင်ရောက်စွက်ဖက်နှောင့်ယှက်မှုများ ပြုလုပ်လာသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အထူးသဖြင့် အင်အားနည်းသော မြန်မာနိုင်ငံအပေါ် အကြောင်းအမျိုးမျိုးရှာ၍ စွက်ဖက်မှုများ ပြုလုပ်လာသည်။

နိုင်ငံတိုင်းနိုင်ငံတိုင်းတွင် မတူကွဲပြားခြားနားမှုတို့ကြောင့် ပြဿနာအကြီး၊အငယ်တို့ အနည်း၊အများ ရှိတတ်သည်။ ယင်းကိုအကြောင်းပြု၍ ယိုးမယ်ဖွဲ့ရမယ်ရှာကာ စွက်ဖက်နှောင့်ယှက်မှုများ ပြုလုပ်ခြင်းသည် မရိုးသားသောလုပ်ရပ်ဟု ဆိုနိုင်သည်။ အဆိုပါလုပ်ရပ်များသည် မြန်မာနိုင်ငံက အကောင်အထည်ဖော်နေသော ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖျက်ဆီးခြင်းသာမက နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကို ထိပါးနှောင့်ယှက်ခြင်းပင် ဖြစ်သည်။

ယခုလက်ရှိ မြန်မာနိုင်ငံအပေါ် အရေးယူရန် စီရင်ဆုံးဖြတ်ကြိုးပမ်းအားထုတ်မှုသည် ဓမ္မဓိဋ္ဌာန်မကျဘဲ ကျိုးကြောင်းဆီလျော်မှုမရှိသော လုပ်ဆောင်မှုပင် ဖြစ်သည်။ ဖြစ်ပွားခဲ့သည့် မောင်တောဒေသပဋိပက္ခကို အကြောင်းပြု၍ လူ့အဖွဲ့အသိုက်အဝန်းတစ်ခုကို တိုင်းပြည်မှနှင်ထုတ်ခဲ့သည်ဟူသော အခြေအမြစ်မရှိသည့် စွပ်စွဲမှုများသည် အမှန်တရားနှင့်ဝေးကွာနေသည်။ အမှန်တကယ်တွင် ၎င်းတို့အား မည်သူကမျှ မောင်းထုတ်ခဲ့ခြင်း မရှိချေ။ ARSA အကြမ်းဖက်သမားများစနက်ကြောင့် ထိုဒေသတွင် ပဋိပက္ခများဖြစ်ပွားခဲ့ရပြီး ကြိုတင်အကွက်ချထားသည့်အတိုင်း အပြစ်ရှိသူများရော မပြစ်မရှိသူများပါ ရောနှောလိုက်ပါပြီး ၎င်းတို့၏ဆန္ဒဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသွားခြင်းသာဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ပြဿနာအရင်းအမြစ် မည်သို့ပင်ရှိစေ စိတ်ရင်းမှန်စွာဖြင့် နေရပ်မှစွန့်ခွာသွားသူများအား ပြန်လည်ခေါ်ယူရန် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ နှစ်နိုင်ငံအကြား သဘောတူညီချက်ဖြင့် နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းပြီး အကောင်အထည်ဖော်လျက်ရှိသည်။ လူ့အခွင့်အရေးချိုးဖောက်သည်ဟူသည့် စွပ်စွဲမှုများနှင့်ပတ်သက်၍ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ်ကိုဖွဲ့စည်းပြီး ဆောင်ရွက်ခွင့်ပေးခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှုရှိပါကလည်း ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှုကို ဖန်တီးခဲ့ကြသူများသည် ARSA အကြမ်းဖက်သမားများဖြစ်သည်ကို အကြိမ်ကြိမ်အသိပေးခဲ့ပြီး ဖြစ်သည်။ ယင်းဖြစ်စဉ်အမှန်ကို ကမ္ဘာပေါ်ရှိ နိုင်ငံအများကလည်း သိရှိနားလည်လက်ခံထားကြသည်။

သို့ဖြစ်ရာ ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ အထူးအလေးထားဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်၍ တရားစီရင်ပိုင်ခွင့်ကျင့်သုံးဖွယ်ရှိသည်ဟူသော ဆုံးဖြတ်ချက်ကို ကြားသိရသည်မှာ စိတ်မကောင်းဖွယ်၊ စိတ်ပျက်ဖွယ်ဖြစ်သည်။ ချွတ်ယွင်းချက်ရှိသော လုပ်ထုံးလုပ်နည်းနှင့် ဥပဒေကြောင်းအရ သံသယဖြစ်ဖွယ်ကောင်းသော မလျော်ကန်သည့် ထိုဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံအနေဖြင့် ပြတ်ပြတ်သားသား ပယ်ချရမည်ဖြစ်ပါကြောင်း။ ။

MYANMAR
DigitalNews
Presented by NPE
www.mdn.gov.mm

ပုဂ္ဂလိက လယ်ယာသုံးစက်ကိရိယာထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး ဆွေးနွေး

နေပြည်တော် စက်တင်ဘာ ၈

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် ရှိုးမ စထရယ်တစ်ဂျစ်ဟိုးလ်ဒင်း လီမိတက်မှ စိုက်ပျိုးရေးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ထွဋ်ဦး၊ Convenience Prosperity Co.,Ltd. နှင့် CNH Industrial တို့မှ စိုက်ပျိုးရေးနှင့် စီးပွားရေးဒါရိုက်တာ EmreKarazli၊ စီးပွားရေးဖွံ့ဖြိုးမှုမန်နေဂျာ Chapple Dale Michael၊ မန်နေဂျင်းဒါရိုက်တာ Gerhard Hartzenberg တို့ အဖွဲ့အား ယမန်နေ့ မွန်းလွဲ ၁ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တောင်သူများလိုအပ်ချက်ဖြစ်သော လယ်ယာကဏ္ဍ ဝန်ဆောင်မှုပေးနိုင်ရေးအတွက် ပုဂ္ဂလိက လယ်ယာသုံး စက်ကိရိယာထုတ်လုပ်မှုဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ နယူးဟော်လန် အမှတ်တံဆိပ် ပြည်တွင်းထုတ် အရည်အသွေးမြင့် လယ်ယာသုံး စက်ကိရိယာများ တိုးတက်ထုတ်လုပ်နိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

စစ်တွေမြို့၌ စက်မှုနှင့် အသက်မွေးပညာရွေ့လျားသင်တန်းဆင်းပွဲ ကျင်းပ

စစ်တွေ စက်တင်ဘာ ၈

စက်မှုဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ)မှ တာဝန်ယူဖွင့်လှစ်သည့် စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်းအမှတ်စဉ် ၇၆ သင်တန်းဆင်းပွဲကို ယနေ့ နံနက် ၉ နာရီက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်က စက်မှုဝန်ကြီးဌာနအနေဖြင့် စက်မှုနှင့် အသက်မွေးပညာ ရွေ့လျားသင်တန်း (Mobile Vocational Training) များကို ဒေသတွင်း လိုအပ်ချက်ရှိသည့် နေရာဒေသအထိ ကွင်းဆင်းပြီး စက်မှုပညာရပ်များကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးပေးခြင်းဖြင့် ဒေသတွင်းရှိ ကျေးလက်နေ ပြည်သူများ၏ လူမှုစီးပွားဘဝ အထောက်အကူပြု အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်လာမည် ဖြစ်ကြောင်း၊ သင်တန်းဆင်း သင်တန်းသားများ အနေဖြင့် သင်တန်းက လေ့ကျင့်သင်ကြားပေးလိုက်သည့် စက်မှုပညာရပ်များဖြင့်သာ ရပ်တန့်မနေကြဘဲ စက်မှုကျွမ်းကျင် လုပ်သားကောင်းများဖြစ်ရန် ကြိုးစားကြရန် လိုအပ်ကြောင်း၊ ထို့ပြင် တစ်ဆင့်မြင့် စက်မှုပညာရပ်များကို ဆက်လက်လေ့လာဆည်းပူး ကြိုးပမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သင်တန်းတွင် ဆုရရှိသူများကို ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက ဆုများပေးအပ်သည်။ ထို့နောက် ရခိုင်ပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကျော်ညွန့်က သင်တန်းဆင်းလက်မှတ်များ ပေးအပ်ရာ သင်တန်းသားများ ကိုယ်စား သင်တန်းသားတစ်ဦးက လက်ခံသည်။

ယင်းနောက် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးဝင်းမြင့်နှင့် သင်တန်းဆင်းပွဲသို့ တက်ရောက်လာကြသူများက သင်တန်းသားများ၏ လက်တွေ့ပြသမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ဝင်းမင်းစိုး(ပြန်/ဆက်)

သီပေါဟော်၌ ဆေးလိပ်ငွေ့ကင်းစင်ဒေသ ပိုစတာများစိုက်ထူ

သီပေါ စက်တင်ဘာ ၈

ရှမ်းပြည်တစ်ခွင် ဆေးလိပ်ငွေ့ကင်းစင်ရေး အစီအစဉ်အရ သီပေါမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ရှမ်း၊ မြန်မာ၊ အင်္ဂလိပ်စာတို့ဖြင့် ဖော်ပြထားသော ဆေးလိပ်ငွေ့ကင်းစင်ဒေသ ပိုစတာများ စိုက်ထူအသိပေးခြင်းကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက သီပေါဟော်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန(နေပြည်တော်)မှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစိုးထက်(မကူးစက်ရောဂါနှိမ်နင်းရေး)၊ သီပေါမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းနှင့် ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သီပေါဟော်မိသားစုများ တက်ရောက်ခဲ့ကြသည်။

၁၉၂၄ ခုနှစ်က တည်ဆောက်ခဲ့ပြီး သီပေါ၏ နောက်ဆုံးစော်ဘွားစဝ်ကြာဆိုင်၊ မဟာဒေဝီစဝ်သုစန္ဒီနှင့် သမီးတော်နှစ်ပါး နေထိုင်သွားခဲ့သည့် သီပေါ ဟော်သို့ ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ ဝင်ရောက်လေ့လာကြည့်ရှုနိုင်ရန် နေ့စဉ် ညနေ ၃ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်လျက်ရှိပြီး အဆိုပါနေရာကို ဆေးလိပ်ငွေ့ကင်းစင်နေရာဒေသတစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

သီပေါကိုလတ်

ကြေးမုံ

ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

✻ ရှေ့ဖုံးမှ

သံအမတ်ကြီး Dr. Luan Thyu Duong က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

ယင်းနောက် (၇၃)ကြိမ်မြောက် ဗီယက်နမ်နိုင်ငံအမျိုးသားနေ့နှင့် ဗီယက်နမ်-မြန်မာ နှစ်နိုင်ငံအကြား ဘက်စုံလွှမ်းခြုံသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ပေါင်းစည်းဆက်ဆံရေးတည်ထောင်ခြင်း တစ်နှစ်ပြည့် အထိမ်းအမှတ် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Dr. Luan Thyu Duong က လက်တီးသီချင်းကို သီဆိုဖျော်ဖြေရာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ဂုဏ်ပြုပန်းစည်း ပေးအပ်သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သံအမတ်ကြီး Dr. Luan Thyu Duong တို့က မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်ကြပြီး မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့ဝင်များ၊ အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

သတင်းစဉ်

အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင် မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ယဉ်ကျေးမှုအဖွဲ့ဝင်များအား ဂုဏ်ပြုပန်းစည်းများ ပေးအပ်စဉ်။

ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို မြန်မာ-ဗီယက်နမ် ပူးပေါင်းဖျော်ဖြေပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချို သာဂရစက်မှုနယ်မြေရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုသည် ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သာဂရစက်မှုနယ်မြေရှိ အမှတ်(၁၄) အကြီးစားစက်ရုံသို့ ရောက်ရှိပြီး ရေဘေးအန္တရာယ် ဆိုးရွားစွာခံစားခဲ့ရသည့် ရွာသာယာရွာ၊ ရွှေသပြေရွာ၊ မှန်စီကျေးရွာတို့တွင် နေထိုင်သည့် ဝန်ထမ်းသုံးဦးအား ထောက်ပံ့ငွေများပေးအပ်သည်။

ထို့နောက် သာဂရစက်မှုနယ်မြေရှိ စက်ရုံများအား လေ့လာရန်ရောက်ရှိလာသော ပြည်သူ့လွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ပြီး ကြိုဆိုနှုတ်ခွန်းဆက် အမှာစကားပြောကြားသည်။

ယင်းနောက် စက်ရုံရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများနှင့် PPP ဆောင်ရွက်မည့်အခြေအနေများကို Green Power Myanmar Co.,Ltd.မှ ကျွမ်းကျင်ပညာရှင် ဦးတင်မောင်ကြင်က ရှင်းလင်းပြောကြားပြီး ထုတ်လုပ်ထားရှိသော ဒီဇယ်အင်ဂျင်များကို LNG နှင့် ဒီဇယ်လောင်စာ နှစ်မျိုးအသုံးပြုအင်ဂျင်အဖြစ် ပြုပြင်ပြောင်းလဲမည့်အခြေအနေ၊ စက်ရုံများအားပူးပေါင်း၍ PPP စနစ်ဖြင့် ဥရောပနည်းပညာအသုံးပြု၍ လျှပ်စစ်ဘတ်စ်ကားများ (Electric Bus)များ ထုတ်လုပ်မည့် အစီအမံတို့ကို ရှင်းလင်းတင်ပြပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လွှတ်တော်ကိုယ်စားလှယ်များနှင့်အတူ အမှတ်(၁၄) အကြီးစားစက်ရုံရှိ Forging Shop, Foundry Shop, Machine Shop, Assembly နှင့် Testing Shop တို့အား လည်းကောင်း၊ အမှတ်(၁၅)အကြီးစားစက်ရုံရှိ Assembly Shop နှင့် ထုတ်လုပ်ထားရှိသော လူနာတင်ယာဉ်တို့အား လည်းကောင်း၊ အမှတ်(၂၆)အကြီးစားစက်ရုံရှိ Machine Shop နှင့် ယခင်ကထုတ်လုပ်ထားသည့် တာဘိုင်များနှင့် အသစ်တီထွင်ထုတ်လုပ်မည့် Cross Flow Turbine များအား လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လက်တွေ့အသုံးချနိုင်မည့် Turbines ထုတ်လုပ်အသုံးချနိုင်မှုအခြေအနေတို့ကို ဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အမှတ်(၃) စက်မှုသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်ထောက်ကူပစ္စည်းများနှင့် သင်တန်းသားများ စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားနေမှုအခြေအနေနှင့် ပြခန်းအတွင်း သင်တန်းသားများ လက်တွေ့ပြုလုပ်ထားသည့် ပစ္စည်းများ ခင်းကျင်းပြသထားမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပလျက်ရှိသည့် ပဉ္စမအကြိမ်မြောက် နိုင်ငံတကာစက်မှုနည်းပညာပြပွဲနှင့် တီထွင်ဖန်တီးမှုစွမ်းရည်ပြိုင်ပွဲသို့ ရောက်ရှိပြီး စက်မှုနည်းပညာများ၊ ဆောက်လုပ်ရေးနည်းပညာများ၊ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာများ၊ လုံခြုံရေးနည်းပညာများ၊ လျှပ်စစ်ထုတ်လုပ်ရေးနည်းပညာများ၊ ဆေးဝါးနှင့် စားသောက်ကုန်ပစ္စည်းထုတ်လုပ်မှု နည်းပညာပြခန်းများ၊ ငါးကြိမ်တိုင် ကျင်းပခဲ့ပြီးသော ဒေသတွင်း MSMEs ထုတ်ကုန်ပြပွဲပြိုင်ပွဲတွင် ဆုရရှိခဲ့ကြသော အသေးစားနှင့် အလတ်စား ထုတ်ကုန်ပစ္စည်းအရောင်းပြခန်းများ၊ စားသောက်ကုန် အရောင်းပြခန်းများ၊ BPI ဆေးဝါးအရောင်းပြခန်းများ၊ အဝတ်အထည်အရောင်းပြခန်းများ၊ သစ်သားကနုတ်၊ ယွန်းကနုတ်နှင့် စကျင်ကနုတ်ပန်းများဖြင့် အလှဆင်ထားသော မှန်စားပွဲအမျိုးမျိုးနှင့် ဖန်ထည်ပစ္စည်းအရောင်းပြခန်းများ၊ နေအိမ်နှင့်လုပ်ငန်းသုံးမီးသတ်ဆေးဘူး အရောင်းပြခန်းများကို လှည့်လည်အားပေးကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❍ အာဖရိကဆိတ်သမင်မှ

တည်ထောင်စဉ်က ဆာဖာရီဥယျာဉ်အတွက် အာဖရိကမှ သယ်ဆောင်ခဲ့သည့် နူးသမင် ၁၂ ကောင်နှင့် ညာလာသမင် ၁၂ ကောင်တို့မှ ထပ်မံတိုးပွားပေါက်ဖွားခဲ့သည့် တိရစ္ဆာန်များဖြစ်ပြီး အများပြည်သူလေ့လာနိုင်ရန် ယခုကဲ့သို့ ရန်ကုန်သို့ ပြောင်းရွှေ့ပြသခြင်းဖြစ်ကြောင်း ထူးတိရစ္ဆာန်ဥယျာဉ်နှင့် ပန်းဥယျာဉ်များဌာန ဒုတိယအထွေထွေမန်နေဂျာ ဦးသန်းစိုးအေးထံမှ သိရသည်။

ထို့ပြင် ယင်းတိရစ္ဆာန်လေးများ၏ သဘောသဘာဝမှာ တူညီသည့်အတွက် ယခင်က သစ်ကုလားအုတ် ချော့စုကိုထားခဲ့သည့် ခြံဝင်းအတွင်း တစုတစည်းတည်း ထားရှိပြသသွားမည်ဖြစ်ကြောင်းနှင့် ၂၄ နာရီ ကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ သဘာဝအရ နေရာထိုင်ခင်း ပြုပြင်ခြင်းများ၊ ချုံပုတ်များ ဖန်တီးခြင်းများကိုလည်း ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိရစ္ဆာန်ဥယျာဉ် အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် တိရစ္ဆာန်အမျိုးပေါင်း ၁၃၂ မျိုး၊ ကောင်ရေ ၁၁၂၄ ကောင်ကို ပြကွက်ပေါင်း ၅၉ ခုဖြင့် ပြသထားကြောင်းနှင့် ဧည့်ဝင်ရောက်မှုမှာ တစ်လလျှင် ပျမ်းမျှ လူဦးရေတစ်သိန်းခန့် ဝင်ရောက်လေ့ရှိပြီး ဇွန်၊ ဇူလိုင်၊ ဩဂုတ်လနှင့် စက်တင်ဘာလများတွင် အနည်းဆုံးဖြစ်ကာ မတ်လတွင် အများဆုံးဝင်ရောက်လေ့ရှိကြောင်း သိရသည်။

သီသီမင်း

ဘင်္ဂလားပင်လယ်အော်အခြေအနေ

၈-၉-၂၀၁၈

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

၂၀၁၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ

နေပြည်တော် စက်တင်ဘာ ၈

၂၀၁၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ပညာရေးဝန်ကြီးဌာန၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး တက်ရောက်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ရှေးဦးစွာ အခမ်းအနားကို ပျဉ်းမနား အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသားကျောင်းသူများက 'တို့အင် တို့အား' သီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံတွင် လူထုအခြေပြု စာတတ်မြောက်ရေး (အ-သုံးလုံး)လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ကြောင်း၊ စာတတ်မြောက်ရေးလုပ်ငန်းများ၏ အောင်မြင်မှုအပေါ် ယူနက်စကို အဖွဲ့ကြီးကချီးမြှင့်သည့် မိုဟာမက် ရီဇာ ပါလာ ဗီဆုကို ၁၉၇၁ ခုနှစ်နှင့် နိုမာဆုကို ၁၉၈၃ ခုနှစ်တွင် မြန်မာနိုင်ငံက လက်ခံရရှိခဲ့ပါကြောင်း၊ (Sustainable Development Goal-4)အရ လူတိုင်း အကျုံးဝင်၍ မျှတသော အရည်အသွေးပြည့်ဝသည့် ပညာရေးနှင့် အားလုံးအတွက် ဘဝတစ်သက်တာ သင်ယူမှုအခွင့်အလမ်းရရှိရေး ဆောင်ရွက်နိုင်ရန်အတွက် ၂၀၃၀ ပြည့်နှစ်တွင် လူငယ်နှင့်အရွယ်ရောက်သူများ (အမျိုးသားနှင့် အမျိုးသမီးများအပါအဝင်)အရေး၊ အဖတ်နှင့် အတွက်အချက် တတ်မြောက်စေရန်စသည့် ရည်မှန်းချက်ကို ပြည့်မီအောင်လည်း ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယူနက်စကို၏ ၂၀၁၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အတွက် ဆောင်ပုဒ်မှာ "Literacy and Skills Development" "နည်းပညာကျွမ်းကျင်မှု ဖွံ့ဖြိုးဖို့ စာတတ်မြောက်ရေးဆောင်ရွက်စို့" ဖြစ်ပါကြောင်း၊ ဆောင်ပုဒ်မှာပါရှိသည့် အကြောင်းအရာများသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း National Education Strategic Plan-NESP (၂၀၁၆-၂၀၂၁)၏ မူဝါဒနှင့် စီမံကိန်းလုပ်ငန်း အညွှန်းဘောင်မှာ ဖော်ပြထားသော ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ရာမှာ နည်းပညာနှင့်သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးအစီအစဉ်များနှင့် ချိတ်ဆက်၍ အကောင်အထည်ဖော်သွားရန်ဆိုသည့် အချက်နှင့် ကိုက်ညီနေသည်ကို တွေ့ရပါကြောင်း၊ တကယ်လက်တွေ့ဖော်ဆောင်ရာမှာ သက်ဆိုင်ရာဦးစီးဌာနများ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာပေါ်မှာ ကျောင်းမတက်ဖူးသော ကလေးများနှင့် အရွယ်မရောက်သေးသူ သန်းပေါင်း ၂၆၀ ကျော်ရှိပြီး ကလေးများနှင့် အရွယ်မရောက်သေးသူ ၆၁၇ သန်းခန့်တွင် ၁၀ ဦးလျှင် ခြောက်ဦးမှာ အခြေခံအရေးအဖတ်အတွက် တတ်မြောက်ခြင်း မရှိကြတာကို လေ့လာတွေ့ရှိရမှာ ဖြစ်ပါကြောင်း၊ လူငယ် လူကြီး သန်း ၇၅၀ သည် ယနေ့ထက်တိုင် အရေး အဖတ် အတွက် မတတ်မြောက်သေးပါကြောင်း၊ သုံးပုံနှစ်ပုံသည် အမျိုးသမီးများဖြစ်ပါကြောင်း၊ အရှိန်အဟုန်မြင့်မားစွာနည်းပညာ ဖွံ့ဖြိုးတိုးတက်မှုကြောင့် စာမတတ်သူများအတွက် ပိုမိုကြီးမားသော စိန်ခေါ်မှုအသစ်တစ်ရပ် ဖြစ်လာစေပါကြောင်း၊ လူ့အဖွဲ့အစည်း အသိုက်အဝန်းအတွင်း နေထိုင်ရပ်တည်နိုင်ရန်နှင့် အလုပ်အကိုင်အခွင့်အလမ်းနှင့် လူမှုစီးပွားဝန်းကျင်ကောင်းများ ဖန်တီးရရှိနိုင်ရန် စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်အတွက် အခြေခံအရေး အဖတ် အတွက် အချက်စွမ်းရည်များရှိရုံဖြင့် မလုံလောက်ပါကြောင်း၊ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ အစ ရှိသည့် နည်းပညာအသစ်အဆန်းကို ကျွမ်းကျင်စွာ အသုံးပြု၍ ဆန်းသစ်တီထွင်နိုင်သည့် စွမ်းရည်များရှိရန် မဖြစ်မနေ ရရှိလာအောင် ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း။

မြန်မာနိုင်ငံမှာလည်း ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ၏ ၁၀ ဒသမ ၅ ရာခိုင်နှုန်းဖြစ်သည့် ငါးသန်းဝန်းကျင်သည် ကျောင်းနေအရွယ်မှာ အကြောင်းအမျိုးမျိုးကြောင့် ကျောင်းမနေဖူးသူများ (သို့မဟုတ်) ကျောင်းထွက်ခဲ့ကြပြီး စာမတတ်သူများဖြစ်နေကြတာကိုလည်း တွေ့ရှိရမှာဖြစ်ပါကြောင်း၊ ထိုအခြေအနေများကြောင့် ပညာရေးဝန်ကြီးဌာနက ကျောင်းပြင်ပနှင့် တစ်သက်တာ ပညာရေးဦးစီးဌာနကို ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ပြီးနောက် အသက် ၁၀ နှစ်နှင့် ၁၄ နှစ်ကြား ကျောင်းပညာမသင်ယူခဲ့ရသော၊ ပြီးဆုံးအောင် သင်ယူခွင့်မရခဲ့ဘဲ ကျောင်းထွက်ခဲ့ရသည့် ကလေးများအတွက် ကျောင်းပြင်ပ မူလတန်းပညာရေးအစီအစဉ်ဖြင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်ကို လည်းကောင်း၊ အသက်အုပ်စုအားဖြင့် ၁၅ နှစ်နှင့်အထက် အရွယ်များအတွက် အခြေခံစာတတ်မြောက်ရေးလုပ်ငန်းအစီအစဉ်၊ ၎င်းမှတစ်ဆင့် စာဖတ်ရှိန်မြှင့်တင်ရေး အစီအစဉ်၊ ဝင်ငွေတိုးပွားရေးအစီအစဉ်နှင့် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး အစီအစဉ်များပါဝင်သော စဉ်ဆက်ပညာရေးလုပ်ငန်းအစီအစဉ်များကို တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းကူညီမှုဖြင့် တိုးချဲ့လုပ်ဆောင်နိုင်အောင် ဆောင်ရွက်လျက်ရှိနေပါကြောင်း၊ ပညာရေးဝန်ကြီးဌာန ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ ပူးပေါင်းမှုဖြင့် စုစုပေါင်း ၄၂၀၇၆ ဦးတို့ကို အခြေခံအရေး၊ အဖတ်၊ အတွက်တတ်မြောက်သွားအောင် ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းများဖြင့် ကျွမ်းကျင်မှုများ ရရှိရေးအတွက် အခြေခံဖြစ်သည့် အခြေခံစာဖတ်၊ စာရေး၊ တွက်ချက်နိုင်ရန် လိုအပ်ပါကြောင်း၊ အရည်အသွေးပြည့်ဝသော ပညာရေးဖြင့်သာ ပြောင်းလဲတိုးတက်နေသည့် နည်းပညာကို လိုက်လျောညီထွေ ကျွမ်းကျင်စွာ အသုံးပြု၍ ဆန်းသစ်တီထွင် ဖန်တီးနိုင်ရန်လိုအပ်သည့် တစ်သက်တာ သင်ယူမှု အခွင့်အလမ်းကောင်းများကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိမှာ ဖြစ်ပါကြောင်း၊ ယခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနှစ် ဆောင်ပုဒ်ဖြစ်သည့် "Literacy and Skills Development" သည် စာတတ်မြောက်မှု မူဝါဒကို ပြန်လည်သတ်မှတ်ရန်နှင့် လက်တွေ့ကျသည့် ဆန်းသစ်တီထွင်နိုင်စွမ်းရှိသော ပညာရေးဖြစ်လာစေရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း ဆောင်ရွက်ကြရမှာ ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ ၂၀၁၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ် Video Clip ကိုပြသည်။

ထို့နောက် ၂၀၁၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် ယူနက်စကို ညွှန်ကြားရေးမှူးချုပ်၏ သဝဏ်လွှာကို မြန်မာနိုင်ငံယူနက်စကို အမျိုးသားကော်မရှင်အတွင်းရေးမှူးချုပ်က ဖတ်ကြားသည်။

ဆက်လက်၍ ပျဉ်းမနား အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက 'အနာဂတ်မျှော်တွေးစဉ်ဆက်ပညာရေး' သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဂီတအနုပညာဖြင့် ဖျော်ဖြေတင်ဆက်သည့် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက 'စာတတ်မြောက်ရေး ဝိုင်းကူပေး'သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသော ပြခန်းများကို လှည့်လည်ကြည့်ရှုကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

၂၀၁၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်နှင့် နှစ်ပတ်လည်ညီလာခံ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့က ကြီးမှူး၍ ၂၀၁၈ ခုနှစ် နိုင်ငံတကာစာတတ်မြောက်ရေးနေ့အထိမ်းအမှတ်နှင့် နှစ်ပတ်လည်ညီလာခံကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တက္ကသိုလ်ဝိဇ္ဇာခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံ စာတတ်မြောက်ရေးနှင့်ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသန့်က အသင်း၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းနာယက ဆရာကြီး ဒေါက်တာဦးသန်းဦးက အမှာစကားပြောကြားပြီး စာရေးဆရာကြီး(ပုသိမ်) ဦးအောင်သန်းဦးက အမှတ်တရစကားပြောကြားကာ အသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်ကြည်ညွန့်က ဂုဏ်ပြုမှတ်တမ်းလွှာ ဖတ်ကြားသည်။

ဆက်လက်၍ ၂၀၁၈ ခုနှစ် ပခုက္ကူဦးအုံးဖေတစ်သက်တာစာပေဆုရအသင်း နာယက ဆရာကြီး ဒေါက်တာဦးသန်းဦးအား အမှတ်တရလက်ဆောင်ပေးအပ်ပြီး ၂၀၁၈ ခုနှစ် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့အထိမ်းအမှတ် စာပေအလင်းရောင် စာစီစာကုံးနှင့် ဘာကြောင့် လူတိုင်းစာဖတ်ဖို့လိုသလဲ ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုချီးမြှင့်ကာ ဆုရရှိသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် စာအုပ်လှူဒါန်းပွဲနှင့် ရေဘေးသင့်ဒေသများသို့ စာအုပ်များနှင့် အလှူငွေများ ပေးအပ်လှူဒါန်းပြီး အသင်းအတွင်းရေးမှူး ဒေါက်တာခင်မေစုက ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းခဲ့သည်။

၁၉၆၄ ခုနှစ်မှ စတင်ခဲ့သော မြန်မာနိုင်ငံစာတတ်မြောက်ရေး (အ-သုံးလုံး) စေတနာ့ဝန်ထမ်းစာတတ်မြောက်ရေးလှုပ်ရှားမှုကြီးတွင် စေတနာထက်သန်စွာ ပါဝင်ထမ်းဆောင်ခဲ့ကြသည့် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံမှ အဖွဲ့ဝင်ဟောင်းများကြီးမှူး၍ ပြည်ထောင်စုဒေသအနှံ့အပြားတွင် ပညာရေး၊ ကျန်းမာရေးနှင့် အခြားလူမှုရေးလုပ်ငန်းများကို စွမ်းနိုင်သမျှစုပေါင်းဆောင်ရွက်ကြရန် ရည်ရွယ်၍ စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှု ကူညီရေးအဖွဲ့ကို ၂၀၁၄ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့သည်။

တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းပေါင်းစုံ(အ-သုံးလုံး)အဖွဲ့ဝင်များဦးစီးသော စာတတ်မြောက်ရေးနှင့် ဒေသဖွံ့ဖြိုးမှုကူညီရေးအဖွဲ့သည် စတင်ဖွဲ့စည်းသည့် အချိန်မှစ၍ ၂၀၁၈ ခုနှစ် ဩဂုတ်လ အထိ မြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်း ဒေသကြီး ၁၀ ခု၊ မြို့နယ် ၄၂ မြို့နယ်၊ ကျေးရွာ၊ ရပ်ကွက် ၆၀ ကျော်တို့သို့ ပညာရေးတိုးတက်ရေးနှင့် အောင်ချက်မြင့်မားရေးတို့အတွက် ဘာသာရပ်ဆိုင်ရာ သင်ကြားပို့ချပေးခြင်း၊ ကျေးလက်ပြည်သူများအား အခမဲ့ဆေးကုသပေးခြင်း၊ ဆေးပေးခန်းများအတွက် ဆေးဝါးနှင့် အာလ်ထရာဆောင်း စသည့်ပစ္စည်းများလှူဒါန်းခြင်း၊ စာကြည့်တိုက်နှင့် စာသင်ကျောင်းများသို့ စာအုပ်၊ စာတမ်း၊ စာရေးကိရိယာ၊ ကျောင်းသုံးစာအုပ်များ လှူဒါန်းခြင်း၊ စာပေဗဟုသုတ၊ ကိုယ်ကျင့်တရား၊ မူးယစ်ဆေးဝါးဆန့်ကျင်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးဟောပြောခြင်း၊ နွမ်းပါးချို့တဲ့သူများအား အဝတ်အထည် အသုံးအဆောင်များ လှူဒါန်းခြင်း၊ အိမ်တွင်းမှုပညာများသင်ကြားပေးခြင်း စသည့် လူမှုအကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ **သတင်းစဉ်**

နိုင်ငံတကာစာတတ်မြောက်ရေးနေ့ မြောင်းမြ၌ ကျင်းပ

မြောင်းမြ စက်တင်ဘာ ၈

နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အထက(၆)ကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြောင်းမြခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်နိုင်က နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားသည်။ ဆက်လက်ပြီး ခရိုင်ပညာရေးမှူး ဆရာမကြီး ဒေါ်ဝင်းဝင်းတင်က မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းဆောင်ရွက်မှု၏ စည်းရုံးလှုပ်ရှားမှုကြောင့် မျက်မှောက်ကာလ၌ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းမှာ ရာနှုန်းပြည့်နီးပါး တိုးတက်မှုရှိပါကြောင်း၊ မြန်မာနိုင်ငံစာတတ်မြောက်ရေး ကြိုးပမ်းစည်းရုံး လှုံ့ဆော်ရေးသည် သက်ဝင်ရှင်သန်နေဆဲဟု ဆိုနိုင်ပါကြောင်း၊ စာတတ်မြောက်ရေးကွန်ဂရက် စတင်ကျင်းပခဲ့သည့် ၁၉၆၉ ခုနှစ် စက်တင်ဘာ ၈ ရက်ကို နိုင်ငံတကာစာမတတ်သူပပျောက်ရေးနေ့ (International Literacy Day-ILD)အဖြစ် ယူနက်စကိုအဖွဲ့ချုပ်က သတ်မှတ်ပေးခဲ့ပြီး နိုင်ငံတကာ စာတတ်မြောက်ရေးအထိမ်းအမှတ်လုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်လျက်ရှိပါကြောင်း ထည့်သွင်းပြောကြားပြီး နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး(ပန်းချီ) ပိုစတာပြိုင်ပွဲတွင် ဆုရရှိသူများအား ဆုများပေးအပ်ခဲ့သည်။

အောင်မင်း(မြောင်းမြ)

စာပေမြင့်မှ လူမျိုးတင့်မည်

ဆွာချောင်းရေလျောင်တမံ ရေပိုလွှဲကျိုးပဲ့မှုကြောင့် သဲဖုံးမြေများ သင့်တော်သည့် သီးနှံစိုက်ပျိုးနိုင်ရေး ကြည့်ရှုစစ်ဆေး

နေပြည်တော် စက်တင်ဘာ ၈

ရေဘေးသင့်ဒေသနေတောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကို မူလအခြေအနေထက် ပိုမိုကောင်းမွန်စွာ ရေရှည်လုပ်ကိုင်ဆောင်ရွက်နိုင်ရေး ဂရုပြုဆောင်ရွက်ပေးကြရန်လိုအပ်ကြောင်း၊ လက်ရှိအခြေအနေတွင် သဲဖုံးလွှမ်းခံရသည့်မြေနှင့် သင့်တော်မည့် သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်ရေးနှင့် တောင်သူများ သဘောတူညီမှုရှိပါက ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူဆောင်ရွက်နိုင်ရေး ချိတ်ဆက်ပေးခြင်းဖြင့် တောင်သူများအတွက် ပုံမှန်ဝင်ငွေရရှိရေး စီမံဆောင်ရွက်ကြရန် ယနေ့ နံနက်ပိုင်းက ဆွာချောင်းရေကြီးမှုတွင် သဲဖုံးပျက်စီးခဲ့သည့် လယ်မြေများပြန်လည်ဖော်ထုတ်ခြင်းလုပ်ငန်းခွင်သို့ ရောက်ရှိစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက တာဝန်ရှိသူများအား ဆွေးနွေးပြောကြားသည်။

ဆွာချောင်းရေလျောင်တမံ ရေပိုလွှဲယာဘက်အခြမ်း ထိခိုက်ရာမှ ဆွာချောင်းအတွင်း ရေစီးဆင်းမှု ထုထည်ကြီးမားခဲ့သဖြင့် အနီးဝန်းကျင်ကျေးရွာများနှင့် လယ်မြေအချို့ ရေကြီးရေလွှမ်း ခံခဲ့ရသကဲ့သို့ ဆွာချောင်းတစ်လျှောက်ရှိ ရန်ကုန်-မန္တလေးအမြန်လမ်း ဝဲ၊ ယာရှိလယ်မြေများနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်း ဝဲ၊ ယာရှိလယ်မြေများ ထိခိုက်ပျက်စီးခဲ့မှုအား ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့မှ စက်ယန္တရားကြီးများဖြင့် ပြန်လည်ဖော်ထုတ်ပေးလျက်ရှိပြီး အဆိုပါလုပ်ငန်းခွင်သို့ ပြည်ထောင်စုဝန်ကြီးဒေါက်တာအောင်သူနှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးကြည့်ရှုကြရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက လယ်မြေများ ပြန်လည်ဖော်ထုတ်ပေးနေမှုအခြေအနေနှင့် မြေကြီးမြေပုံမှန်ကန်ရေး ဆောင်ရွက်ပေးနေမှုများကိုလည်းကောင်း၊ လက်ရှိအခြေအနေနှင့် ကိုက်ညီမည့် သီးနှံရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် တောင်သူများနှင့် ညှိနှိုင်းဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားရာတွင် တောင်သူများ၏ မြေပိုင်ဆိုင်မှု မထိခိုက်စေရေးနှင့် ရေရှည်စိုက်ပျိုးထုတ်လုပ်မှု အဆင်ပြေစေရေး ဂရုပြုဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူဆောင်ရွက်နိုင်ရေး ချိတ်ဆက်ပေးခြင်းဖြင့် တောင်သူများ မူလဝင်ငွေအတိုင်း ခံစားရရှိစေရေး၊ သီးနှံအမယ်သစ်စိုက်ပျိုးခြင်း၏ နည်းပညာသစ် အတွေ့အကြုံများရရှိသဖြင့် နောက်ပိုင်းတွင် တောင်သူများကိုယ်တိုင်စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်လာနိုင်စေရေးတို့ကို မျှော်မှန်းပြီး စီမံဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေး လမ်းဟောင်းအနီးရှိ အင်ကြင်းကုန်းကျေးရွာ၌ ရေလွှမ်းပျက်စီးခဲ့သည့် လယ်မြေများတွင် စက်မှုလယ်ယာဦးစီးဌာနက ကောက်စိုက်စက်အသုံးပြုစိုက်ပျိုးပေးနေမှုကို ကြည့်ရှုစစ်ဆေးပြီး ဒေသနေတောင်သူများနှင့်တွေ့ဆုံကာ အားပေးစကားပြောကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဆွာမြို့ ဆွာမင်းလမ်းရွာသို့ ရောက်ရှိကြပြီး ဆွာမင်းလမ်းရွာဦးစေတီအောက်ခြေအား ဆွာချောင်းရေတိုက်စားသဖြင့် ကမ်းပြိုနေမှုအား ကမ်းဆယ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ရေကြီးနစ်မြုပ်မှုတွင် ထိခိုက်ပျက်စီးခဲ့သည့် ဒေသခံတောင်သူများ၏ လယ်ယာသုံးစက်ကိရိယာများအား စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်ဝန်ထမ်းများက ပြုပြင်ပေးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒေသခံ ရွာသူရွာသားများနှင့် တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ ဆူဇူကီးဖလားမှ

ပြည်တွင်းပြိုင်ပွဲများအနက် ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံးထွက်ပြိုင်ပွဲမှာ စက်တင်ဘာ ၃၀ ရက်တွင် ပြီးဆုံးမည်ဖြစ်သော်လည်း ဆီမီးဖိုင်နယ် ဒုတိယအကျော့အပြီး နောက်ရက်တွင် စတင်လေ့ကျင့်ရန်ဆုံးဖြတ်ခဲ့ပြီး ဗိုလ်လုပွဲတက်ရောက်သည့်နှစ်သင်းမှ ကစားသမားများမှာ ဗိုလ်လုပွဲပြီးမှ လာရောက်ပူးပေါင်းမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာဆီယံဒေသတွင်း၏ အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် အောင်မြင်မှုရရန် ပြင်ဆင်သွားမည်ဖြစ်ပြီး အုပ်စု(က)တွင် ဗီယက်နမ်၊ မလေးရှား၊ ကမ္ဘောဒီးယား၊ လာအိုအသင်းတို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် ဗီယက်နမ်နှင့် ကမ္ဘောဒီးယားပွဲကို အိမ်ကွင်း၊ မလေးရှားနှင့် လာအိုပွဲကို အဝေးကွင်းကစားရမည်ဖြစ်သည်။ မြန်မာအသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင် အမြင့်ဆုံးဆီမီးဖိုင်နယ်သာ တက်ရောက်ဖူးပြီး ပြိုင်ပွဲသက်တမ်း နှစ် ၂၀ ကျော်ကာလအတွင်း ဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ရှိုင်းထက်ဇော်

○ မြန်မာ ယူ-၁၉ မှ

နှစ်သင်းစလုံး အမာခံကစားသမားများအသုံးပြုပြီး အားကုန်ထုတ်ကစားခဲ့ရာ ပွဲမှာအပြန်အလှန်ရှိခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် အာရှခြေစစ်ပွဲယှဉ်ပြိုင်ရန် နီးကပ်နေသော်လည်း အမာခံကစားသမားအစုံအလင်အသုံးပြုခဲ့ပြီး ယူ-၁၉ အမျိုးသမီးအသင်းကို အကောင်းဆုံးတုံ့ပြန်ကစားနိုင်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရနေပြီး ဒုတိယပိုင်းတွင် နှစ်ဂိုးစီသရေကျကာ ယူ-၁၉ အမျိုးသမီးအသင်းက အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၁၉ အသင်းအတွက် ဂိုးများကို နွယ်နီဝင်းက သုံးဂိုး၊ စန်းသော်သော်က နှစ်ဂိုး သွင်းယူပြီး ယူ-၁၆ အသင်းအတွက် ဂိုးများကို မြတ်နိုးခင်က နှစ်ဂိုး၊ ဆုန်နှင်းဖွေးက တစ်ဂိုး သွင်းယူခဲ့သည်။

ယင်းခြေစမ်းပွဲကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး ခြေစမ်းပွဲကစားခဲ့သည့်နှစ်သင်းအား ဆုကြေးငွေကျပ် ၁၀ သိန်းစီ ပေးအပ်ချီးမြှင့်ခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ နီပေါနိုင်ငံ၌ကျင်းပမည့် အာရှ ယူ-၁၆ အမျိုးသမီးခြေစစ်ပွဲ၊ မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းသည် အောက်တိုဘာ ၂၄ ရက်မှ ၂၈ ရက်အထိ ရန်ကုန်၌ကျင်းပမည့် အာရှ ယူ-၁၉ ခြေစစ်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- ဖိုးသော်ဇင်

ပညာရည်ချွန်ဆုပေးပွဲနှင့် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အထက(၂)၏ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်အတွက် ပညာရည်ချွန်ဆုပေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အဆိုပါကျောင်း သီရိမြန်မာခန်းမ၌ ကျင်းပရာ ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးဖြင့်အောင်မြင်သူ ငါးဘာသာ ငါးဦး၊ လေးဘာသာ ငါးဦး၊ သုံးဘာသာ ရှစ်ဦး၊ နှစ်ဘာသာ ၁၁ ဦး၊ တစ်ဘာသာ ၂၇ ဦး၊ သုံးထပ်ကွမ်းလူရည်ချွန် တစ်ဦး၊ နှစ်ထပ်ကွမ်းလူရည်ချွန် နှစ်ဦး၊ နဝမတန်းလူရည်ချွန် တစ်ဦးနှင့် အတန်းတစ်တန်းချင်းဆုများကို ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ ဆုပေးပွဲအခမ်းအနားသို့ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး/ဘဏ္ဍာ ဦးစိုးသိုက်နှင့် တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးသံဒိုင်က အဖွင့်အမှာစကားပြောကြားပြီး ဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ဆုပေးပွဲအပြီးတွင် ကျောင်းအုပ်

ဆရာကြီးနှင့် ဆုရရှိသူများက စုပေါင်း၍ မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးကြသည်။
သတင်း- အောင်ကျော်မိုး(တောင်ဥက္ကလာ)၊ ဓာတ်ပုံ- ခင်မောင်ဝင်း(ကြေးမုံ)

---

(၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပုဗ္ဗသီရိမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးလွင်၊ မြို့နယ်ရဲစခန်းမှူး ဒု-ရဲမှူးမျိုးအောင်တို့ဦးစီး၍ တပ်ဖွဲ့ဝင်အရာရှိ အခြားအဆင့်နှင့် မိသားစုများ စုပေါင်းပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးဝင်းအတွင်း၊ အပြင် သန့်ရှင်းရေးဆောင်ရွက်စဉ်။ ကိုရဲ

နေပြည်တော်တိုင်းရင်းဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ အခမဲ့ကွင်းဆင်းကုသ

နေပြည်တော် စက်တင်ဘာ ၈

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးရုံကြီး(နေပြည်တော်)မှ ကျန်းမာရေးဝန်ထမ်းများက ယနေ့နံနက် ၉ နာရီတွင် ပျဉ်းမနားမြို့နယ် ကူးတို့ဆိပ်အုပ်စု သာယာစုကျေးရွာ၌ အခမဲ့ကွင်းဆင်းကုသပေးခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး ဦးလှမော်နှင့် ကျန်းမာရေးဝန်ထမ်း ၁၂ ဦးတို့က ကျေးရွာအုပ်ချုပ်ရေးမှူး၏ ပံ့ပိုးကူညီမှုဖြင့် ဒေသခံများ ဖြစ်ပေါ်ခံစားနေရသော အရိုးကျီးပေါင်း၊ ထုံနာ၊ ကျဉ်နာ၊ ဒူးနာ၊ ခါးနာ၊ သွေးတိုး၊ လေငန်း၊ အာရုံကြောအစရှိသည့် ရောဂါဝေဒနာရှင်များကို အခမဲ့စမ်းသပ်ကုသပေးပြီး ဆေးရုံတက်ရောက်ရမည့်လူနာအား ညွှန်ပို့ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်လှိုင်သင်း(နေပြည်တော်)

✳ မြစ်ရေကြီးမှုမှ

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သံလွင်မြစ်

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မဒေါက်မြို့နှင့် ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

မိုး/ဇလ

☆ ကျောဖုံးမှ

တောင်ကြီးမြို့၌ သွားရောက်လေ့ကျင့်ခဲ့ပြီး အား/ကာသိပွဲ ယူ-၁၆ အမျိုးသားအသင်းနှင့် နှစ်ပွဲ၊ အမျိုးသမီးအသင်းနှင့် တစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ခြေစစ်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများပြုလုပ်ရန် စင်ကာပူအမျိုးသမီး ယူ-၁၆ အသင်းနှင့် ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားနေပြီး ပထမပွဲတွင် ကိုးဂိုး-နှစ်ဂိုး၊ ဒုတိယပွဲတွင် လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းယှဉ်ပြိုင်မည့် ခြေစစ်ပွဲ ပထမအဆင့် အုပ်စု(င)ကို စက်တင်ဘာ ၁၉ ရက်မှ ၂၃ ရက်အထိ နီပေါနိုင်ငံ၌ ကျင်းပမည်ဖြစ်သည်။ ယင်းအုပ်စုတွင် မူလက ငါးသင်းပါဝင်သော်လည်း ဆီးရီးယားအသင်း နုတ်ထွက်သွားသောကြောင့် လေးသင်းဖြင့်သာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အသင်းသည် ခြေစစ်ပွဲအုပ်စုပွဲများအဖြစ် စက်တင်ဘာ ၁၉ ရက်တွင် မလေးရှား၊ စက်တင်ဘာ ၂၁ ရက်တွင် အိမ်ရှင်နီပေါ၊ စက်တင်ဘာ ၂၃ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ကစားရမည်ဖြစ်သည်။ ခြေစစ်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ ထိပ်ဆုံးခြောက်သင်းနှင့် ဒုတိယနေရာရအသင်းများအနက် ထိပ်ဆုံးနှစ်သင်းမှာ ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။

သတင်း-ရှိုင်းထက်ဇော်
ဓာတ်ပုံ-စိုးညွန့်

တိကျသေချာ အဖြေရှာပါ

အေးကြွယ်

ဘာလင်တံတိုင်းပြိုကျပြီးနောက် လူသားချင်းစာနာထောက်ထားမှုဆိုသည့် စကားလုံးသည် အတော်ပင်ရေပန်းစားလာခဲ့သည်။ တစ်နည်းအားဖြင့် လူသားချင်းစာနာထောက်ထားမှု စကားလုံးသည် စစ်အေးလွန်ကမ္ဘာကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျက်နှာစာများတွင် လိုလျှင်လိုသလို ဝင်ရောက်စွက်ဖက် အကျပ်ကိုင်ရန် ဟန်ရေးတပြပြဖြင့် ရုပ်လုံးပြလာခဲ့၏။ နိုင်ငံကြီးအချို့က လူသားချင်းစာနာထောက်ထားမှုစကားကို အကာအကွယ်ပြု၍ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် အကျပ်ကိုင်နေကြသည်ကိုလည်း ဝမ်းနည်းဖွယ်ရာ တွေ့မြင်နေရသည်။

စင်စစ် လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းသည် ခေတ်ပြိုင်ကမ္ဘာကြီးထဲမှ လူသားများ၏ အကျပ်အတည်းများ၊ မတရားမှုများကို တရားနည်းလမ်းကျစွာ ညှိနှိုင်းအဖြေရှာရမည့် လုပ်ငန်းဖြစ်သော်လည်း အင်အားကြီးနိုင်ငံအချို့၏ နိုင်ငံရေးအဓိပ္ပာယ် ကောက်ကြောင်းများနောက်တွင် လူထုအခြေပြု အင်စတီကျူးရှင်းများ၏ တရားဝင်မှုများကို တွန်းထိုးတိုက်စားပစ်လျက်ရှိကြောင်း တွေ့မြင်နေရသည်။

လူသားချင်းစာနာထောက်ထားမှုဆိုသည်မှာ

၁၉၉၉ ခုနှစ်တွင် နိုဘယ်ဆုရရှိခဲ့သည့် Medecins Sans Frontieres(MSF)မှ သုတေသန ဒါရိုက်တာ ဖာဘရစ်ဝှစ်မန်းက **"လူသားချင်းစာနာမှုရှိရေးဝါဒဟာ အနောက်တိုင်းစစ်ရေးတာဝန်တွေနဲ့ ထွေးရောယှက်တင်ဖြစ်လာနေတယ်။ ဒါဟာ အန္တရာယ်ရှိတယ်လို့ မြင်ပါတယ်။ အီရတ်၊ အာဖဂန်နစ္စတန်တို့လို နေရာတွေမှာ လူသားချင်းစာနာမှုထားရေး အဖွဲ့အစည်းတွေဟာ အသွင်ပုံစံတစ်မျိုးနဲ့ စစ်ဘက်အသွင်ပြုခံလိုက်ရပါပြီ"** လို့ ပြောခဲ့ပါတယ်။ တစ်နည်းအားဖြင့် လူသားချင်းစာနာမှုထားရေး ခေါင်းစဉ်ကိုတပ်၍ စစ်ရေးကြားဝင်မှုများနှင့် ခေတ်ပြိုင်စစ်ဘက်ဆိုင်ရာ လူသားချင်းစာနာမှုထားရေးဝါဒ ထွန်းကားရေးတို့အတွက် အားပေးအားမြှောက် ပြုလျက်ရှိသည်ကို စိတ်မကောင်းဖွယ် တွေ့မြင်နေရ၏။

ယနေ့အချိန်တွင် ကမ္ဘာ့နိုင်ငံကြီးအချို့ လက်ကိုင်အသုံးပြုနေသည့် လူသားချင်းစာနာမှုထားရေး အစီအစဉ်များသည် နိုင်ငံတကာ မညီမျှမှုများကို အမှန်တကယ် ပပျောက်စေမည်လား၊ နိုင်ငံတကာ မညီမျှမှုများကို အားဖြည့်ပေးသကဲ့သို့ ယိမ်းယိုင်သွားနိုင်မည်လားဟု ပညာရှင်အများက မေးခွန်းထုတ်လျက်ရှိသည်။

အမှန်အတိုင်းပြောရလျှင် နိုင်ငံကြီးအချို့ ဆောင်ရွက်နေကြသည့် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုပြုရေး အစီအစဉ်များသည် ကမ္ဘာ့နိုင်ငံအားလုံးအတွက် ဆန်တုတ်တိုက်(ဇလုတ်တိုက်) (သို့) ဝါးလုံးရှည်ဖြင့် ရမ်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းမဟုတ်။ နိုင်ငံတစ်ခုနှင့်တစ်ခု မတူကွဲပြားသည့် လူမှုဘဝပုံစံများနှင့် လူမှုတန်ဖိုးထားမှုများအပေါ် အခြေခံ၍ ညှိနှိုင်းဆောင်ရွက်ကြရမည့် လုပ်ငန်းဖြစ်သည်။ နိုင်ငံတစ်ခုချင်း၏ ဝိသေသလက္ခဏာအရ ပြည်သူအများစုက လိုလားနှစ်သက်သော အခွင့်အရေးပုံစံမျိုးကသာ ရေရှည်အကျိုးဖြစ်ထွန်းပြီး လူသားအားလုံးအတွက် သဟဇာတဖြစ်ထွန်းနိုင်မည်ဖြစ်သဖြင့် အထူးဂရုပြု ဆောင်ရွက်ရန်လည်း လိုအပ်သည်။

ယနေ့အချိန်တွင် နိုင်ငံတကာဆက်ဆံရေးလမ်းကြောင်းပေါ်၌ လိုသလိုပုံဖော်အသုံးပြုနေသည့် လူသားချင်းစာနာမှုပြုရေးယန္တရားသည် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ အချုပ်အခြာအာဏာနှင့် လူမှုသဟဇာတဖြစ်ရေးလုပ်ငန်းများအပေါ် မည်သို့ အကျိုးသက်ရောက်လျက်ရှိသည်ကို ပြန်လည်သုံးသပ်ဆင်ခြင်ရမည့် အချိန်အခါလည်း ဖြစ်သည်။

သမာသမတ်ကျရဲ့လား

၂၀၁၈ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့တွင် လူ့အခွင့်အရေးကောင်စီက တစ်ဖက်သတ် ဖွဲ့စည်းခဲ့သည့် **မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးအဖွဲ့(FFM)**က အစီရင်ခံစာတစ်စောင်ထုတ်ပြန်၍ မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံသားများအပေါ် မဟုတ်မမှန်စွပ်စွဲ ပြောဆိုခဲ့ကြသည်။

ယင်းအဖွဲ့ကို လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံအစိုးရ၏ သဘောတူမှုမရှိဘဲ ၂၀၁၇ ခုနှစ် မတ်လတွင် ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ယင်းအဖွဲ့၏ တည်ထောင်မှု၊ ဖွဲ့စည်းမှုနှင့် လုပ်ပိုင်ခွင့်တို့မှာ သမာသမတ်ကျဖွယ် အခြေအနေမရှိသည့်အတွက် မြန်မာနိုင်ငံအစိုးရက ပယ်ချခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့၏ အစီရင်ခံစာသည် ရခိုင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများ ပေါင်းစည်းနေထိုင်ရေးနှင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေး လုပ်ငန်းများကို ပျက်ပြားအောင် ဆောင်ရွက်သကဲ့သို့ ဖြစ်စေခဲ့သည်။

ထို့ပြင် ၂၈-၈-၂၀၁၈ ရက်နေ့တွင် ကုလသမဂ္ဂလုံခြုံရေးကောင်စီခန်းမ၌ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံအခြေအနေ တံခါးဖွင့်ရှင်းလင်းပွဲမတိုင်မီ တစ်ရက်အလို ၂၇-၈-၂၀၁၈ ရက်နေ့တွင် ၎င်းတို့၏ အစီရင်ခံစာကို အချိန်ကိုက်ထုတ်ပြန်၍ မြန်မာနိုင်ငံအပေါ် အကွက်ဆင်ဖိအားပေး ဆောင်ရွက်ခဲ့သည်မှာလည်း ယုံကြည်မှုမဲ့စေခဲ့သည်။

ယင်းအခြေအနေကို လေ့လာကြည့်ပါက မြန်မာနိုင်ငံအခြေအနေကို မြန်မာအစိုးရ၏ သဘောတူညီချက်မရသည့် အဖွဲ့အစည်းတစ်ခုက အခြေအမြစ်မရှိသည့် တစ်ဖက်သတ်အချက်အလက်များကို ရယူကာ လူ့အခွင့်အရေးစင်မြင့်ထက်တွင် အချိန်ကိုက် ဆောင်ရွက်လာခြင်းသည် ပုဂ္ဂိုလ်ရေးအကျိုးစီးပွားနှင့် နိုင်ငံရေးအကျိုးအမြတ်အပေါ် ရှေးရှုဆောင်ရွက်သကဲ့သို့ဖြစ်နေကြောင်း ထင်မှတ်စရာရှိသည်။

နိုင်ငံရေးအမြတ်မထုတ်သင့်

ယနေ့အချိန်တွင် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းကြား၌ ရခိုင်ပြည်နယ် အရေးနှင့်ပတ်သက်၍ ဝေဖန်မှုများ မိုးလုံးညံ့လျက်ရှိသည်။ တစ်နည်းအားဖြင့် ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပေါ် လူသားချင်းစာနာထောက်ထားမှု စကားလုံးကို အသုံးပြု၍ ဘက်ပေါင်းစုံမှ လွှမ်းမိုးအကျပ်ကိုင်ရန် ကြိုးပမ်းအားထုတ်နေကြသည်။

တကယ်တမ်းပြောရလျှင် ရခိုင်ပြည်နယ်အရေးကိစ္စသည် လူ့အဖွဲ့အစည်းနှစ်ခုအကြား သာမန် ဖြစ်ရိုးဖြစ်စဉ်ပေါ်ပေါက်လာခဲ့သည့် လူမှုပြဿနာရပ်များမဟုတ်ဘဲ အာဆာအကြမ်းဖက်သမားများ၏ တစ်ဖက်သတ်ဝင်ရောက်တိုက်ခိုက်ခြင်းကြောင့် ပေါ်ပေါက်လာခဲ့ခြင်းဖြစ်ကြောင်း မြန်မာအစိုးရက အကြိမ်ကြိမ် ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်သည်။ ယင်းတို့၏ တိုက်ခိုက်မှုကြောင့် ဒါဇင်နှင့်ချီသော လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြစ်မဲ့ပြည်သူများစွာ သေဆုံးခဲ့ရသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရခိုင်တိုင်းရင်းသား ၂၅၀ ကျော်၊ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့တွင် ဟိန္ဒူဘာသာဝင် ၁၀၀ ခန့်ကို အာဆာအဖွဲ့က သတ်ဖြတ်ခဲ့ကြသည်။

ယင်းသို့ အာဆာအဖွဲ့ အကြမ်းဖက်တိုက်ခိုက်နိုင်ရန်လည်း ပြည်ပ အကြမ်းဖက်အဖွဲ့အစည်းများက အထောက်အပံ့ပေးခဲ့ကြသည်။ ယနေ့ ရခိုင်ပြည်နယ်တွင် ကြုံတွေ့နေရသည့် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ပြဿနာများနှင့် အပြစ်မဲ့ပြည်သူများခံစားနေရသည့် လူမှုဒုက္ခများအတွက် လက်သည်တရားခံမှာ အာဆာအဖွဲ့ပင် ဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ မြန်မာအစိုးရအနေဖြင့် ဒေါက်တာကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ လူသားချင်းစာနာထောက်ထားမှု အကူအညီများကို ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာအစိုးရအနေဖြင့် ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ မည်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုကိုမျှ မျက်ကွယ်ပြုထားခြင်းမရှိကြောင်း တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်နေသည်ကိုလည်း အကြိမ်ကြိမ်ပြောဆိုခဲ့ပြီးဖြစ်သည်။ ၂၈-၈-၂၀၁၈ ရက်နေ့ မွန်းလွဲ ၃ နာရီက ကုလသမဂ္ဂ လုံခြုံရေးကောင်စီခန်းမ၌ ကျင်းပပြုလုပ်သည့် **"မြန်မာနိုင်ငံအခြေအနေ"** တံခါးဖွင့် ရှင်းလင်းပွဲတွင် မြန်မာအမြဲတမ်းကိုယ်စားလှယ် သံအမတ်ကြီး ဦးဟောက်ဒိုဆွမ်းက **"တာဝန်ခံမှုနှင့် ပတ်သက်၍ မည်သည့်လူ့အခွင့်အရေး ချိုးဖောက်မှုကိုမျှ လက်ခံခွင့်လွှတ်ပေးမည်မဟုတ်ကြောင်း၊ မြန်မာအစိုးရ၏ ရပ်တည်ချက်ကို ရှင်းလင်းပြတ်သားစွာ ပြောကြားထားပြီးဖြစ်ကြောင်း၊ လုံလောက်သည့် အထောက်အထားရှိပါက တရားဥပဒေအရ စစ်ဆေးအရေးယူမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ အစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို လူ့အခွင့်အရေးနယ်ပယ်တွင် အတွေ့အကြုံပြည့်ဝသည့် ဝါရင့်သံတမန်တစ်ဦးဖြစ်သူ သံအမတ်ကြီး မစ္စရိုဆာရီယိုမယ်နာလိုအား ဦးဆောင်စေလျက် ဖွဲ့စည်းခဲ့ပြီးဖြစ်ကြောင်း"** ပြောကြားခဲ့သည်။

အချုပ်အားဖြင့် စစ်အေးခေတ်လွန်ကမ္ဘာကြီးအတွက် လူသားချင်းစာနာထောက်ထားမှုပြုရေး အစီအစဉ်များသည် နိုင်ငံတကာမညီမျှမှုများအပေါ် မယိမ်းမယိုင် ဖြေရှင်းပေးရန် လိုအပ်လျက်ရှိသည်။ လူသားချင်းစာနာထောက်ထားမှုစကားလုံးကို အကာအကွယ်ယူ၍ ကိုယ်ကျိုးစီးပွားနှင့် နိုင်ငံရေး အမြတ်ထုတ်လိုမှုများကို မပြုလုပ်ကြရန်လည်း ဂရုပြုရမည်။ ယင်းစကားလုံးကို အသုံးပြု၍ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၏ လူမှုအသိုင်းအဝိုင်းများအကြား ဝင်ရောက်စွက်ဖက်အကျပ်ကိုင်မှုများကြောင့် အမှန်တကယ်အလုပ်မဖြစ်ဘဲ ဆိုးကျိုးသံသရာလည်နေရသည့် ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ကြည့်ရှုဆင်ခြင်ရမည်။ အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ အပြစ်မဲ့ပြည်သူများ၊ အမျိုးသမီးများနှင့် ကလေးသူငယ်များကိုဗန်းပြ၍ မြန်မာနိုင်ငံအပေါ် ဖိအားပေးအကျပ်ကိုင်ခြင်းမျိုးသည် ကောင်းကျိုးထက် ဆိုးကျိုးဘက်ကို တွန်းပို့နေခြင်းဖြစ်ကြောင်း သတိပြုသင့်သည်။ ရခိုင်ပြည်နယ်အရေး အမှန်တကယ် စိုးရိမ်ပူပန်သည်ဆိုပါက မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကိုပေါင်းစပ်ညှိနှိုင်းခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းနှင့် ပူးတွဲဆောင်ရွက် ခြင်းတို့ကသာ အမှန်တကယ် အလုပ်ဖြစ် ခရီးရောက်နိုင်မည်ဖြစ်သည်။ ။

> လူသားချင်း စာနာထောက်ထားမှုစကားလုံးကို အကာအကွယ်ယူ၍ ကိုယ်ကျိုးစီးပွား နှင့် နိုင်ငံရေးအမြတ်ထုတ်လိုမှုများကို မပြုလုပ်ကြရန်လည်း ဂရုပြုရမည်။ ယင်းစကား လုံးကို အသုံးပြု၍ ဖွံ့ဖြိုးဆဲနိုင်ငံငယ်များ၏ လူမှုအသိုင်းအဝိုင်းများအကြား ဝင်ရောက် စွက်ဖက် အကျပ်ကိုင်မှုများကြောင့် အမှန်တကယ် အလုပ်မဖြစ်ဘဲ ဆိုးကျိုးသံသရာ လည်နေရသည့် ဖြစ်စဉ်ဖြစ်ရပ်များကိုလည်း ကြည့်ရှုဆင်ခြင်ရမည်

ရန်ကုန်အမွေအနှစ်နေရာများ စုပေါင်းလမ်းလျှောက်လေ့လာ

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ ဧည့်လမ်းညွှန်အသင်းက ကြီးမှူး၍ ပထမဆုံးအကြိမ် ရန်ကုန်မြို့ပြအမွေအနှစ်နေရာများ စုပေါင်းလမ်းလျှောက်လေ့လာခြင်းကို ယနေ့နံနက်ပိုင်းက ရွှေတိဂုံစေတီတောင်ဘက်မုခ်မှ စတင်ထွက်ခွာရာ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဇ္ဇာမျိုးက လမ်းကြောင်းတစ်လျှောက် ပါဝင်လမ်းလျှောက်ကြည့်ရှုလေ့လာသည်။

The WALK FOR YANGON ခေါင်းစဉ်ဖြင့်ကျင်းပသည့် အဆိုပါ စုပေါင်း လမ်းလျှောက်လေ့လာခြင်းကို ရွှေတိဂုံစေတီမှ ဆူးလေစေတီအနီးဝန်းကျင်ရှိ ရှေးဟောင်းသမိုင်းဝင်နေရာများကို လမ်းလျှောက်လေ့လာကြခြင်းဖြစ်သည်။

အဆိုပါ လမ်းလျှောက်လေ့လာရာတွင် အဖွဲ့ ၁၄ ဖွဲ့ပါဝင်ပြီး အဖွဲ့ခေါင်းဆောင်များက ရွှေတိဂုံစေတီတောင်ဘက်မုခ်မှ ဆူးလေစေတီသို့ လမ်းတစ်လျှောက်ရှိ ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ၊ ဦးသန့်၊ စုဖုရားလတ်၊ ဒေါ်ခင်ကြည်၊ ဆရာကြီး သခင်ကိုတော်မှိုင်းတို့၏ အုတ်ဂူများ အစရှိသောနေရာများကို ဝင်ရောက်လေ့လာခဲ့ကြသည်။

လမ်းလျှောက်လေ့လာရေး အဖွဲ့သည် ရွှေတိဂုံစေတီလမ်းအတိုင်း ယင်းမှ ဗိုလ်ရာညွှန့်လမ်းအတိုင်း ထွက်ခွာကြပြီး ဗိုလ်ချုပ်ဈေးသို့ ဝင်ရောက်ကာ နောက်ဆုံး ဆူးလေတွင် ခရီးစဉ်ဆုံးမည်ဖြစ်သည်။ ဆူးလေစေတီအနီးပတ်ဝန်းကျင်ရှိရှေးဟောင်းအမွေအနှစ်များ၊ အဆောက်အအုံများ အကြောင်းကို ရန်ကုန်မြို့ ရှေးဟောင်းအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ရှင်းလင်းပြောဆိုခဲ့ကြောင်း သိရသည်။

မြင့်မောင်စိုး

ပခုက္ကူမြို့နယ် စဘေအရှေ့ကျေးရွာ၌ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

ပခုက္ကူ စက်တင်ဘာ ၈

ပခုက္ကူမြို့နယ် စဘေအရှေ့ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို စက်တင်ဘာ ၇ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

ပခုက္ကူခရိုင် လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် မြို့နယ်ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က စဘေကျေးရွာ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြပြီး ခရိုင်လျှပ်စစ်အင်ဂျင်နီယာမှူးနှင့် ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က အမှာစကားပြောကြားသည်။

ထိုလျှပ်စစ်မီးလင်းရေးလုပ်ငန်းများကို စဘေအရှေ့ကျေးရွာတွင် မြစိမ်းရောင်စီမံကိန်းမှ ငွေကျပ် သိန်း ၅၀၊ ကျေးရွာပြည်သူလူထု ထည့်ဝင်ငွေနှင့် မန္တလေးမြို့ နေရှင်နယ် (ဂက်စ်နှင့်ဂက်စ်မီးဖိုရောင်းဝယ်ရေး) မိသားစုတို့မှ စုစုပေါင်းငွေကျပ် ၄၃၆၅၇၄၃၄ ကျပ်တို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆလိုင်းကိုကီး

တက္ကသိုလ်ပါမောက္ခရာထူးရရှိပြီးသည့်နောက် လုပ်ဆောင်ရမည့်တာဝန်များ

တက္ကသိုလ်ပါမောက္ခဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်သည် ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်တိုင်း၌ ရာခိုင်နှုန်း အများဆုံး ဖော်ညွှန်းထားသည်မှာ စွမ်းစွမ်းတမံ လုပ်ဆောင်ထားသော သုတေသနလုပ်ငန်းများမှ ရရှိလာသည့် အကျိုးရလဒ်များကို ကျောင်းသား ကျောင်းသူများအတွက် ပါဝင်လုပ်ဆောင်ပေးခြင်းဖြင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှု အခန်းကဏ္ဍ၏ လိုအပ်ချက်ကို ဆောင်ရွက်ပေးရန် ဖြစ်သည်။ ထို့ပြင် ကျောင်းသား ကျောင်းသူများ၏ သုတေသနလုပ်ငန်းများ အောင်မြင်ရေးတွင် အကြံဉာဏ်များပေးခြင်း၊ ပံ့ပိုးကူညီပေးခြင်းသည်လည်း တိုင်းပြည် အနာဂတ်အတွက် လမ်းပြပေးသောသူများ ဖြစ်သည်ဟူ၍လည်း တင်စားရမည်ဖြစ်ပေသည်။ မြန်မာနိုင်ငံရှိ တက္ကသိုလ်နယ်မြေတစ်ခု၏ဌာနတစ်ခု၌ ပါမောက္ခတာဝန် ထမ်းဆောင်ရာတွင် တိုင်းပြည်၏အနာဂတ် ထွန်းတောက်လာစေရန်အတွက် ကျောင်းသား ကျောင်းသူများကို အတတ်ပညာ သင်ကြားပေးခြင်းအပြင် အသိပညာများကိုပါ အကျိုးအကြောင်း ဆီလျော်ထိမိအောင် သင်ကြားပေးရမည်ဖြစ်သည်။ သို့မှသာ တိုင်းပြည်ဖွံ့ဖြိုးမှုအပိုင်းတွင်လည်း တစ်ဖက်တစ်လမ်းမှ ပံ့ပိုးပေးခြင်းဖြင့် ယခုလျှောက်လှမ်းနေသော ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တည့်မတ်စွာရောက်ရှိလာမည် ဖြစ်ပေသည်။

အဓိကတာဝန်များ

တက္ကသိုလ်တစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုအပိုင်းအတွက် ဆရာ ဆရာမများမှ စာသင်ကြားရာတွင် ကျောင်းသား ကျောင်းသူများကို ပိုမိုထိရောက်စွာ သင်ကြားနိုင်ရန် အကြံဉာဏ်ကောင်းများပေးခြင်း၊ သုတေသနလုပ်ငန်းများတွင်လည်း ဦးဆောင်ပါဝင်ကူညီ ပံ့ပိုးပေးခြင်းများဖြင့် မြန်မာနိုင်ငံ၏ တက္ကသိုလ်များရှိ ပါမောက္ခဆရာ ဆရာမတိုင်း ထားရှိရမည့် အဓိကတာဝန်များပင် ဖြစ်သည်။ ပါမောက္ခတစ်ဦးဖြစ်လာလျှင် မိမိ၏စိတ်တွင် သိရှိထားရမည်မှာ သုတေသနလုပ်ငန်းများ လုပ်ဆောင်မှုနှင့် ကျောင်းသား ကျောင်းသူများ၏ သုတေသန လုပ်ဆောင်ချက်တိုင်း အောင်မြင်မှုရရှိနိုင်ရန် ထိထိရောက်ရောက် လုပ်ဆောင်ပေးရမည်ဖြစ်သည်။ တက္ကသိုလ်များသည် အစိုးရ၏ကူညီပံ့ပိုးမှုဖြင့် ရှင်သန်ရပ်တည်နေခြင်းဖြစ်ရာ ကျောင်းသား ကျောင်းသူများအတွက် လက်တွေ့လုပ်ဆောင်ချက်များ ပြုလုပ်ရာတွင် အားနည်းမှုများ ရှိခဲ့သော်လည်း ယခုအခါ ဒီမိုကရေစီခေတ်တွင် တက္ကသိုလ်တိုင်းအတွက် သင်ကြားမှုပိုင်းဆိုင်ရာများ၊ လက်တွေ့ လုပ်ဆောင်မှုပိုင်းဆိုင်ရာများတွင် အထိရောက်ဆုံးပံ့ပိုးမှုများလည်း ရရှိနေပြီ ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများသည် လက်တွေ့လုပ်ဆောင်ချက်များကို ထိထိမိမိ လုပ်ဆောင်ခြင်းဖြင့် ပံ့ပိုးကူညီမှုများကို တိုင်းပြည်အတွက် အကျိုးရှိစေရန် ဖော်ဆောင်ရမည် ဖြစ်ပေသည်။ တက္ကသိုလ်များ၌ တာဝန်ထမ်းဆောင်နေသော ပါမောက္ခအပါအဝင် ဆရာ ဆရာမများ သိရှိထားရမည့်အချက်မှာ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ လက်တွေ့လုပ်ဆောင်ရာတွင် အကျိုးရှိစွာ အသုံးချတတ်ရန် သင်ကြားပြသပေးခြင်းနှင့် ပံ့ပိုးကူညီပေးခြင်းများ ပြုလုပ်ပေးရမည် ဖြစ်သည်။

ပါမောက္ခတစ်ဦး၏အဓိကအရည်အချင်း

မြန်မာနိုင်ငံရှိ တက္ကသိုလ်တစ်ခု၏ ဘာသာရပ်ဆိုင်ရာ ဌာနတစ်ခုတွင် ပါမောက္ခတစ်ဦး၏ အဓိကအရည်အချင်းမှာ သုတေသနတစ်ခု ပြီးမြောက်အောင် လုပ်ဆောင်နိုင်ရမည် ဖြစ်ပေသည်။ ထိုသို့ ပညာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်သည် တက္ကသိုလ်တစ်ခု ဖြစ်တည်ဖွံ့ဖြိုးစေရာတွင် အဓိက အထောက်အကူတစ်ခုလည်းဖြစ်သည်။ ပါမောက္ခတစ်ဦးဖြစ်လာလျှင် မိမိပြုလုပ်ခဲ့သော သုတေသန အတိမ်အနက် လုပ်ဆောင်ချက်များကို ဆက်လက်၍ ဖြည့်ဆည်းလုပ်ဆောင်ခြင်း၊ ကျွမ်းကျင်ပိုင်နိုင်ခဲ့သော သုတေသနစာတမ်းများကို ဆက်လက်ရေးသားနိုင်ရန် လုပ်ဆောင်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်သည်။ ဤကိစ္စရပ်များကို လုပ်ဆောင်ရာတွင် ပါမောက္ခတစ်ဦးသည် မိမိဌာနတွင် မိမိပြုလုပ်ခဲ့သော သုတေသနနှင့် ဆက်စပ်နေသည့် လုပ်ငန်းစဉ်များကို စိတ်ဝင်စားကာ ဆက်လက်ပြုလုပ်လိုသော ဆရာ ဆရာမများ၊ သုတေသနပြုလုပ်နေသော ကျောင်းသား ကျောင်းသူများနှင့် ပူးပေါင်းလက်တွဲခြင်းဖြင့် ပိုမိုထိရောက်သော သုတေသနရလဒ်ကောင်းများ ထွက်ပေါ်လာမည် ဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ အဆင့်မြင့်ပညာဦးစီးဌာနမှ တက္ကသိုလ်တစ်ခုတွင် တွဲဖက်ပါမောက္ခရာထူးရရှိသူတစ်ယောက်သည် လုပ်သက်တစ်နှစ်ပြည့်ပါက ပါမောက္ခရာထူးရရှိမည် ဖြစ်သည်ဟူ၍လည်း သတ်မှတ်ချက်တစ်ခုရှိပါသည်။ သို့သော် တက္ကသိုလ်တစ်ခု၏ ဌာနတွင် ပါမောက္ခများ တစ်ပြိုင်တည်း တာဝန်ထမ်းဆောင်ရပါသော်လည်း ဌာန၏ အကြီးအကဲဌာနမှူးအဖြစ် သတ်မှတ်ဆုံးဖြတ်ရာတွင် လုပ်သက်အများဆုံးသည်သာ ဖြစ်ထိုက်သည် ဟူသောအချက်မှာ အဆင့်မြင့်ပညာဦးစီးဌာန၏ သတ်မှတ်ချက်တစ်ခုဖြင့် သတ်မှတ်ထားခြင်း မရှိပေ။ ထို့ကြောင့် တက္ကသိုလ်၏ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးတိုင်းသည် မိမိတက္ကသိုလ်သို့ တာဝန်ကျရောက်ရှိလာသော ပါမောက္ခများ၏ အရည်အချင်းများကို နှိုင်းယှဉ်ဝေဖန် စဉ်းစားဆုံးဖြတ်ကာ မည်သူသည် ဖြစ်သင့်သည်ဆိုသည့်အချက်ကို ခြုံငုံသုံးသပ်၍ ဌာန၏ အကြီးအကဲရာထူးကို ပေးအပ်ရမည် ဖြစ်ပေသည်။

အထိရောက်ဆုံးသောလုပ်ငန်းစဉ်

ပါမောက္ခရာထူးရရှိလာသည့်အချိန်တွင် မိမိတာဝန်ထမ်းဆောင်ရမည့်တက္ကသိုလ်သို့ ရောက်ရှိလာပါက မိမိယခင်က လုပ်ဆောင်ခဲ့သည့် သုတေသနလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်ရန်နှင့် ပံ့ပိုးပေးနိုင်ရန်အတွက် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများထံ တင်ပြရမည်ဖြစ်ပါသည်။ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ကျောင်းအုပ်ကြီးများကလည်း ကျောင်းသား ကျောင်းသူများ သုတေသနလုပ်ငန်းများကို ပိုမိုထိရောက်အောင် လုပ်ဆောင်နိုင်ရန်အတွက် ပါမောက္ခများထံမှ အကြံဉာဏ်များတောင်းခံခြင်း၊ ပါမောက္ခများ၏ တင်ပြမှုများအပေါ်တွင် ဖြည့်ဆည်းလုပ်ဆောင်ပေးခြင်းတို့ဖြင့် မိမိတက္ကသိုလ် ဖွံ့ဖြိုးရေးအတွက် အထိရောက်ဆုံးသောလုပ်ငန်းစဉ်ကို လုပ်ဆောင်နိုင်ကြမည်ဖြစ်ပေသည်။ နည်းပညာဆိုင်ရာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ

> **❛ ပါမောက္ခတာဝန်ထမ်းဆောင်သူများ၏ အဓိကအချက်ဖြစ်သော မိမိကျွမ်းကျင်သည့်ဘာသာရပ်များတွင် ဆရာ ဆရာမများ၏ သင်ကြားရေးအရည်အသွေးကို မြှင့်တင်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးခြင်း၊ သုတေသနလုပ်ငန်းများတွင် ဦးဆောင်ပြုလုပ်လာခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေခြင်းတို့သည် တက္ကသိုလ်၏ ပင်မအရည်အသွေးမြှင့်တင်ရေးအတွက် အရေးအကြီးဆုံးသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ် ❜**

တက္ကသိုလ်ပညာရေး တိုးတက်မြင့်မားလာစေရန်အတွက် ပါမောက္ခများအနေဖြင့် ပညာရေးဝန်ကြီးဌာနမှ တောင်းခံလာသော မိမိ၏ဘာသာရပ်ပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတို့နှင့် စပ်လျဉ်း၍ အကြံဉာဏ်ကောင်းများ ပေးခြင်း၊ ခြုံငုံသုံးသပ်လေ့လာပေးခြင်းတို့ကို ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

အထောက်အပံ့တစ်ခုဖြစ်

ပါမောက္ခတစ်ဦးအဖြစ် ရပ်တည်မှုတွင် မိမိကျွမ်းကျင်သော ပညာရပ်ပိုင်းဆိုင်ရာများကို ဖြန့်ဝေပို့ချခြင်းသည်လည်း အရေးအကြီးဆုံးကဏ္ဍတစ်ရပ်ပင် ဖြစ်ပေသည်။ အများအားဖြင့် ပါမောက္ခတစ်ဦးသည် သင်ကြားရေးအုတ်မြစ်ကိုတည်ဆောက်ရာတွင် ပိုမိုခိုင်မာစေရန်အတွက် ပံ့ပိုးလုပ်ဆောင်ပေးရမည်ဖြစ်သည်။ ထို့ကြောင့် ပါမောက္ခတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ချိန်တွင် တက္ကသိုလ်ကျောင်းသား ကျောင်းသူများ၏ သင်ခန်းစာများတွင် ပါဝင်သော ပညာပိုင်းဆိုင်ရာ အတိမ်အနက် ရှုထောင့်များ၊ အတွေးအခေါ်ပိုင်းဆိုင်ရာ ခြုံငုံသုံးသပ်ချက်များကို မိမိဌာနတွင်းရှိ ဆရာ ဆရာမများအတွက် ဖြန့်ဝေပို့ချရမည် ဖြစ်ပေသည်။ ပါမောက္ခတာဝန် ထမ်းဆောင်သူတိုင်းသည် အများအားဖြင့် ကျောင်းသား ကျောင်းသူများ၏ သင်ကြားရေးပိုင်းဆိုင်ရာများတွင် ထိတွေ့မှု နည်းပါးလာသော်လည်း ဌာနတွင်းရှိ မိမိကျွမ်းကျင်သော ဘာသာရပ်ဆိုင်ရာများကို သင်ကြားမည့် ဆရာ ဆရာမများအား လက်ဆင့်ကမ်းပေးဝေခြင်းဖြင့် တက္ကသိုလ်၏ အရည်အသွေးမြှင့်တင်မှုပိုင်းဆိုင်ရာ ဆောက်ရွက်ခြင်းအတွက် အထောက်အပံ့တစ်ခုလည်း ဖြစ်ပေသည်။ ဌာနရှိ ပြဌာန်းထားသော သင်ရိုးညွှန်းတမ်းဘာသာရပ်များကို ခြုံငုံသုံးသပ်ဝေဖန် ပိုင်းခြားမှုများ ပြုလုပ်ရမည်ဖြစ်ပြီး ဆရာ ဆရာမများက တင်ပြလာသော ဘာသာရပ်ဆိုင်ရာ အခက်အခဲများကို လေ့လာဆန်းစစ်ခြင်းဖြင့် လိုအပ်သည်များကို ဖြည့်ဆည်းပေးမှုများကြောင့် သင်ကြားမှု၊ သင်ယူမှုပိုင်းဆိုင်ရာများတွင် ထိရောက်အောင် လုပ်ဆောင်နိုင်မည်ဖြစ်သည်။

လမ်းပြညွှန်ကြား

ပါမောက္ခတာဝန်ထမ်းဆောင်သူများ၏ အဓိကအချက်ဖြစ်သော မိမိကျွမ်းကျင်သည့် ဘာသာရပ်များတွင် ဆရာ ဆရာမများ၏ သင်ကြားရေးအရည်အသွေးကို မြှင့်တင်နိုင်ရန်အတွက် ကူညီပံ့ပိုးပေးခြင်း၊ သုတေသနလုပ်ငန်းများတွင် ဦးဆောင်ပြုလုပ်လာခြင်းဖြင့် အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေခြင်းတို့သည် တက္ကသိုလ်၏ ပင်မအရည်အသွေးမြှင့်တင်ရေးအတွက် အရေးအကြီးဆုံးသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်။ ဌာန၏ ဘာသာရပ်ပြဌာန်းမှုများတွင်လည်း ဘာသာရပ်တစ်ခုချင်းစီ၏ Syllabus နှင့် Lecture Plans များမှတစ်ဆင့် သင်ကြားလိုက်ခြင်းမှ ရရှိလာသော ရည်ရွယ်ချက်များနှင့် ဖြစ်ပေါ်လာမည့် Learning Outcomes များကို လေ့လာသုံးသပ်ခြင်း၊ ထိုမှတစ်ဆင့် သင်ယူမည့်ကျောင်းသား ကျောင်းသူများကို ထိရောက်စွာသင်ကြားပေးနိုင်ရန် လမ်းပြညွှန်ကြား လုပ်ဆောင်ပေးရမည်ဖြစ်သည်။

အထောက်အကူဖြစ်စေမည်

သုတေသနပြုလုပ်သော ကျောင်းသား ကျောင်းသူများကို စာတွေ့၊ လက်တွေ့ သင်ကြားပေးခြင်းအပြင် သုတေသနတိုးတက်မှုပိုင်းဆိုင်ရာများ ပြုလုပ်ရာတွင် အမြဲမပြတ် လေ့လာဆန်းစစ်ပေးခြင်း၊ ခက်ခဲနက်နဲသော သုတေသနပိုင်းဆိုင်ရာများတွင် ကူညီဖြည့်တင်းပေးခြင်းဖြင့် လက်တွဲဖတ်ရှုလေ့လာပေးမှုများကို ပြုလုပ်ရမည်ဖြစ်သည်။ ပါမောက္ခများအပါအဝင် သုတေသနကျမ်းကြီးကြပ်သူများသည် သုတေသနပြုလုပ်သော ကျောင်းသား ကျောင်းသူများ၏ အခက်အခဲများကို ကူညီလုပ်ဆောင်ပေးနိုင်ရန်အတွက် သုတေသနလုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးသုံးသပ်ပေးခြင်း၊ သုတေသနကျမ်းပြုစုသူများ အနေဖြင့် သုတေသနနှင့်ပတ်သက်သော စာတမ်းများကို ဖတ်ရှုရာတွင် အခက်အခဲရှိနေပါက ကျွမ်းကျင်မှုရှိစေရန်အတွက် ပြသပေးခြင်း၊ ကျွမ်းကျင်သူများအနေဖြင့်လည်း သုတေသနစာတမ်းများဆွေးနွေးရာတွင် ကျောင်းသား ကျောင်းသူများ၏ အရည်အသွေး၊ အရည်အချင်းများကို လေ့လာသုံးသပ်ခြင်းဖြင့် မေးခွန်းများ ထောက်ရှုမေးမြန်းခြင်းနှင့် သုတေသနပြုလုပ်နေသော ကျောင်းသား ကျောင်းသူများ၏ မဖြေကြားနိုင်သော အကြောင်းအချက်များအပေါ်တွင် ဆက်လက်လုပ်ဆောင်နိုင်ရန် အကောင်းဆုံး အကြံဉာဏ်များပေးခြင်းတို့ဖြင့် ပြုမူလုပ်ဆောင်ပါက တိုင်းပြည်၏ အနာဂတ်အတွက် ထွန်းတောက်လာမည့် လူငယ်များကို မွေးထုတ်ပေးရာတွင်လည်း အထောက်အကူဖြစ်စေမည်ဖြစ်ပါသည်။ သုတေသနနှင့်ပတ်သက်သော နည်းပညာပိုင်းဆိုင်ရာ လုပ်ဆောင်မှုများကြောင့် ကျောင်းသား ကျောင်းသူများသည် တတ်ကျွမ်းနားလည်မှုရှိလာပြီး သုတေသနပြုလုပ်မှုပိုင်းဆိုင်ရာများ ဆောင်ရွက်ရာတွင်လည်း ကျွမ်းကျင်ပညာရှင်အဆင့်သို့ ရောက်ရှိကာ သုတေသန၏အတိမ်အနက်ကို သိရှိခြင်းဖြင့် လိုရာပန်းတိုင်သို့ ရောက်ရှိ၍ တိုင်းပြည် တိုးတက်မြင့်မားမှုတွင် များစွာအထောက်အကူပြုမည် ဖြစ်ပေသည်။

ပါမောက္ခတစ်ဦးအနေဖြင့် သုတေသနပြုလုပ်ရာတွင် မိမိကိုယ်တိုင်ပါဝင်ဆွေးနွေးမှုကို သက်သေပြုရန် သုတေသနကျမ်းပြုလုပ်သည့် ကျောင်းသား ကျောင်းသူများအတွက် စာတမ်းများကို ဖတ်ရှုလေ့လာခြင်းဖြင့် မိမိ၏ သုတေသနကျမ်းပြုစုနေသည်ဟု မှတ်ယူ၍ အကြံဉာဏ်ကောင်းများပေးခြင်း၊ သုတေသနကို ဆက်လက်လေ့လာသုံးသပ်နိုင်ရန် တင်ပြခြင်းများအပေါ် ကူညီဖေးမပြောဆိုမှုများဖြင့် မိမိကိုယ်တိုင် ပါဝင်လုပ်ဆောင်ရမည် ဖြစ်သည်။

တက္ကသိုလ်ပါမောက္ခတစ်ဦး(I.T)

ကမ္ဘာတစ်ဝန်းရှိ တက္ကသိုလ်များအား အဆင့်အတန်း မြှင့်တင်ရာတွင် သုတေသနရလဒ်ကောင်းများ ထွက်ရှိရေးသည် အဓိကသော့ချက်ပင် ဖြစ်ပေသည်။ ထို့အတူ မြန်မာနိုင်ငံတွင်လည်း သုတေသန ရလဒ်ကောင်းများထွက်ရှိရန် အလို့ငှာ တက္ကသိုလ်ကြီးများအတွက် သုတေသနစင်တာများ ထူထောင်နိုင်ရန်အတွက် အစိုးရက ငွေကြေးထောက်ပံ့မှုများစွာ ကူညီပံ့ပိုးထားပါသည်။ ထို့ကြောင့် ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ အပါအဝင် တက္ကသိုလ်များရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် သုတေသနရလဒ်ကောင်းများ ထွက်ရှိရေးအတွက် အားလုံးပူးပေါင်းပါဝင်၍ ကောင်းမွန်သော ဆုံးဖြတ်ချက်များဖြင့် မိမိအတွက် အကျိုးအမြတ်ရရှိနိုင်မှု တဒင်္ဂရုပ်ပြလုပ်မှုကိုသာ မပြုလုပ်ဘဲ မိမိတာဝန်ထမ်းဆောင်ရာ တက္ကသိုလ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အဓိက လုပ်ဆောင်ကြရမည်ဖြစ်သည်။ တက္ကသိုလ်တစ်ခု၏ လှပသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးသည် တဒင်္ဂအမြင်ပြသခြင်းဖြင့် မရပ်တည်ဘဲ ရေရှည်တည်ဆောက်မှုတစ်ခု ပြုလုပ်ရာတွင် တက္ကသိုလ်အသီးသီးရှိ ဝန်ထမ်းတိုင်း၏ စိတ်တွင် တာဝန်တစ်ခုအဖြစ် ဆောင်ရွက်ရမည်ဖြစ်သည်။

သတိပြုရမည်

ပါမောက္ခတစ်ဦး၏ တာဝန်ယူမှုပိုင်းဆိုင်ရာတွင် ရလဒ်ကောင်းများထွက်ရှိရေးအတွက် ဌာနတွင်းရှိ ဌာနလုပ်ငန်းတာဝန်များအပြင် တက္ကသိုလ်အသီးသီး၏ ဘာသာရပ်ဆိုင်ရာ ညှိနှိုင်းစည်းဝေးမှုများတွင်လည်း ပါဝင်လုပ်ဆောင်ရမည်ဖြစ်သည်။ အဓိကလုပ်ငန်းစဉ်မှာ ဘာသာရပ်ဆိုင်ရာများ ဖွံ့ဖြိုးမှုအတွက် လေ့လာမှတ်သားခြင်း၊ ဆရာ ဆရာမများအတွက် ပညာရပ်ဆိုင်ရာများ ပိုမိုကျွမ်းကျင်မှုရှိစေရန် ဖြန့်ဝေပေးခြင်းနှင့် သုတေသနလုပ်ငန်းများတွင်လည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆွေးနွေးညွှန်ကြားပြောဆိုခြင်းများ ပြုလုပ်ရမည်ဖြစ်သည်။ ထိုသို့ ပါမောက္ခတစ်ဦး၏ လုပ်ငန်းစဉ်များကို ပြုလုပ်ရာတွင် အစဉ်တစိုက် လုပ်ဆောင်နိုင်ရန်အတွက် တာဝန်ပေးအပ်ထားသော ဌာနရှိ လုပ်ငန်းစဉ်များကို လုပ်ဆောင်မှုများအပြင် သုတေသနလုပ်ငန်း လုပ်ဆောင်ခြင်းများ လျော့နည်းမှုမရှိစေရန်အတွက် မိမိ၏အရည်အချင်းများကို အမြဲမပြတ် တိုးတက်မြင့်မားစေရန် သုတေသနစာတမ်းဖတ်ပွဲများ တက်ရောက်ခြင်း၊ အပြည်ပြည်ဆိုင်ရာ သုတေသနစာတမ်းဖတ်ပွဲများတွင် မိမိကိုယ်တိုင်သုတေသနနှင့်သက်ဆိုင်သော စာတမ်းများ ပြုစုခြင်း၊ သုတေသနဂျာနယ်များ တင်သွင်းရေးသားခြင်းများ ပြုလုပ်ခြင်းတို့ကြောင့် တက္ကသိုလ်၏ အရည်အသွေး တိုးတက်မြင့်မားမှု ပြယုဂ်တစ်ခုအဖြစ်ရပ်တည်နိုင်ရန် အထောက်အကူတစ်ရပ်ဖြစ်ကြောင်းကိုလည်း သတိပြုရမည်ဖြစ်သည်။

ကောင်းမွန်သင့်မြတ်သောလုပ်အားများ

ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ အပါအဝင် တက္ကသိုလ်ရှိ တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများသည် မိမိနှင့်သက်ဆိုင်သော ထမ်းဆောင်ရမည့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ခြင်းသာမက နိုင်ငံတော်တိုးတက်ရေးအတွက် အသိပညာ၊ အတတ်ပညာများနှင့်ပြည့်စုံသော ကျောင်းသား ကျောင်းသူများ မွေးထုတ်ပေးနိုင်ရန်အတွက် စိတ်စေတနာကောင်းများ ထားရှိခြင်းဖြင့် လုပ်ငန်းပိုမိုလည်ပတ်ကာ ကောင်းမွန်သင့်မြတ်သော လုပ်အားများအဖြစ် တည်ဆောက်ရပ်တည်ကြရမည် ဖြစ်သည်။

ပါမောက္ခတာဝန် ထမ်းဆောင်နေသည့်သူများသာမက တက္ကသိုလ်တစ်ခုလုံးရှိ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဌာနမှူးများ၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ အပါအဝင် တက္ကသိုလ်ရှိ တာဝန်ထမ်းဆောင်နေသော အစိုးရဝန်ထမ်းများအားလုံးသည် ဉာဏစွမ်းအား၊ ဝီရိယစွမ်းအားတို့ စိုက်ထုတ်ခြင်းဖြင့် တက္ကသိုလ်များ၏ ဖွံ့ဖြိုးမှုအတွက် ပံ့ဖော်အသက်သွင်းကာ တိုင်းပြည်၏ အနာဂတ်တွင် အရည်အချင်း၊ အရည်အသွေးရှိသော လူငယ်များ ပေါ်ထွန်းနိုင်ရေးအတွက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့ ဟူ၍ တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါသည်။

ပြည်တွင်း၊ ပြည်ပက ရင်းနှီးမြှုပ်နှံလိုတဲ့ လုပ်ငန်းရှင်တွေက စိတ်ဝင်စားမှုပိုမိုများပြားလာပြီး သတ္တုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူအများကြီး ပြုလာတော့မှာဖြစ်ပါတယ်

ဦးခင်လတ်ကြီး

သတ္တုကဏ္ဍနှင့်ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

ရှင်မင်းနှင့် အဖွဲ့

သတ္တုကဏ္ဍနှင့်ဆက်စပ်သည့် နိုင်ငံ့စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ခဲ့ရာ အဆိုပါစကားဝိုင်းဆွေးနွေးပွဲတွင် ဦးခင်လတ်ကြီး (ညွှန်ကြားရေးမှူးချုပ်၊ သတ္တုတွင်းဦးစီးဌာန)၊ ဒေါက်တာရဲမြင့်ဆွေ (ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန)၊ ဦးအောင်ညွန့်သိန်း (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း)၊ ဦးထွန်းလင်းရှိန် (မန်နေဂျင်းဒါရိုက်တာ၊ မြောက်ကျွန်းသူမမ သတ္တုတူးဖော်ရေးကုမ္ပဏီ) နှင့် ဦးဇော်ဘိုခန့် (ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း) တို့က ပါဝင်ဆွေးနွေးကြသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်။

ဦးခင်လတ်ကြီး(ညွှန်ကြားရေးမှူးချုပ်)သတ္တုတွင်းဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဒေါက်တာရဲမြင့်ဆွေ(ညွှန်ကြားရေးမှူးချုပ်)
ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ဦးထွန်းလင်းရှိန် (Chairman)
International Inventors For Mineral Development Association

အစီအစဉ်မှူး။ ။ ဒီကနေ့ စကားဝိုင်းအစီအစဉ်မှာတော့ သတ္တုနဲ့ ကျောက်မျက်ကဏ္ဍ အကြောင်းအရာတွေကို ဆွေးနွေးတင်ဆက်သွားမှာဖြစ်ပါတယ်။ ပထမဦးစွာ သတ္တုကဏ္ဍဟာ နိုင်ငံတော်ရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးတဲ့ အခန်းကဏ္ဍက ပါဝင်နေသလို သတ္တုတွင်းလုပ်ငန်းတွေကိုလည်း စနစ်တကျ စီမံဆောင်ရွက်ဖို့အတွက်လည်း ဥပဒေ၊ နည်းဥပဒေတွေဟာ အရေးကြီးတယ်လို့ သိရပါတယ်။ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အနေနဲ့ မြန်မာ့သတ္တုတွင်း ဥပဒေ၊ နည်းဥပဒေတွေနဲ့ပတ်သက်လို့ အများပြည်သူများနဲ့ ရင်းနှီးမြှုပ်နှံနေတဲ့ လုပ်ငန်းရှင်တွေ သိရှိအောင်ရှင်းပြပေးရင်းနဲ့ စီးပွားရေးစကားဝိုင်းကို စတင်ခွင့်ပြုပါ။

ဦးခင်လတ်ကြီး။ ။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သတ္တုကဏ္ဍအနေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးတဲ့ဌာနဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံဟာ ဓာတ်သတ္တုသယံဇာတတွေ ပေါကြွယ်ဝတဲ့နိုင်ငံဖြစ်ပါတယ်။ ဒီပေါကြွယ်ဝတဲ့ သယံဇာတတွေကို နိုင်ငံတော်ရဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေ ဆောင်ရွက်တဲ့အခါမှာ စီမံခန့်ခွဲမှုကောင်းမှုဖြစ်ပါမယ်။

ဒါကြောင့် ၁၉၉၄ ခုနှစ်မှာ ထုတ်ပြန်ခဲ့တဲ့ မြန်မာ့သတ္တုတွင်းဥပဒေကို နိုင်ငံတော်ရဲ့ ပြောင်းလဲနေတဲ့ နိုင်ငံရေး၊ စီးပွားရေးမူဝါဒတွေနဲ့အညီ ပြုပြင်ပြောင်းလဲနိုင်ဖို့အတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလမှာ ပြင်ဆင်ချက်ဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ပြင်ဆင်တဲ့ ဥပဒေနဲ့လိုက်လျောညီထွေဖြစ်ပြီးတော့မှ သတ္တုတွင်းလုပ်ငန်းတွေကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့၊ သတ္တုတူးတဲ့လုပ်ငန်းတွေမှာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းတွေကို အလေးအနက်ထား ဆောင်ရွက်နိုင်ဖို့နဲ့ သတ္တုတူးဖော်ပြီးရင် မိုင်းပိတ်သိမ်းတဲ့လုပ်ငန်းတွေကို စနစ်တကျ စီမံဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်နေ့မှာ မြန်မာ့သတ္တုတွင်း နည်းဥပဒေအသစ်ကို ပြဋ္ဌာန်းနိုင်ခဲ့ပြီဖြစ်ပါတယ်။

ယခင်ကာလတွေကတော့ သတ္တုတူးဖော်မှု လုပ်ငန်းတွေကို ပြည်ထောင်စုကပဲ တာဝန်ယူထားတာဖြစ်ပါတယ်။ နည်းဥပဒေအသစ်မှာတော့ တိုင်းဒေသကြီး၊ ပြည်နယ်က ဆောင်ရွက်ခွင့်ရှိတဲ့ ဓာတ်သတ္တုတွေကို အသေးစားနဲ့ လက်လုပ်လက်စားလုပ်ငန်းများအား တိုင်းဒေသကြီးနဲ့ ပြည်နယ်အစိုးရအဖွဲ့တွေက စီမံဆောင်ရွက်နိုင်ဖို့ ဖြစ်ပါတယ်။ အကြီးစားနဲ့ အလတ်စားထုတ်လုပ်မှုလုပ်ငန်းတွေကို ပြည်ထောင်စုကပဲ ဆက်လက်ပြီး တာဝန်ယူသွားမှာ ဖြစ်ပါတယ်။

ဒါ့အပြင် လက်ရှိပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ ယုံကြည်စိတ်ချစွာ ရင်းနှီးမြှုပ်နှံနိုင်ဖို့အတွက် ပြင်ဆင်တဲ့ မြန်မာ့သတ္တုတွင်းဥပဒေ ၁၁(က)မှာဆိုရင် ခွင့်ပြုမိန့်ရရှိထားတဲ့ လုပ်ငန်းရှင်က ဓာတ်သတ္တုရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်း၊ ဖြစ်မြောက်နိုင်စွမ်း လေ့လာခြင်းတွေကို အဆင့်ဆင့် အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီး ထုတ်လုပ်မှုကူးပြောင်းမယ်ဆိုရင် ထုတ်လုပ်မှုလုပ်ငန်းတွေကို သတ်မှတ်ချက်နဲ့ ညီညွတ်ရင် ဆောင်ရွက်ပေးရမယ်ဆိုတဲ့ အချက်က ဥပဒေမှာ အခိုင်အမာပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။ ဥပဒေ၊ နည်းဥပဒေဖြစ်ပေါ်လာတဲ့ နောက်ပိုင်းမှာတော့ ပြည်တွင်း၊ ပြည်ပက ရင်းနှီးမြှုပ်နှံလိုတဲ့ လုပ်ငန်းရှင်တွေက စိတ်ဝင်စားမှု ပိုမိုများပြားလာပြီး သတ္တုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူအများကြီး ပြုလာတော့မှာဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ DG ရဲ့ ဖြေကြားမှုနဲ့ ပတ်သက်ပြီး ဦးထွန်းလင်းရှိန်ကို တစ်ခုမေးချင်ပါတယ်။ သတ္တုတွင်းဥပဒေ၊ နည်းဥပဒေနဲ့ပတ်သက်ပြီးတော့ ညွှန်ချုပ်ကြီးကလည်း ရှင်းလင်းပြောကြားသွားခဲ့ပါပြီ၊ ဒီသတ္တုတွင်းနည်းဥပဒေအသစ် ပြဋ္ဌာန်းပြီးတဲ့ နောက်ပိုင်းမှာ သတ္တုလုပ်ငန်းလုပ်ကိုင်တဲ့သူတွေအနေနဲ့ ဆောင်ရွက်ရမှုတွေမှာ ပိုမိုကောင်းမွန်မှု ရှိသလား၊ တားမြစ်ကန့်သတ်ချက်တွေ ရှိသလား၊ ဘယ်လိုအခက်အခဲတွေရှိသလဲ၊ အားသာချက်၊ အားနည်းချက်တွေကို လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ ရှင်းလင်းဆွေးနွေးပေးပါ။

> **သတ္တုလုပ်ငန်းဆိုတာ သတ္တုတူးတယ်။ တူးတဲ့အခါမှာ တူးရင်းနဲ့၊ စမ်းသပ်ရှာရင်းနဲ့လည်း တွေ့လာတဲ့အရာတွေရှိတယ်ဆိုရင် အသေးစားကနေ အလတ်စားကူးပြောင်းဖို့အတွက် နည်းဥပဒေထဲမှာ ထည့်ပေးထားပါတယ်။ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်တွေအတွက်ကလည်း ကောင်းတဲ့အချက်က နိုင်ငံခြားကုမ္ပဏီတွေနဲ့လည်း ပူးပေါင်းပြီးတော့ ဆောင်ရွက်လို့ရပါတယ်။ နောက်တစ်ခုက ပါမစ်တစ်ခုကို လွှဲပြောင်းခွင့်တစ်ဦးတစ်ယောက်ကနေ နောက်တစ်ဦးတစ်ယောက်ကို လွှဲပြောင်းခွင့်ကိုလည်း တရားဝင်ထည့်ထားပေးတာ တွေ့ရပါတယ်**

ဦးထွန်းလင်းရှိန်။ ။ DG ပြောသွားသလိုပါပဲ၊ သတ္တုတွင်းနည်းဥပဒေ ထုတ်ပြန်လိုက်တဲ့ အခါကျတော့ ပြည်တွင်းလုပ်ငန်းရော၊ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေပါ ပိုမိုဝင်ရောက်လာပြီး ရင်းနှီးမြှုပ်နှံမှုလုပ်ဖို့အတွက် ပိုပြီးတော့ အဆင်ပြေသွားတဲ့ အပိုင်းတွေရှိတယ်။ ဥပဒေအသစ်ရဲ့ အားသာချက်က ပါမစ်အမျိုးအစားမျိုးစုံမှာ လက်လုပ်လက်စားပါမစ်ရှိတယ်။ အသေးစားပါမစ်ရှိတယ်၊ အလတ်စား ပါမစ်ရှိတယ်၊ အကြီးစားပါမစ်ရှိတယ်၊ ပါမစ်မျိုးစုံမှာလည်း ပါမစ်တစ်ခုကနေ တစ်ခုကို ကူးပြောင်းဖို့ အခွင့်အရေးလည်းပေးထားတာ တွေ့ရပါတယ်။

သတ္တုလုပ်ငန်းဆိုတာ သတ္တုတူးတယ်။ တူးတဲ့အခါမှာ တူးရင်းနဲ့၊ စမ်းသပ်ရှာရင်းနဲ့လည်း တွေ့လာတဲ့အရာတွေရှိတယ်ဆိုရင် အသေးစားကနေ အလတ်စား ကူးပြောင်းဖို့အတွက် နည်းဥပဒေထဲမှာ ထည့်ပေးထားပါတယ်။ ပြည်တွင်း ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းရှင်တွေအတွက်ကလည်း ကောင်းတဲ့အချက်က နိုင်ငံခြားကုမ္ပဏီတွေနဲ့လည်း ပူးပေါင်းပြီးတော့ ဆောင်ရွက်လို့ရပါတယ်။ နောက်တစ်ခုက ပါမစ်တစ်ခုကို တစ်ဦးတစ်ယောက်ကနေ နောက်တစ်ဦးတစ်ယောက်ကို လွှဲပြောင်းခွင့်ကိုလည်း တရားဝင်ထည့်ထားပေးတာ တွေ့ရပါတယ်။

အရင်နည်းဥပဒေတွေထက်စာရင် ပိုပြီးတော့ အားသာတဲ့ အားသာချက်တွေပါ။ ဒီအချက်အလက်တွေ ထည့်ထားတာဖြစ်တဲ့အတွက် စီးပွားရေးလုပ်တဲ့အခါမှာ၊ သတ္တုလုပ်ငန်းလုပ်တဲ့အခါမှာ ပိုမိုလက်တွေ့ကျကျ အချိန်တွေနဲ့ ဆောင်ရွက်လို့ရတယ်။ ပိုပြီးတော့ မြန်မြန်ဆန်ဆန် ဆောင်ရွက်လို့ရမယ်လို့ မြင်ပါတယ်။ ပါမစ်တစ်ခုကနေ တစ်ခုကို ပြောင်းတဲ့လုပ်ငန်းစဉ်၊ အသေးစားကနေ အလတ်စားကို ကူးပြောင်းမယ်ဆိုရင်(သ-၂) အဆင့် သတ္တုတိုင်းတာရေး အစီရင်ခံစာတင်ပြရမယ်လို့ သိရပါတယ်။ တင်ပြတဲ့အခါမှာ နည်းဥပဒေအသစ် ထွက်လာတာ မကြာသေးတာဖြစ်တဲ့အတွက် (သ-၂)အစီရင်ခံစာတင်ပြမှုတွေအတွက် အချိန်ကြန့်ကြာမှုတွေရှိပါတယ်။ အဲဒါလေးတွေအတွက် ဝန်ကြီးဌာနက ဘယ်လိုများ စီမံဆောင်ရွက်ထားတာရှိပါသလဲခင်ဗျာ။

ဦးခင်လတ်ကြီး။ ။ ဒီမေးခွန်းလေးက ကောင်းပါတယ်ခင်ဗျ။ လက်ရှိကျွန်တော်တို့ သတ္တုကဏ္ဍမှာ လုပ်ငန်းရှင်တွေ တော်တော်များများက ဒီမေးခွန်းတွေကို ဖုန်းနဲ့လည်းမေးပါတယ်။ လူကိုယ်တိုင်လည်းမေးပါတယ်။ အဓိကတော့ နည်းဥပဒေအဟောင်းမှာက အသေးစားလုပ်ကွက်တွေရဲ့ ဧရိယာသတ်မှတ်ချက်တွေက နည်းဥပဒေအသစ်မှာဆိုရင် အလတ်စားဧရိယာထဲ ဖြစ်လာတယ်။ ဖြစ်လာတော့ နည်းဥပဒေအသစ်မှာ အလတ်စား ကူးပြောင်းမယ်ဆိုရင် (သ-၂)အဆင့် သတ္တုသိုက်ပမာဏ အစီရင်ခံစာ တင်ရတယ်။ ဖြစ်မြောက်နိုင်စွမ်းလေ့လာရေး အစီရင်ခံစာတွေ တင်ရတယ်။ ဦးထွန်းလင်းရှိန်ဆွေးနွေးသလိုပဲ အချိန်ယူရမှာဖြစ်တယ်။ ကျွန်တော်တို့ဆီမှာ လက်ရှိ ဓာတ်သတ္တု အသေးစားထုတ်လုပ်ခွင့်ရထားတဲ့ ကုမ္ပဏီတွေ တချို့က သက်တမ်းကျော်နေပြီ၊ အလတ်စားပြောင်းဖို့ကျတော့လည်း အစီရင်ခံစာရေးဖို့က အချိန်ကလိုသေးတယ်။ တချို့ဆို နဂိုနည်းဥပဒေအဟောင်းတုန်းက ဓာတ်သတ္တု အသေးစား လုပ်ငန်းကို လျှောက်ထားတယ်။ ဓာတ်သတ္တု အသေးစား ထုတ်လုပ်ခွင့် ပြောင်းတဲ့အခါမှာ ကြားထဲမှာ ကွာဟချက်ဖြစ်နေတာရှိတယ်။ မူလအတိုင်း နည်းဥပဒေအဟောင်းတိုင်းဆိုရင် အသေးစားထုတ်လုပ်မှုနဲ့ သွားရမှာဖြစ်တယ်။ နည်းဥပဒေအသစ်ထွက်တာကြောင့် အလတ်စား ပြောင်းရမှာဖြစ်တယ်။ သူ့အတွက်ကလည်း အချိန်ယူရမှာဖြစ်ပါတယ်။ နောက်တစ်ခါ ယခင်နည်းဥပဒေအဟောင်းအတိုင်းပဲ အသစ်လျှောက်တဲ့ လုပ်ငန်းရှင်တွေလည်းရှိတယ်။

တချို့ဆိုရင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထား မှတ်ချက်တွေပါတယ်။ အချက်အလက်၊ အထောက်အထားတွေက ပြည့်စုံနေတဲ့ အနေအထားရှိတယ်။ ဒီအဖွဲ့တွေဆိုရင် ဧရိယာသတ်မှတ်ချက်ကျတော့ အလတ်စားထဲသွားဝင်နေတယ်။ ဒီဟာတွေကို အတိုင်းအတာတစ်ခုအထိ ဆောင်ရွက်နိုင်ဖို့ ကျွန်တော်တို့ဝန်ကြီးဌာန EC မှာ အကြိမ်ကြိမ်ဆွေးနွေးပြီးတော့မှ သက်တမ်းကာလမပျက်ဖို့အတွက် ဒီဟာတွေကို အသေးစားကနေ အလတ်စား ပြောင်းတဲ့အချိန်မှာ ကူးပြောင်းတဲ့ကာလလေးတစ်ခုပေးပြီးတော့မှ ၂၀၁၉ ခုနှစ် မေ ၃၁ ရက်နေ့အထိ နည်းဥပဒေအဟောင်းအတိုင်းပဲ အသေးစားထုတ်လုပ်ခွင့်ကို ဆက်ပြီး ပေးသွားပါမယ်။ ဒီကြားထဲမှာတော့ လုပ်ငန်းရှင်တွေက အလတ်စားကူးပြောင်းမယ်ဆိုရင် နည်းဥပဒေအသစ်အတိုင်းပဲ (သ-၂)အဆင့် သတ္တုသိုက် ပမာဏကိုတွက်ချက်ပြီး တင်မယ်ဆိုရင် လုပ်ငန်းတွေကို ဖြေလျှော့ဖို့စီမံဆောင်ရွက်ထားတာဖြစ်ပါတယ်။

ဦးထွန်းလင်းရှိန်။ ။ ဟုတ်ကဲ့၊ တော်တော်လေး အဆင်ပြေပါတယ်ခင်ဗျာ။ ကျွန်တော်တို့က သက်တမ်းတွေ ဆက်ပြီးတော့ တိုးပေးထားမှာဖြစ်တဲ့အတွက် ဒီကြားထဲမှာ အချိန်ကွာဟချက်မရှိတော့ဘဲနဲ့(သ-၂) အဆင့် အစီရင်ခံစာကို ၃၁ ရက်နေ့ ၅ လပိုင်းမှာ တင်ပြနိုင်တယ်ဆိုရင် အလွယ်တကူကူးပြောင်းလို့ရမှာ ဖြစ်ပါတယ်။ တော်တော်လေးအဆင်ပြေပါတယ်ခင်ဗျာ။

ဦးခင်လတ်ကြီး။ ။ ဒီအချိန် ကွာဟချက်မထားရင် သက်တမ်းကလည်း လက်ရှိကုန်နေပြီ (သ-၂) အစီရင်ခံစာရေးမယ်ဆိုရင် ဒီထဲကိုပြန်ဝင်ရမယ်။ သူ့မှာလည်း အခွင့်အရေးက နည်းသေးတော့ မလိုလားအပ်တဲ့ ပြဿနာတွေဖြစ်နိုင်တယ်။ တချို့လည်း လုပ်ငန်းရှင်က ရင်းထားတဲ့ ရင်းနှီးမြှုပ်နှံတဲ့ပမာဏတွေက များနေတော့ (သ-၂) အဆင့်ကို ပြောင်းသာပြောင်းတယ်၊ ဒီကြားထဲမှာ တရားဝင်လုပ်ချင်တယ်။ ဒီဟာလေးတွေလည်း ဖြစ်သွားနိုင်တာ ဖြစ်တဲ့အတွက်ကြောင့် စီမံတာဖြစ်ပါတယ်။

ဦးထွန်းလင်းရှိန်။ ။ DG အနေနဲ့ နောက်တစ်ခု၊ ဒါနဲ့ဆက်စပ်ပြီး (သ-၂) အစီရင်ခံစာ တင်တယ်ဆိုရင် စမ်းသပ်တိုင်းတာမှုတွေ လုပ်ရပါတယ်။ ဆွေးနွေးသွားတာက အသေးစားကနေ အလတ်စား ကူးပြောင်းတာကို ဆွေးနွေးသွားတာဖြစ်တယ်။ ရှာဖွေရေးလုပ်ငန်းအောင်မြင်လို့ ဖြစ်မြောက်နိုင်စွမ်း အဆင့်ပြီးသွားရင်ရော ကျွန်တော်တို့အနေနဲ့ ထုတ်လုပ်ခွင့်၊ တူးဖော်ခွင့်ပါမစ်ကိုရဖို့ အာမခံချက်များ ရှိပါသလားခင်ဗျာ။

ဦးခင်လတ်ကြီး။ ။ နည်းဥပဒေအသစ်နဲ့ ပတ်သက်ပြီး ဆွေးနွေးတဲ့အခါမှာ ရှာဖွေစမ်းသပ်၊ ဖြစ်မြောက်ကို လုပ်ကိုင်ခဲ့တဲ့လုပ်ငန်းရှင်က အောင်မြင်အောင် ဝန်ကြီးဌာနရဲ့ သတ်မှတ်ချက်အတိုင်း အဆင့်ဆင့် သေချာဆောင်ရွက်ခဲ့ရပါမယ်။ ဒီလို ဆောင်ရွက်ခဲ့တယ်ဆိုရင် ထုတ်လုပ်မှုကူးပြောင်းတဲ့အခါ သတ်မှတ်ချက်နဲ့ ကိုက်ညီရင် ကျွန်တော်တို့ ပေးမှာပါ။ သတ္တုတွင်းဥပဒေရဲ့ ပုဒ်မ ၁၁(က)မှာ အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

အစီအစဉ်မှူး။ ။ DG ကို တစ်ခုမေးချင်တာက သတ္တုရှာဖွေရေးကဏ္ဍနဲ့ နိုင်ငံတော်ရဲ့ လူမှုစီးပွား ဖွံ့ဖြိုးမှုဟာ ဘယ်လိုနှီးနွှယ်ပတ်သက်သလဲဆိုတာ ပြည်သူတွေကို ရှင်းပြပေးပါ။

ဒေါက်တာရဲမြင့်ဆွေ။ ။ ဓာတ်သတ္တု သယံဇာတတွင်းထွက်တွေဟာ နေ့စဉ်လူမှုပတ်ဝန်းကျင်မှာ သုံးနေတဲ့ အသုံးအဆောင်တွေ၊ စက်ပစ္စည်းကိရိယာတွေ၊ ယာဉ်ယန္တရားတွေ၊ အဆောက်အအုံတွေ၊ လမ်း၊ တံတားတွေမှာ မရှိမဖြစ်လိုအပ်တဲ့ ပစ္စည်းတွေဖြစ်ပါတယ်။ သတ္တုသယံဇာတတွေဆိုတာ နောင်တိုးတက် လာမယ့်အနာဂတ်ကမ္ဘာမှာလည်း ဖွံ့ဖြိုးတိုးတက်မှုနဲ့အညီ ဓာတ်သတ္တုသယံဇာတတွေကို စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲ နေရမှာဖြစ်ပါတယ်။ အမြဲတမ်းရှာဖွေထုတ်ယူ သုံးစွဲနေရမှာပဲ ဖြစ်ပါတယ်ဆိုတော့ လူ့ပတ်ဝန်းကျင်နဲ့ ဆက်စပ်မှု၊ လူမှုစီးပွားလုပ်ငန်းတွေနဲ့ဆက်စပ်မှုတွေ အများကြီးရှိပါတယ်။

ဓာတ်သတ္တုသယံဇာတတွေကို သားစဉ်မြေးဆက် အကျိုးရှိစွာ သုံးစွဲနိုင်ဖို့ဆိုရင် ကျွန်တော်တို့က စဉ်ဆက်မပြတ် ရှာဖွေစမ်းသပ်တိုင်းတာရေးတွေ ဆောင်ရွက်ရပါမယ်။ သတ္တုတူးဖော်ရေး၊ သန့်စင်ထုတ်လုပ်ရေး၊ နည်းစဉ်၊ နည်းစနစ်တွေကိုလည်း ခေတ်တစ်ခေတ်နဲ့ တစ်ခေတ် အဆင့်မြှင့်ပြီးတော့ ခေတ်မီနည်းပညာတွေနဲ့ အဆင့်မြှင့်သွားဖို့လိုအပ်ပါတယ်။ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုတွေအတွက် သယံဇာတတွေကို တူးဖော်ထုတ်လုပ်ပြီးတော့ သုံးစွဲမယ်ဆိုရင် ပထမဦးဆုံး ရှာဖွေစမ်းသပ်တိုင်းတာရေးကို အရင်လုပ်ရပါတယ်။ ဦးထွန်းလင်းရှိန် ပြောနေတဲ့(သ-၂) ဆိုတာ သတ္တုသိုက်တစ်ခု

စာမျက်နှာ ၉ သို့ »»

»»» စာမျက်နှာ ၈ မှ

ဖြစ်ထွန်းတည်ရှိမှုကို သေချာမှု အဆင့်အတန်း (၂)ဖြစ်ပါတယ်။ သတ္တုသိုက်ရဲ့ ပုံပန်းသဏ္ဍာန်၊ ထုထည်၊ three dimensionally သေချာသိမှ တူးရမှာပါ။ သတ္တုသိုက်တစ်ခုကို အဲဒီလို စမ်းသပ်တိုင်းတာပြီးတော့ တူးတဲ့အခါမှသာ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးနဲ့ သတ္တုသယံဇာတကို အကျိုးရှိစွာ ထုတ်ယူသုံးစွဲနိုင်မှာဖြစ်တယ်။ ယေဘုယျအားဖြင့် ကမ္ဘာပေါ်မှာ ဘယ်မှာပဲကြည့်ကြည့် သတ္တုသယံဇာတကြွယ်ဝတဲ့ နိုင်ငံတွေမှာ အခွင့်အလမ်းတွေရော၊ စိန်ခေါ်မှုတွေရော အများကြီးရှိတယ်။ သတ္တုသယံဇာတ ထုတ်ယူသုံးစွဲမှုကို စနစ်တကျ စီမံခန့်ခွဲအုပ်ချုပ်နိုင်မယ်ဆိုရင် လက်ရှိနဲ့ အနာဂတ်မျိုးဆက်တွေအတွက် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးတွေကို ဖော်ဆောင်ပေးသွားနိုင်မှာ အသေအချာဖြစ်ပါတယ်။

အကယ်၍စီမံခန့်ခွဲမှု အားနည်းမယ်ဆိုရင်တော့ ဘာဖြစ်လာနိုင်လဲဆိုရင် စီးပွားရေးမတည်ငြိမ်မှုတွေ ဖြစ်လာနိုင်တယ်။ နံပါတ်(၂)က လူမှုရေးပဋိပက္ခတွေ၊ သတ္တုဖြစ်ထွန်းမှုကို အခြေပြုပြီးတော့မှ Social conflict တွေနဲ့နောက်ဆုံးမှာ သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးဆုံးရှုံးမှုတွေလည်း ဖြစ်လာနိုင်တယ်။ ဒါတွေက ကျွန်တော်တို့ အထူးသတိချပ်ရမယ့် အရာတွေဖြစ်ပါတယ်။ ဓာတ်သတ္တုတွေကို ပြည်တွင်းလောင်စာစွမ်းအင်ကဏ္ဍတွေမှာပဲဖြစ်ဖြစ်၊ စက်မှုလုပ်ငန်းတွေမှာပဲဖြစ်ဖြစ်၊ လူ့အသုံးအဆောင်ပစ္စည်းအတွက်ပဲဖြစ်ဖြစ် အသုံးပြုဖို့ ကျွန်တော်တို့က စဉ်ဆက်မပြတ် ထုတ်ယူသုံးစွဲနေရမှာဖြစ်ပါတယ်။

ပြည်တွင်းသုံးစွဲမှုအပြင် ပြည်ပကို နိုင်ငံခြားငွေရရှိအောင် တင်ပို့ရောင်းချနိုင်အောင်လည်း ကျွန်တော်တို့က ရှာဖွေထုတ်လုပ်နေရမှာပဲ ဖြစ်တယ်။ စဉ်ဆက်မပြတ် ဆောင်ရွက်နေရမှာဖြစ်ပါတယ်။ ရပ်ထားလို့တော့မရပါဘူး။ ကျွန်တော်တို့က သယံဇာတရှာဖွေတူးဖော်ရေး၊ ထုတ်လုပ်မှုတွေကနေ ရရှိလာတဲ့ အခွန်အခတွေ၊ အကျိုးအမြတ်တွေအားလုံးဟာ တကယ်တော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက အခြေခံလူတန်းစားတွေရဲ့ ဆင်းရဲမွဲတေမှုကို လွတ်မြောက်အောင် ဖော်ဆောင်ပေးနိုင်ပါတယ်။ သတ္တုသယံဇာတက နိုင်ငံတစ်နိုင်ငံရဲ့ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုတွေကို အဓိက ကနဦးဖော်ဆောင်ပေးနိုင်တဲ့ Resources တွေပဲ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

ရေပေးဝေမှု ပြတ်တောက်မည်

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသည့် လှော်ကား ၆၆ လက်မ ကွန်ကရစ်ပိုက်လိုင်းကြီး အစားထိုးလဲလှယ်ဆက်သွယ်မှုလုပ်ငန်းကို မရမ်းကုန်းမြို့နယ် ကျောက်တော်ကြီးဘုရားအနီးတွင် ခေတ္တရေဖြတ်တောက်၍ ဆောင်ရွက်မည်ဖြစ်ပါသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်စဉ် စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီမှ စက်တင်ဘာ ၁၄ ရက် ည ၁၀ နာရီအတွင်း ရွှေပြည်သာ၊ အင်းစိန်၊ မင်္ဂလာဒုံ၊ မရမ်းကုန်း၊ လှိုင်သာယာ၊ လှိုင်၊ ကမာရွတ်၊ ရန်ကင်း၊ ဗဟန်း၊ တာမွေ၊ သာကေတ၊ ဒေါပုံ၊ မင်္ဂလာတောင်ညွန့်၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ ကျောက်တံတား၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်မြို့နယ်များတွင် ရေပြတ်တောက်မှုနှင့် ရေအားလျော့နည်းမှုများ ဖြစ်ပေါ်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေကြိုတင်စုဆောင်းထားနိုင်ပါရန်နှင့် အဆိုပါကာလအတွင်း ရေလိုအပ်ချက်ရှိပါက အရှေ့ပိုင်းခရိုင်မှူး ဖုန်း-၀၉-၂၅၀၂၈၃၈၂၃၊ အနောက်ပိုင်းခရိုင်မှူး ဖုန်း-၀၉-၂၅၀၂၈၃၈၁၂၊ တောင်ပိုင်းခရိုင်မှူး ဖုန်း-၀၉-၅၀၅၄၅၆၅၊ မြောက်ပိုင်းခရိုင်မှူး ဖုန်း- ၀၉-၅၀၈၁၂၂၉ တို့သို့ ဆက်သွယ်ပြီး ရေသယ်ယာဉ်များ တောင်းခံ၍ ရေရယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန ရေနှင့်သန့်ရှင်းမှု
ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ

အမေရိကန်နိုင်ငံမှ ခရီးသွားဆရာဝန်များအဖွဲ့ လက်ဆေးခြင်းသရုပ်ပြ

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လျက်ရှိသော အမေရိကန်နိုင်ငံမှ Dr. Steve Adams ဦးဆောင်သော ဆရာဝန်များနှင့် ပရဟိတအဖွဲ့ဝင်များသည် မြန်မာနိုင်ငံမှ ဓာတ်ပုံပညာရှင် ဦးဝင်းကျော်ဇန်၏ ကူညီမှုဖြင့် ကျန်းမာရေးအသိပညာဖြန့်ဝေခြင်း အစီအစဉ်အဖြစ် စနစ်တကျလက်ဆေးခြင်း သရုပ်ပြမှုများကို လိုက်လံပြသလျက်ရှိရာ စက်တင်ဘာ ၈ ရက် နံနက် ၉ နာရီက ကြည့်မြင်တိုင်မြို့နယ် ဦးကြွယ်ဟိုးလမ်းရှိ အလှူရှင် ဦးအောင်သန်းစိန်(သုဓမ္မမဏိဇောတဓရ)၊ ဇနီး ဒေါ်အေးမြင့်သန်း၊ သမီး မစိုးစိုးသန်း (အောင်ရတနာသက်န်းတိုက်)မှ သီလရှင်အပါး ၃၀၀၀ ကျော်တို့အား အလှူငွေလှူဒါန်းပွဲတွင် လာရောက်ပြသခဲ့ကြခြင်း ဖြစ်သည်။

ရွှေတိုင်-ဘိုတောက်

စိုက်ပျိုးရေနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေသော ဘက်စုံအကျိုးပြု မုံးရင်ရေလှောင်တမံ

နမ္မတူ စက်တင်ဘာ ၈

နမ္မတူမြို့နယ်ရှိ မုံးရင်ရေလှောင်တမံမှာ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်တွင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လားရှိုးမြို့မှ ဆောက်လုပ်ပြီးစီးခဲ့ပြီး မိုးစပါးနှင့် အခြားသီးနှံတို့အား ရေပေးဝေသည့်အပြင် ကျေးရွာပေါင်း ၁၂ ရွာအတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသော ဘက်စုံအကျိုးပြု ရေလှောင်တမံဖြစ်သည်။

မုံးရင်ရေလှောင်တမံ တည်ဆောက်ပြီးစီးခဲ့ချိန်မှစ၍ ၁၂ နှစ်တာကာလအတွင်း မုံးရင်ရေလှောင်တမံမှ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်တို့တွင် ရေပိုလွှဲမှ ရေကျော်စီးဆင်းမှုမရှိဘဲ ကျန်နှစ်များတွင် ရေကျော်စီးဆင်းလျက်ရှိပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၁ ရက်တွင် ၂ ဒသမ ၇ ပေအထိ အများဆုံးရေကျော်ခဲ့ကြောင်းနှင့် ၂၀၁၈ ခုနှစ် စက်တင်ဘာလ ပထမပတ်တွင် မိုးရေချိန်မှာ ၃ ဒသမ ၂၄ လက်မ ရွာသွန်းခဲ့ပြီး ယင်းနေ့ ညနေ ၄ နာရီခန့်တွင် မုံးရင်ရေလှောင်တမံသည် ရေပိုလွှဲမှ ၂ ဒသမ ၆ ပေအထိသာ ရေကျော်နေသည်ကို တွေ့ရှိခဲ့သည်။

မုံးရင်ရေလှောင်တမံ ရေပိုလွှဲမှကျော်သောရေများသည် မူလချောင်းဖြစ်သော နမ့်ဆွမ်ချောင်းအတွင်း စီးဝင်လျက်ရှိပြီး နမ့်ဆွမ်ချောင်းမှတစ်ဆင့် ဒုဋ္ဌဝတီမြစ်အတွင်းသို့ စီးဝင်ကြောင်း သိရသည်။

ရှမ်းပြည်နယ် (မြောက်ပိုင်း)ရှိ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ကျဝန်ထမ်းများက အဆိုပါရေလှောင်တမံအား အလှည့်ကျ ကြည့်ရှုစစ်ဆေးလျက်ရှိကြောင်း သိရသည်။

တင်လှ (မန်းကိုယ်ပွား)

Pan အမှတ်တံဆိပ်ဖိနပ်များ ပံ့ပိုးကူညီပေးရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် စာချုပ် ချုပ်ဆို

ရန်ကုန် စက်တင်ဘာ ၈

မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်းများ၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် MFF ဘောလုံးအကယ်ဒမီများအတွက် Pan အမှတ်တံဆိပ် ဖူဆယ်ဖိနပ်နှင့် ဘောလုံးကန်ဖိနပ်များ ပံ့ပိုးကူညီမည့် Bangkok Athletic Co.,Ltd. နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ စာချုပ်ချုပ်ဆိုပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမှုဆောင်အရာရှိချုပ် ဦးဘုန်းနိုင်ဇော်က ကျေးဇူးတင်စကားပြောကြားပြီး Bangkok Athletic Co.,Ltd. နှင့် စာချုပ်ချုပ်ဆိုကြပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန်ပေးအပ်ကာ ပံ့ပိုးကူညီပေးမည့် အသင်းသားများနှင့် အမှတ်တရဓာတ်ပုံ ရိုက်ကြသည်။ ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က အဆိုပါကုမ္ပဏီမှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထိုင်းနိုင်ငံ အခြေစိုက် Sportwear Company တစ်ခုဖြစ်သည့် Bangkok Athletic Co.,Ltd. သည် မြန်မာ့လက်ရွေးစင် ဖူဆယ်အမျိုးသားနှင့် အမျိုးသမီးအသင်း၊ မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းနှင့် MFF ဘောလုံးအကယ်ဒမီများအတွက် Pan အမှတ်တံဆိပ် ဖူဆယ်ဖိနပ်နှင့် ဘောလုံးကန်ဖိနပ်များအား ၂၀၁၈ ခုနှစ် စက်တင်ဘာ ၇ ရက်မှ ၂၀၂၀ ခုနှစ် စက်တင်ဘာ ၆ ရက်အထိ ပံ့ပိုးပေးအပ်သွားမည်ဖြစ်သည်။

သတင်း-ရဲရင့်ရှိုင်း
ဓာတ်ပုံ-MFF

နေပြည်တော် ဇေယျာသီရိမြို့နယ် ကျွန်းကျောင်းအုပ်စု ရွှေပေးကျေးရွာ အလက(ခွဲ) ကျောင်း၌ စက်တင်ဘာ ၈ ရက်တွင် ကျောင်းအုပ်ဆရာမကြီးနှင့် ကျောင်းသား ကျောင်းသူ ၂၀၀ တို့အား မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးဝင်းဇော်ဦးက လူကုန်ကူးမှုနှင့် သက်ငယ်မုဒိမ်းမှု မဖြစ်ပွားစေရေး ပညာပေးဟောပြောစဉ်။

ခွန်းဆက်နေ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီး ရဲအရာရှိလေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး နည်းပြများ၊ ရဲအရာရှိ အခြားအဆင့်နှင့် ဝန်ထမ်းများ စုပေါင်း၍ (၅၄)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက်က ဇီးပင်ကြီးရွာ ခုတင် ၅၀ ဆံ့ ဆေးရုံကြီးတွင် စုပေါင်းသန့်ရှင်းရေး ပြုလုပ်စဉ်။

အောင်သန့်ခိုင်

ပုဇွန်တောင်မြို့နယ်တွင် စည်ပင်သာယာရေးဥပဒေသစ် ရှင်းလင်းဟောပြော

ရန်ကုန် စက်တင်ဘာ ၈

ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေသစ်(၂၀၁၈)နှင့် စပ်လျဉ်း၍ ပြည်သူများအား အသိပညာပေး ရှင်းလင်းဟောပြောခြင်းကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီးပုဇွန်တောင်မြို့နယ်ရှိ Y.M.B.Aခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပုဇွန်တောင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်လွင်၊ ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁) လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်း၊ ပုဇွန်တောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဦးတင့်လွင်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒုတိယဌာနမှူး တောင်ပိုင်းခရိုင်ဥပဒေသစ် အသိပညာပေးရေးအဖွဲ့ ခေါင်းဆောင်ဦးစောဝင်းမောင်၊ စီမံရေးရာဌာန လက်ထောက်ဌာနမှူး ဦးအောင်သန်းထွဋ်တို့က (၂၀၁၈) စည်ပင်သာယာဥပဒေအသစ် ရေးဆွဲရခြင်းရည်ရွယ်ချက်များ၊ ရေးဆွဲပုံအဆင့်ဆင့်နှင့် ပြစ်မှု ပြစ်ဒဏ်များအကြောင်းကို ရှင်းလင်းဟောပြောကြသည်။

ယင်းဥပဒေမှာ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၃ ခုနှစ် ရန်ကုန်မြို့တော် စည်ပင်သာယာရေးဥပဒေတို့၏ အားသာချက် အားနည်းချက်များကိုယူကာ ရေးဆွဲထားခြင်းဖြစ်ပြီး အားနည်းချက်များကို တတ်နိုင်သလောက်ဖယ်ကာ အားသာချက်များကိုစုစည်း၍ ခေတ်နှင့်လိုက်လျောညီထွေဖြစ်သည့် ပြစ်မှုပြစ်ဒဏ်များနှင့် ပြန်လည်ရေးဆွဲထားခြင်းဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ စီမံရေးရာဌာန လက်ထောက်ဌာနမှူး ဦးအောင်သန်းထွဋ်က ပြောသည်။

"အရင်ကဥပဒေမှာဆိုရင် ပြစ်မှုတစ်ရပ်ကို ကျူးလွန်လိုက်လို့ နောက်တစ်ရပ်ကို ထပ်ပြီးတော့ ကျူးလွန်တယ်ဆိုရင် ပုဒ်မ(၆၉)နဲ့ တရားစွဲကြတယ်။ ငွေဒဏ်ဆောင်ကြတယ်။ ဒီဥပဒေမှာကျတော့ ဒုတိယအဆင့်ဆိုတာမရှိဘူး။ ဒုတိယအဆင့်ဆိုတာ ထောင်ဒဏ်ပဲရှိတယ်"ဟု ဦးအောင်သန်းထွဋ်က ပြောသည်။

သတင်းနှင့်ဓာတ်ပုံ
ဇာနည်မောင်၊ အေးမင်းသူ

ကမာရွတ်မြို့နယ် သတင်းစာဆရာအသင်း စုံညီစည်းဝေး

ရန်ကုန် စက်တင်ဘာ ၈

ကမာရွတ်မြို့နယ် သတင်းစာဆရာအသင်း၏ စုံညီအစည်းအဝေးနှင့် တာဝန်ပေးအပ်ပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီက ကမာရွတ်မြို့နယ် အင်းစိန်လမ်း အင်းလျားရွာသစ်ကျောင်းတိုက် မြတ်မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်က အမှာစကားပြောကြားပြီး အစည်းအဝေးအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပံ့ပိုးကူညီသူများကို ဂုဏ်ပြုလွှာပေးအပ်သည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်းမှ ဂုဏ်ထူးဆောင်နာယက ဦးကျော်ကျော်(ဒါရိုက်တာမောင်ယဉ်ကျော်)နှင့် အသင်းဥက္ကဋ္ဌ ဦးခင်မောင်မြင့်တို့က အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး သတင်းစာဆရာအသင်း အလုပ်အမှုဆောင် ပြန်ကြားရေးမှူး ဦးခင်မောင်သော်(ခင်မောင်သော်-ကမာရွတ်)က စုံညီအစည်းအဝေးနှင့် တာဝန်ပေးအပ်ပွဲ ကျင်းပရခြင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စုံညီအစည်းအဝေးမှ ကမာရွတ်မြို့နယ် သတင်းစာဆရာအသင်း ဥက္ကဋ္ဌ ဦးထွန်းသန်း(ချိုကြီး-စံရိပ်ငြိမ်)၊ ဒု-ဥက္ကဋ္ဌ ဦးထင်ပေါ်ဝင်း(ထင်ပေါ်ဝင်း-ကမာရွတ်)နှင့် အတွင်းရေးမှူး ဦးသက်ဇော်ထူး(ချစ်ယဉ်ထူး-ထွန်းလင်းရိပ်သာ) တို့ ပါဝင်သော အလုပ်အမှုဆောင်အဖွဲ့ကို တာဝန်ပေးအပ်ကြောင်း သိရသည်။

ခင်မောင်သော်(ကမာရွတ်)

ရေတာရှည်၌ ချောင်းရေဝင်ရောက်ခဲ့သည့် ရေတွင်းများ တွင်းဆေးတွင်းမှုတ်ခြင်းလုပ်ငန်း ကျေးရွာ ၅၉ ရွာ ဆောင်ရွက်ပြီးစီး

ရေတာရှည် စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်းရှိ ဆွာချောင်းရေကြီးရေလျှံမှုကြောင့် ကျေးရွာပေါင်းများစွာ ရေဝင်နစ်မြုပ်ခဲ့ပြီး ရေကျဆင်းသွားပြီဖြစ်သော်လည်း ဒေသခံများ အနေဖြင့် မိမိတို့နေထိုင်သော ကျေးရွာများသို့ ပြန်လည်ရောက်ရှိကြသည့်အခါ သောက်သုံးရေတွင်းများ ရေဝင်နစ်မြုပ်ခဲ့သည့်အတွက် အခက်အခဲများဖြစ်ပေါ်လျက်ရှိရာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဦးဆောင်၍ ရေဝင်နစ်မြုပ်ခဲ့သော ရေတွင်းများအား တွင်းဆေး၊ တွင်းမှုတ်ခြင်းလုပ်ငန်းများကို ဩဂုတ် ၃၀ ရက်ကတည်းက စတင်ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း တောင်ငူခရိုင် ကျေးလက်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဘသိန်းက ပြောသည်။

"ရေဝင်တဲ့ ဧရိယာကကျယ်တော့ ဒီမှာရှိတဲ့ ဝန်ထမ်းအင်အားနဲ့မရဘူး။ ပဲခူးခရိုင် ရှစ်မြို့နယ်၊ တောင်ငူခရိုင် ခြောက်မြို့နယ်အပြင် ပြည်ခရိုင်၊ သာယာဝတီခရိုင်တွေက ဝန်ထမ်းအင်အားတွေနဲ့ ပေါင်းပြီးလုပ်တာ၊ တွင်းဆေး၊ တွင်းမှုတ်၊ ကလိုရင်းဆေးခတ်တာတွေကို စက်တင်ဘာ ၆ ရက်အထိ ကျေးရွာအုပ်စုပေါင်း ၁၇ အုပ်စု၊ ကျေးရွာပေါင်း ၅၉ ရွာ ပြီးစီးသွားပါပြီ၊ ကျန်တဲ့ကျေးရွာတွေကို ဆက်လုပ်ပေးနေပါတယ်"ဟု ခရိုင်ဦးစီးမှူးက ဆက်လက်ပြောကြားသည်။

ထို့အပြင် ရေသန့်စင်သည့်ယာဉ်ဖြင့် အသင့်သောက်သုံးနိုင်သော သောက်ရေသန့်များကို ကျေးရွာပေါင်း ၁၀ ရွာကို ဖြန့်ဖြူးပေးနိုင်ခဲ့ပြီး ဆွာမင်းလမ်းကျေးရွာအုပ်စု ရွှေသပြေကျေးရွာ၌ ရေနောက်မျောပါ ဆုံးရှုံးခဲ့ရသော လူနေအိမ် ၂၂လုံးအတွက် ယာယီနေထိုင်နိုင်ရန် နေအိမ်များ ဆောက်လုပ်ပေးခဲ့ကြောင်း သိရသည်။

ကိုလွင်(ဆွာ)

လူ့ဘောင်အဖွဲ့အစည်းအတွက် ပြည့်စုံမှန်ကန်သည့် အကာအကွယ်များ ကူညီပံ့ပိုးပေးခြင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၈

မြန်မာနိုင်ငံ အာမခံအသင်းနှင့် ဂျပန်နိုင်ငံ အာမခံအသင်းတို့ ပူးပေါင်းစီစဉ်ပြီး The Insurance School (Non Life) of Japan က ဦးဆောင်ပြုလုပ်သည့် လူ့ဘောင်အဖွဲ့အစည်းအတွက် ပြည့်စုံမှန်ကန်သည့် အကာအကွယ်များ ကူညီပံ့ပိုးပေးခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၆ ရက် နံနက်က ရန်ကုန်မြို့ရှိ Pan Pacific Yangon Hotel ၌ ပြုလုပ်သည်။

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာ စန္ဒာဦးက "ဒီနေ့က မော်တော်ကားအာမခံကို ဆွေးနွေးတာဆိုတော့ မြန်မာနိုင်ငံရဲ့ မော်တော်ကားအာမခံနဲ့ ပတ်သက်လို့ ပြုပြင်ရမယ့်နှုန်းတွေ၊ အကာအကွယ်တွေ၊ ဂျပန်နိုင်ငံမှာ ဘယ်လိုမျိုး ကြီးကြပ်လည်း အဲဒါတွေ လေ့လာပြီး မြန်မာနိုင်ငံရဲ့ မော်တော်ကားအာမခံလည်း ဒီထက်ပိုပြီးကောင်းမွန်ဖို့ လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု ပြောသည်။

ဆွေးနွေးပွဲတွင် မော်တော်ယာဉ်နှင့်ပတ်သက်သည့် အာမခံဆိုင်ရာ မူဝါဒများ၊ မတော်တဆမှုကြောင့် သေဆုံး၊ ဒဏ်ရာရ၊ ပျက်စီးမှုများဖြစ်ပေါ်ပါက လျော်ကြေးသတ်မှတ်ချက်များ၊ အသက်အာမခံ သတ်မှတ်ချက်များ အကြောင်းကို ဂျပန်နိုင်ငံမှ သက်ဆိုင်ရာ အဖွဲ့အစည်းများက ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက သိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြသည်။

မြန်မာနိုင်ငံတွင် မော်တော်ယာဉ်နှင့် ပတ်သက်သည့် အလုံးစုံအာမခံလုပ်ငန်းကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ဆောင်ရွက်လျက်ရှိသည့်အပြင် ပုဂ္ဂလိက အာမခံကုမ္ပဏီ ၁၁ ခုကလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သီသီမင်း
ဓာတ်ပုံ -ဇာနည်မောင်

မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ၂၀၁၈ ခုနှစ် ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၄ ရက်အထိ တစ်ပတ်အတွင်းထွက်ရှိသော စာအုပ်စာရင်း

စဉ်	စာအုပ်အမည်	စာရေးသူ	ဈေးနှုန်း	ထုတ်ဝေသူ
၁။	အခြေခံကမ္ဘာ့မြေပုံလေ့လာခြင်း	ပထဝီဝင်ဆရာတစ်ဦး	၁၅၀၀	စိတ်ကူးချိုချို
၂။	ပျူခေတ်ရဟန္တာနှင့်သုတေသနစာတမ်းများ	ငြိမ်းကျော်	၃၀၀၀	ပဥ္စဂံ
၃။	အများမှားတဲ့အမှားများ	မေငြိမ်း	၂၀၀၀	ကံ့ကော်ဝတ်ရည်
၄။	Real Lives, Real Stories V.46, 2018	-	၅၀၀၀	The BookHouse
၅။	မအောင်မြင်ခြင်းရဲ့ဇာစ်မြစ်များ	မောင်မင်းစိုး	၂၅၀၀	Pica Media
၆။	အခြေခံအင်္ဂလိပ်စာ အဘိဓာန် A	ဂျူနီယာဝင်း	၃၅၀၀	လင်းလွန်းခင်
၇။	ဆိုနာတာ	အောင်ခင်မြင့်	၂၀၀၀	နှစ်ကာလများ
၈။	ပြန်မလာတဲ့စာ	မင်းလှိုင်ထွန်း	၄၀၀၀	နှင်းဆီနီ
၉။	ကဗျာကိုပဲဖတ်ဖတ် ကဗျာကိုပဲတွေးတွေး	ပုသိမ်မောင်ရွှေမှု	၁၅၀၀	ကျားချောင်း
၁၀။	အိပ်မက်ကောင်းကင်	မောင်နီနု (ရေဦး)	၁၅၀၀	နှစ်ကာလများ
၁၁။	လျှပ်ပျာလျှပ်ပျာ နမော်နမဲ့အလွဲများမှ စနစ်ကျ ၍ အလုပ်ပြီးသောဘဝသို့	အောင်စည်သာ	၁၈၀၀	စိတ်ကူးချိုချို
၁၂။	ကင်အီဆွန်းနှင့် ဆိုရှယ်လစ်ကိုရီးယား	မောင်နေဝင်း	၂၈၀၀	စိတ်ကူးချိုချို
၁၃။	ဂျေစကာလင်၏ မက်စ်ဝါဒနှင့် အမျိုးသားရေးပြဿနာ	စောကျော်ရင်	၁၅၀၀	ယဉ်မျိုး
၁၄။	အတွေးအမြင် အမှတ် (၃၁၃) ၂၀၁၈၊ စက်တင်ဘာ	ကလောင်စုံ	၂၅၀၀	ဒေါင်းစာပေ
၁၅။	ခပ်ဝေးဝေးသာနေလိုက်ပါ (တိုတိုဖတ် ရှည်ရှည်တွေး စိတ်သွေးကျောက်များ)	မောင်စံလေး (သထုံ)	၁၅၀၀	မျိုးဆက်သစ်
၁၆။	ဝိဇ္ဇာဇော်ဂျီတပသီ	စကြာကောင်းစံ	၁၂၀၀	မဇ္ဈိမ
၁၇။	အမှောင်မဲ့ကမ္ဘာ	E.C.Fine. နာဂ	၂၀၀၀	ကျားချောင်း
၁၈။	ကျွန်တော်သိသော မဲသဝေါနှင့် တိုက်ပွဲအတွေ့အကြုံ ဆောင်းပါးများစုစည်းမှု	စစ်သွေးနီ (ရွှေဒုံသား)	၂၅၀၀	စိတ်ကူးသစ်
၁၉။	လူကြမ်းမျက်ရည်အပါအဝင် စစ်မြေပြင်ကိုယ်တွေ့ဝတ္ထုတိုများ	စစ်သွေးနီ (ရွှေဒုံသား)	၃၀၀၀	စိတ်ကူးသစ်
၂၀။	မေတ္တာပန်းချီ လင်းတေးသီကဗျာများ	လင်းခန့်	၂၀၀၀	ရွှေပေ
၂၁။	သွေးသောက်သုံးဖော်	သစ်ဦးတင်	၂၀၀၀	ခူဝံ
၂၂။	မိုဘီဒစ်	လင်းတည်ဦး	၂၀၀၀	ခူဝံ
၂၃။	သိန်းနှင့်ကျားဋီကာ	ဇော်ဂျီ	၃၀၀၀	The Key
၂၄။	နွေရာသီ အိုလံပစ်စာကြည့်တိုက်စာစဉ် (၁၂၂)	The Key	၁၅၀၀	The Key
၂၅။	ကံမကုန်သရွေ့	ညာဏ်သစ်	၅၀၀၀	ငါတို့စာပေ
၂၆။	ပါရီနဲ့အတူ စီးမျောခြင်းဂျာနယ်ပေါ်က ဆောင်းပါးများ	မင်းမော်လှမြင့်	၃၅၀၀	မျိုးဆက်သစ်
၂၇။	ဓားရိုးကမ်း	ရာပြည့်	၇၅၀၀	ငါတို့စာပေ
၂၈။	စီးပွားရေးစီမံခန့်ခွဲမှုစည်းမျဉ်း - ၁၀၀	ကြည်ရွှန်း	၅၀၀၀	Wisdomhouse
၂၉။	မုဒ္ဒန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောသလ္လ	ဆုပြည့်စုံထွန်း	၂၀၀၀	ဆုပြည့်စုံထွန်း
၃၀။	စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်လက်စွဲ	မောင်ဆက်ပိုင်	၁၂၀၀	စိတ်ကူးချိုချို
၃၁။	ခေါင်းဆောင်မှု သေနင်္ဗျူဟာ	နိုင်ဦး	၂၀၀၀	ယဉ်မျိုး

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် စက်တင်ဘာ ၈

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအတွင်းရေးမှူး ဦးပိုက်ထွေးက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို စက်တင်ဘာ ၈ ရက် ညပိုင်းတွင် ရေဒီယိုနှင့်ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအတွင်းရေးမှူး ဦးပိုက်ထွေး

ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူများခင်ဗျား. . . . .

ကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း မင်္ဂလာပါလို့ ဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုအတွင်းရေးမှူး ဦးပိုက်ထွေး ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီဟာ အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ထားတဲ့ပါတီဖြစ်သလို ဒီမိုကရေစီအရေးနဲ့ ပြည်သူ့အခွင့်အရေးများကို စည်းစနစ်ကျနစွာ အလေးထားဖော်ဆောင်ပြီး လူ့အခွင့်အရေး၊ တန်းတူညီမျှရေး၊ တရားမျှတရေး၊ တရားဥပဒေစိုးမိုးရေးနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ် တိုးတက်မြင့်မားရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နေတဲ့ပါတီလည်း ဖြစ်ပါတယ်။ **နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားကို ပိုမိုထိရောက်စွာဖော်ဆောင်လိုတဲ့အတွက် “၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ” မှာ ဝင်ရောက်ယှဉ်ပြိုင်ပြီး မဲဆန္ဒရှင်ပြည်သူများရဲ့ အဆုံးအဖြတ်ကို ဖြောင့်မတ်မှန်ကန်စွာ ခံယူသွားမှာဖြစ်ပါကြောင်း** ဦးစွာတင်ပြလိုပါတယ်။

မဲဆန္ဒရှင်ပြည်သူများခင်ဗျား. . . . .

ကျွန်တော်တို့ပါတီဟာ ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးမှာ မှန်ကန်တဲ့မူဝါဒများနဲ့အညီ လက်ရှိအခြေအနေများနဲ့ လိုက်လျောညီထွေရှိတဲ့ လုပ်ငန်းစဉ်များကို ယခင်ကရရှိခဲ့တဲ့ အတွေ့အကြုံကောင်းများအပေါ် အခြေခံပြီး ပြည်သူ့အကျိုးကို ကျရာနေရာက ထမ်းဆောင်နေတဲ့ပါတီ ဖြစ်ပါတယ်။ အမိနိုင်ငံတော်ကြီး အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့ကို အမျိုးသားရေးတာဝန်အဖြစ် ခံယူပါတယ်။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီနိုင်ငံတော်အဖြစ် အစဉ်ထာဝရရပ်တည်နိုင်ရေးအတွက် ပြည်သူတို့ရဲ့ ဆန္ဒသဘောထားများကို ဖြည့်ဆည်းဆောင်ရွက်ပေးဖို့ အသင့်ရှိနေပါတယ်။

ကျွန်တော်တို့ပါတီ နိုင်ငံတော်တာဝန်ယူခဲ့စဉ်အခါကလည်း နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးနဲ့ ဒီမိုကရေစီရေး စတဲ့ကဏ္ဍအသီးသီးမှာ တိုးတက်မှုတွေရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့တာကို ပြည်သူအားလုံး သိရှိခံစားခဲ့ရပြီး ဖြစ်ပါတယ်။

မဲဆန္ဒရှင် ပြည်သူများခင်ဗျား. . . . .

ယနေ့အချိန်အခါဟာ ကျွန်တော်တို့ပါတီအစိုးရလက်ထက်က အုတ်မြစ်ချပေးခဲ့တဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုအဆင့်ဆင့် တိုးတက်ခိုင်မာရေး၊ ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်မှု ဆက်လက်တိုးတက်ရေး၊ ပြည်သူများရဲ့လူမှုစီးပွားဘဝ ပိုမိုမြင့်တင်နိုင်ရေးတို့ကို မျက်ခြည်မပြတ်ဆောင်ရွက်ရမယ့်အချိန် ဖြစ်ပါတယ်။ ထို့အတူ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမယ့် ပြည်ပစွက်ဖက်မှုများကိုလည်း စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်အခြေခံအားတွေနဲ့ တွန်းလှန်ရမယ့်အချိန် ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ မဲဆန္ဒရှင်ပြည်သူများနဲ့လက်တွဲပြီး စစ်မှန်တဲ့ မျိုးချစ်စိတ်ဓာတ်ကိုအခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊ တိုင်းရင်းသားအားလုံးရဲ့ အမျိုးသားအကျိုးစီးပွားတိုးတက်ရေး၊ အနာဂတ်ဘဝ သာယာဖြောင့်ဖြူးရေးတို့ကို အထူးအလေးပေး ဆောင်ရွက်လိုပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် အမျိုးသားရေးကိုရှေးရှုပြီး ရွေးချယ်ပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများခင်ဗျား. . . .

ဖြတ်သန်းလာခဲ့တဲ့ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းတစ်လျှောက်မှာ ပြည်သူများအနေနဲ့ ပြည်သူ့အကျိုး သယ်ပိုးနိုင်မယ့်သူ၊ အမျိုးသားအကျိုးစီးပွားဆောင်ရွက်နိုင်မယ့်သူများကိုသာ သုံးသပ်ဆုံးဖြတ်ပြီး ပြည်သူ့ကိုယ်စားလှယ်အဖြစ် ဆန္ဒမဲပေးရွေးချယ်ခဲ့ကြခြင်းဖြစ်ပါတယ်။ ဒီလိုရွေးချယ်ရာမှာ လူမှန်၊ နေရာမှန်ဖြစ်အောင် လူတော်လူကောင်းများကို ရွေးချယ်ပေးနိုင်မှသာ မိမိတို့ရဲ့ မျှော်လင့်ချက်ပြည့်ဝနိုင်ပြီး မိမိတို့ရွေးချယ်မှုအတွက်လည်း အမြဲတမ်းဂုဏ်ယူနေနိုင်မှာ ဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများရွေးချယ်လိုက်တဲ့ ကိုယ်စားလှယ်များဟာ ကိုယ်ကျင့်တရားကောင်းမွန်ပြီး သက်ဆိုင်ရာနယ်မြေဒေသရဲ့ အကျိုးကို အမှန်တကယ် ဆောင်ရွက်နိုင်စွမ်းရှိသူများဖြစ်ဖို့ လိုပါတယ်။

ဒါကြောင့် ကိုယ်စားလှယ်လောင်းရွေးချယ်ရာမှာ ရွေးကောက်ပွဲဝင်မယ့် ကိုယ်စားလှယ်လောင်းရဲ့ အရည်အချင်းနဲ့ ကိုယ်စားပြုတဲ့ပါတီရဲ့ မူဝါဒများကို ဆန်းစစ်လေ့လာဖို့လိုပါတယ်။ အနာဂတ်ကာလအတွက် ပစ္စုပ္ပန်နဲ့ အတိတ်ကာလဆောင်ရွက်ချက်များကိုလည်း နှိုင်းယှဉ်လေ့လာသုံးသပ်ဖို့ လိုအပ်ပါတယ်။ မိမိဒေသအကျိုးကို မည်သည့်အဖွဲ့အစည်း၊ မည်သည့်ကိုယ်စားလှယ်က အပြောနဲ့မဟုတ်၊ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေတယ်ဆိုတာ ပြည်သူများကိုယ်တိုင် သိရှိခဲ့ကြပြီးဖြစ်ပါတယ်။ မဲဆန္ဒရှင်ပြည်သူများအနေနဲ့ စနစ်တစ်ခုနဲ့တစ်ခု၊ အစိုးရတစ်ဖွဲ့နဲ့တစ်ဖွဲ့အတွင်း ပြောင်းလဲမှုများကို နှိုင်းယှဉ်လေ့လာသုံးသပ်ပြီး ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟဆိုတဲ့ ဂတိစွဲ၊ ပုဂ္ဂိုလ်စွဲကင်းစွာဖြင့် ကိုယ့်နိုင်ငံတည်တံ့ခိုင်မြဲရေးနဲ့ ကိုယ့်နိုင်ငံသား အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အကောင်းဆုံးသယ်ပိုးဆောင်ရွက်ပေးနိုင်မယ့် ကိုယ်စားလှယ်လောင်းများကိုသာ မှန်ကန်စွာရွေးချယ်ပေးကြပါလို့ မေတ္တာရပ်ခံအပ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့ ပါတီရဲ့မှန်ကန်တဲ့မူဝါဒများကို မှတ်ကျောက်တင်ခံနိုင်သလို အကောင်အထည်ဖော် ဆောင်ရွက်ဖို့အတွက်လည်း မျိုးဆက်သစ်များနဲ့ ပြင်ဆင်ဖွဲ့စည်းထားပြီးဖြစ်ပါတယ်။ ဒ့ါအပြင် လုပ်နည်းလုပ်ဟန်၊ စဉ်းစားတွေးခေါ်မှုအသစ်များနဲ့ ပြည်သူ့အကျိုးကို စွမ်းစွမ်းတမံဆောင်ရွက်မယ့် အရည်အချင်းပြည့်ဝတဲ့ မျိုးဆက်သစ်ကိုယ်စားလှယ်လောင်းများကို ရွေးချယ်ထားပြီးဖြစ်ပါတယ်။

ပြည်သူက ယုံကြည်လို့ ရွေးချယ်တာဝန်ပေးခဲ့တဲ့ ကျွန်တော်တို့ပါတီကိုယ်စားလှယ်များကလည်း လွှတ်တော်တွင်းမှာရှိတဲ့ အင်အားနဲ့ ပြည်ပရဲ့ ဗိုလ်ကျစွက်ဖက်မှုကို ကာကွယ်နေကြပါတယ်။ နိုင်ငံသားမဟုတ်သူတွေ နယ်မြေလုလာမှာကို တားဆီးနေကြပါတယ်။ ပြည်သူ့စီးပွားဘဝအတွက် မတရားတဲ့ စီးပွားရေးပိတ်ဆို့မှုကို ရုပ်သိမ်းပေးဖို့ တောင်းဆိုတိုက်ပွဲဝင်နေကြပါတယ်။ ပြည်သူ့ဘဝ လုံခြုံအေးချမ်းရေးအတွက် အကြမ်းဖက်မှုကို အမြစ်ဖြတ်ဖို့ တောင်းဆိုနေကြပါတယ်။ အလားတူ ပါတီအနေဖြင့်လည်း လွှတ်တော်ပြင်ပကနေ ပြည်သူ့အကျိုးအတွက် ထောက်ပြပြောဆိုလျက်ရှိတဲ့အပြင် ပါတီရဲ့ သဘောထားကြေညာချက်များ ထုတ်ပြန်ပေးလျက်ရှိတာကိုလည်း ပြည်သူအားလုံးအသိဖြစ်ပါတယ်။

ယခုအခါ ကျွန်တော်တို့ပါတီရဲ့ ဆောင်ရွက်ချက်များအပေါ် ပြည်သူများနားလည်သဘောပေါက်လာပြီး ကျွန်တော်တို့ပါတီကို ယုံကြည်အားကိုးမှုအပြည့်နဲ့ ပါတီဝင်အသစ်တွေ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ အများအပြားဝင်ရောက်လျက်ရှိပါတယ်။ ယခုလို ယုံကြည်အားပေးထောက်ခံမှုများကို လာမယ့်ရွေးကောက်ပွဲများဆီအထိ သယ်ဆောင်သွားနိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်။ ကျွန်တော်တို့ပါတီအနေနဲ့ကတော့ နိုင်ငံတော်နဲ့ နိုင်ငံသားများရဲ့ အကျိုးစီးပွားအတွက်ဆိုလျှင် **“မည်သည့်နိုင်ငံရေးပါတီ၊ အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များနှင့်မဆို လက်တွဲဆောင်ရွက်သွားဖို့ အသင့်ရှိနေပါတယ်”**။ ပြည်သူ့ကောင်းကျိုးသယ်ပိုးဆောင်ရွက်တဲ့နေရာမှာ ရန်သူမရှိ၊ မိတ်ဆွေသာရှိတယ်ဆိုတဲ့ စိတ်ဓာတ်ကို ကိုင်စွဲထားပါတယ်။ လုပ်အားပြိုင်ခြင်း၊ မျိုးချစ်စိတ်ပြိုင်ခြင်း၊ ပြည်သူ့အပေါ် သစ္စာတရားပြိုင်ခြင်းတို့ဖြင့်သာ နည်းလမ်းတကျ ဆောင်ရွက်လျက်ရှိကြောင်း ထပ်လောင်းတင်ပြအပ်ပါတယ်။

မဲဆန္ဒရှင်ပြည်သူများခင်ဗျား. . . . .

ရွေးကောက်ပွဲဆိုတာ အနိုင်နဲ့အရှုံး ဒွန်တွဲနေပါတယ်။ မည်သည့်ရလဒ်ပဲရပါစေ၊ ပြည်ခိုင်ဖြိုးပါတီကို ယုံကြည်စွာ ထောက်ခံပေးမယ့် မဲဆန္ဒရှင်ပြည်သူများကို ကြိုတင်ကျေးဇူးတင်ရှိပါတယ်။ ပြည်ခိုင်ဖြိုးပါတီဟာ ပြည်သူတို့ရဲ့ ယုံကြည်ထောက်ခံမှုနဲ့ ရှင်သန်နေတာဖြစ်လို့ နိုင်ငံတော်နဲ့ ပြည်သူ့အနာဂတ်အတွက် ပိုမိုတိုးတက်ဖွံ့ဖြိုးအောင် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ အမျိုးသားရေးကိုအစဉ်ထာဝရ ဦးထိပ်ထားတဲ့ ပါတီဖြစ်တဲ့အတွက်လည်း-

“ကမ္ဘာတည်သရွေ့ မြန်မာပြည် ရှိနေရပါမယ်
မြန်မာပြည်ရှိနေသရွေ့ ပြည်ခိုင်ဖြိုးပါတီ ရှိနေမှာဖြစ်သလို
ပြည်ခိုင်ဖြိုးပါတီရှိနေသမျှ
အမျိုးဂုဏ်၊ ဇာတိဂုဏ်မညှိုးနွမ်းစေရ
မြန်မာပြည်နယ်နိမိတ်
မပြောင်းလဲစေရ
ပြည်ပနိုင်ငံများရဲ့ ဗိုလ်ကျစိုးမိုးမှု
မခံစေရ”လို့ လေးနက်စွာ အာမခံပါတယ်။

ပြည်သူ့အတွက် စေတနာ၊ လုပ်အား၊ သစ္စာတရားနဲ့ အတွေ့အကြုံ ပြည့်ဝရင့်ကျက်တဲ့ ကျွန်တော်တို့ပါတီကို ယုံကြည်စွာ ပူးပေါင်းလက်တွဲကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။

ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင် ပြည်သူများခင်ဗျား. . . .

ရွေးကောက်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ကြတဲ့ နိုင်ငံရေးပါတီများအနေနဲ့ ၎င်းတို့ရဲ့ မူဝါဒများ၊ ရည်မှန်းချက်များ၊ စွမ်းဆောင်နိုင်မှုများကို ရွေးကောက်ပွဲကတိကဝတ်များအဖြစ် မဲဆန္ဒရှင်ပြည်သူများထံ ကြိုတင်အသိပေး အဆုံးအဖြတ်ခံယူလေ့ရှိပါတယ်။ ဒ့ါကြောင့် ကျွန်တော်တို့ လက်တွေ့ဆောင်ရွက်နိုင်တဲ့ ကိစ္စများကိုသာ စိတ်ကောင်းစေတနာမှန်ဖြင့် ရိုးသားစွာ ကတိကဝတ်ပြုမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ပါတီအနေနဲ့-

- **အမျိုးသားရေးနဲ့ အမျိုးသားအကျိုးစီးပွား တိုးတက်ခိုင်မာရေး ဦးစားပေးဆောင်ရွက်သွားပါမယ်။**
- **လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့အတိုင်း ရရှိခံစားစေရပါမယ်။**
- **ကျွန်တော်တို့ပါတီအစိုးရလက်ထက်က စတင်တည်ဆောက်ခဲ့တဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှု တိုးတက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားပါမယ်။**
- **ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုစနစ်ထူထောင်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားပါမယ်။**
- **နိုင်ငံတော်ရဲ့ပိုင်နက်နယ်မြေ တစ်လက်မမျှ မည်သို့သော အကြောင်းကြောင်းကြောင့်မျှ ဆုံးရှုံးလျော့ပါးခြင်းမရှိအောင် တာဝန်ယူဆောင်ရွက်သွားပါမယ်။**
- **စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေးအပါအဝင် လူမှုစီးပွားဘဝ လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ပေးသွားပါမယ်။**
- **လက်ရှိဆောင်ရွက်နေတဲ့ အခွန်အကောက်ဆိုင်ရာ မူဝါဒများကို ပြန်လည်သုံးသပ်ဆောင်ရွက်သွားပါမယ်။**
- **ပြည်ထောင်စုဖွား တိုင်းရင်းသားများအားလုံး ပိုင်ဆိုင်ကြတဲ့ မြန်မာတို့ရဲ့ မျိုးရိုးဂုဏ်သိက္ခာ မြင့်မားတိုးတက်အောင် ဆောင်ရွက်သွားပါမယ်။**
- **အခြေခံဥပဒေကခွင့်ပြုထားတဲ့ နိုင်ငံသားများရဲ့ မူလအခွင့်အရေးများကို အပြည့်အဝခံစားနိုင်အောင် ဆောင်ရွက်သွားပါမယ်။**
- **လက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်တဲ့ ပြည်သူ့လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်ပေးသွားပါ့မယ်လို့ ကတိကဝတ်ပြုရင်း . . . .**

“ပြည်သူ့အနာဂတ် ပိုမိုတောက်ပဖို့
ပြည်ခိုင်ဖြိုးနဲ့ လက်တွဲစို့” လို့
တိုက်တွန်းနှိုးဆော်လိုက်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

ပြည်ခိုင်ဖြိုးတို့ အဓိဋ္ဌာန်

စိတ်ဓာတ်. . . စည်းကမ်း. . . ကြံ့ခိုင်. . . စည်းလုံး. . . ပါတီရဲ့ ဆောင်ပုဒ်နဲ့အညီ. . . ရှေ့ဆက်နေပါသည်. . . ပြည်သူ့သဘောထားတို့အလေးထား၍. . . ပြည်သူ့အခွင့်အရေး ဦးစားပေးမည်. . . ပြည်သူ့လိုအပ်ချက် တို့ဆောင်ရွက်ပါမည် . . . ပြည်သူအားလုံး ပြုံးပျော် စိတ်နှလုံးကြည်. . . ပညာရေးစနစ်မြင့်မားစေရန်ရည် . . . ကျန်းမာရေးအတွက် လန်းဖြာစေရမည်. . . ဝမ်းစာရေးလည်း မှန်းကာတွေးသလို ချမ်းသာရစေမည်. . . ဒီမိုကရေစီ ဖော်ဆောင်ဖို့အတွက် အားလုံးလက်တွဲ ဆောင်ရွက်မည်. . . တိုင်းပြည်တိုးတက်ရေးလည်း ရှေးရှုနေပါသည်. . . စစ်မှန်သော ဒီမိုကရေစီ ငြိမ်းချမ်းသော ဒီမိုကရေစီ. . . ပြည်ထောင်စုကြီးအတွက် ထာဝရရှိမည်. . . ပြည်ခိုင်ဖြိုး ပြည်ခိုင်ဖြိုး ပြည်ခိုင်ဖြိုးတို့ အဓိဋ္ဌာန်ထားပါသည်။

တူရကီသမ္မတ၏ ဆီးရီးယားအရေး ယာယီစစ်ပြေငြိမ်းမှု ကမ်းလှမ်းချက်ကို ရုရှားနှင့်အီရန်သမ္မတတို့ ပယ်ချ

ဒမတ်စကတ် စက်တင်ဘာ ၈

ဆီးရီးယားအရေးနှင့်ပတ်သက်ပြီး ယာယီစစ်ပြေငြိမ်းမှုရရှိရန် တူရကီသမ္မတ၏ ကမ်းလှမ်းမှုကို ရုရှားနှင့်အီရန်သမ္မတတို့က ငြင်းပယ်ခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်၊ အီရန်သမ္မတ ဟာဆန်ရိုဟာနီနှင့် တူရကီသမ္မတအာဒိုဂန်တို့သည် ဆီးရီးယားအရေးနှင့်ပတ်သက်ပြီး တီဟီရန်မြို့၌ စက်တင်ဘာ ၇ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဆီးရီးယားသမ္မတ ဘာရှာအယ်အာဆက်အစိုးရက အစိုးရဆန့်ကျင်အဖွဲ့များ ခြေကုပ်ယူသိမ်းပိုက်ထားသည့် အီဒ်လဘ်စီရင်စုကို ပြင်းပြင်းထန်ထန် ထိုးစစ်ဆင်တိုက်ခိုက်ရန် စီစဉ်ထားကြောင်း သိရသည်။

ရုရှားနှင့်အီရန်တို့သည် ဆီးရီးယားသမ္မတ ဘာရှာအယ် အာဆက်အစိုးရအဖွဲ့အား ကူညီထောက်ပံ့ပေးပြီး တူရကီအစိုးရက ဆီးရီးယားအစိုးရဆန့်ကျင်ရေးအဖွဲ့အား ကျောထောက်နောက်ခံပြုပေးလျက်ရှိသည်။

ဆီးရီးယားနိုင်ငံ အီဒ်လဘ်စီရင်စုရှိ အကြမ်းဖက်အဖွဲ့အစည်းများကို ထိုးစစ်ဆင်တိုက်ခိုက်မှုသည် ဆီးရီးယားနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် အလွန်ပင်အရေးကြီးသော လုပ်ဆောင်ချက်တစ်ရပ်ဖြစ်ကြောင်း အီရန်သမ္မတ ရိုဟာနီက ပြောကြားခဲ့သည်။

ရုရှားသမ္မတပူတင်က ဆီးရီးယားနိုင်ငံ တည်ငြိမ်အေးချမ်းမှုရရှိရေးအတွက် နိုင်ငံအတွင်းရှိ မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို သုတ်သင်ဖယ်ရှားရန် လိုအပ်မည်ဖြစ်ကြောင်းနှင့် အီဒ်လဘ်စီရင်စုရှိ အကြမ်းဖက်အဖွဲ့အစည်းများကို ထိုးစစ်ဆင်တိုက်ခိုက်မှုသည် မဖြစ်မနေလုပ်ဆောင်ရမည့် အလုပ်တစ်ခုဖြစ်သည်ဟု ပြောကြားခဲ့သည်။ သို့သော် တူရကီသမ္မတ အာဒိုဂန်က အကြမ်းဖက်သမားများ သိမ်းပိုက်ထားသော အီဒ်လဘ်စီရင်စုကို ထိုးစစ်ဆင်တိုက်ခိုက်မည်ဆိုပါက ပြည်သူများအနေဖြင့် ကပ်ဘေးဆိုက်မည်မှာ မလွဲဧကန်ပင်ဖြစ်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အစည်းအဝေးပွဲပြီးနောက် သမ္မတသုံးဦးက စစ်ရေးပဋိပက္ခအတွင်း အရပ်သားများသေဆုံးမှု လျော့ပါးစေရန်တိုက်တွန်းထားသည့် ပူးတွဲကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

ယခုရက်သတ္တပတ်အစောပိုင်းတွင် ရုရှားတပ်ဖွဲ့က အီဒ်လဘ်စီရင်စုအတွင်း၌ လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့သည်။ ဆီးရီးယားအစိုးရအဖွဲ့ကလည်း ရုရှားနှင့်အီရန်တို့၏ ထောက်ပံ့မှုရယူကာ အီဒ်လဘ်စီရင်စုရှိ အကြမ်းဖက်သမားများကို စစ်ဆင်ရေး ကြိုတင်ဆင်နွှဲနိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

အလားတူ တူရကီနိုင်ငံ အစ္စတန်ဘူမြို့တွင် ဆီးရီးယားဒုက္ခသည်များနှင့် တူရကီပြည်သူပြည်သားများက အီဒ်လဘ်စီရင်စုရှိ အကြမ်းဖက်သမားများအား ထိုးစစ်ဆင်တိုက်ခိုက်မှုကို ဆန့်ကျင်ကြောင်း ဆန္ဒထုတ်ဖော်ခဲ့ကြသည်။ တူရကီလူ့အခွင့်အရေးလှုပ်ရှားသူများအပါအဝင် လူပေါင်း ၂၀၀ ခန့်က အစ္စတန်ဘူမြို့ရှိ လမ်းမများပေါ်တွင် စက်တင်ဘာ ၇ ရက်က ဆန္ဒထုတ်ဖော်ခဲ့ကြကြောင်း သိရသည်။

အီဒ်လဘ်စီရင်စုအား ထိုးစစ်ဆင်တိုက်ခိုက်ရေးဆင်နွှဲမည့်အစီအစဉ်ကို ပိတ်ပင်တားဆီးရန် ကမ္ဘာ့နိုင်ငံများသို့ အကူအညီတောင်းခံရန် ဆီးရီးယားဒုက္ခသည်တစ်ဦးက ၎င်းအနေဖြင့် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။ **အင်န်အိတ်ချ်ကေ**

နီပေါနိုင်ငံ အလယ်ပိုင်းတွင် လူခုနစ်ဦးပါ ရဟတ်ယာဉ်တစ်စင်း ပျက်ကျ

ခတ္တမန္ဍူ စက်တင်ဘာ ၈

နီပေါနိုင်ငံအလယ်ပိုင်း တောင်တန်းဒေသတစ်နေရာတွင် စက်တင်ဘာ ၈ ရက်က လူခုနစ်ဦးလိုက်ပါသွားသည့် ရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့ပြီး ရဟတ်ယာဉ်ပေါ်ပါသူများ၏ အခြေအနေကို မသိရှိရသေးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

တောင်တက်သမားတစ်ဦးပါဝင်

ခရီးသည် ခြောက်ဦးလိုက်ပါလာသည့် ရဟတ်ယာဉ်တစ်စင်းသည် နိုင်ငံအလယ်ပိုင်း ဂေါ့ဟာခရိုင်မှ ပျံတက်ပြီးနောက် လေကြောင်းထိန်းသိမ်းရေးမျှော်စင်နှင့် အဆက်အသွယ်ပြတ်တောက်သွားခဲ့ကြောင်း၊ ခရီးသည်များထဲတွင် ဂျပန်လူမျိုး တောင်တက်သမားတစ်ဦး ပါဝင်ပြီး အဆိုပါရဟတ်ယာဉ်မှာ မြို့တော်ခတ္တမန္ဍူသို့ ဦးတည်ပျံသန်းစဉ် ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ရဟတ်ယာဉ်ပျက်၍ အစိတ်အပိုင်းများကို အိမ်နီးချင်း ဒါခ်ျမင်းခရိုင်အတွင်းရှိ သစ်တောထူထပ်သည့်တောင်ကုန်းဒေသတွင် တွေ့ရှိရကြောင်း ခတ္တမန္ဍူလေဆိပ် အထွေထွေမန်နေဂျာ ရာ့ချ်ကူမားချက်ထရီက ပြောကြားသည်။

ကြိုးပမ်းနေ

ရဟတ်ယာဉ်ပျက်ကျရာဒေသသို့ ရောက်ရှိရေးအတွက် မိမိတို့ ကုန်းလမ်းနှင့် လေကြောင်းတို့မှ ကြိုးပမ်းနေသော်လည်း ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ရာသီဥတုက အဟန့်အတားဖြစ်နေကြောင်း ၎င်းက ပြောကြားသည်။

နီပေါနိုင်ငံတွင် ၂၀၁၆ ခုနှစ်အတွင်းကလည်း ရဟတ်ယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လူခုနစ်ဦး သေဆုံးခဲ့ရသည်။ အဆိုပါ ရဟတ်ယာဉ်သည် မြို့တော်ခတ္တမန္ဍူ၏ မြောက်ဘက်မှ ၂၂ ကီလိုမီတာ (၁၄ မိုင်)အကွာတွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။

အေအက်ဖ်ပီ

ဘာဆရာမြို့ရှိ အီရန်ကောင်စစ်ဝန်ရုံးကို ဆန္ဒပြသမားများက မီးရှို့

ဘဂ္ဂဒက် စက်တင်ဘာ ၈

အီရတ်နိုင်ငံတောင်ပိုင်းရှိ ဘာဆရာမြို့တွင် စက်တင်ဘာ ၇ ရက်တွင် ဆန္ဒပြသမားများက အီရန် ကောင်စစ်ဝန်ရုံးအား စီးနင်းပြီး ရုံးအဆောက်အအုံကို မီးတင်ရှို့ခဲ့ကြကြောင်း လုံခြုံရေးသတင်းရင်းမြစ်များက ဖော်ပြထားသည်။

အဆိုပါ ကောင်စစ်ဝန်ရုံးအား ဆန္ဒပြသမားများက တိုက်ခိုက်မှုမပြုမီကပင် ရုံးအတွင်းရှိ အီရန်လူမျိုးဝန်ထမ်းများကို ဘေးကင်းလုံခြုံသည့်နေရာသို့ ဆုတ်ခွာစေခဲ့ကြောင်း အမည်ဖော်ပြခြင်းမရှိသူတစ်ဦးက ပြောကြားသည်ဟု လုံခြုံရေးသတင်းရပ်ကွက်က ဖော်ပြသည်။

အီရန်ကောင်စစ်ဝန်ရုံးအား ဆန္ဒပြသမားများ၏ တိုက်ခိုက်မှုကြောင့် အလွန်အမင်း စိတ်ထိခိုက်ရကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာနက နောက်ပိုင်းတွင် ပြောကြားသည်။ ဆန္ဒပြသမားတို့၏ လုပ်ရပ်ကို လုံးဝလက်မခံနိုင်ကြောင်း အီရတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ အာမက်မာဂျော့ဘ်၏ ထုတ်ပြန်ချက်တွင် ဖော်ပြသည်။

ဆန္ဒပြသမားများသည် အမေရိကန်ကောင်စစ်ဝန်ရုံး ရှိရာသို့ ဦးတည်သွားရောက်ခဲ့သော်လည်း လုံခြုံရေးအစီအမံများ တိုးမြှင့်ထားမှုကြောင့် ၎င်းတို့၏ ကြိုးပမ်းမှုများ အောင်မြင်မှုမရရှိခဲ့ကြောင်း လုံခြုံရေးသတင်းများ၌ ဖော်ပြသည်။

ဘာဆရာမြို့ အလယ်ပိုင်း ဘာအီဟာဒေသရှိ အီရန်က ထောက်ခံမှုပေးထားသည့် အာဆစ်အဟဲအယ်လ်ဟက် စစ်သွေးကြွအုပ်စု၏ အဆောက်အအုံကိုလည်း ဆန္ဒပြသမားများက မီးတင်ရှို့ခဲ့ရာ အဆိုပါ စစ်သွေးကြွအဖွဲ့မှ တိုက်ခိုက်ရေးသမားများက သေနတ်များဖြင့် ပြင်းထန်စွာ ပစ်ခတ်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ဆင်ဟွာ

နယ်စပ်ဒေသ၌ ပါလက်စတိုင်းများနှင့် တိုက်ခိုက်မှုများဖြစ်ပွားပြီးနောက် အစ္စရေးတိုက်လေယာဉ်များ ဂါဇာကမ်းမြောင်ရှိ ဟားမားစ်စခန်းနှစ်ခုအား တိုက်ခိုက်

ဂျေရုဆလင် စက်တင်ဘာ ၈

ဂါဇာကမ်းမြောင်ဒေသ ဟားမားစ်အဖွဲ့က အုပ်စိုးသည့် နယ်မြေအတွင်းရှိ ၎င်းအဖွဲ့ပိုင် စစ်မြေပြင် အကဲကြည့်စခန်းနှစ်ခုအား စက်တင်ဘာ ၇ ရက်တွင် အစ္စရေးစစ်လေယာဉ်က တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်)က ပြောကြားသည်။

ဂါဇာနယ်စပ်လုံခြုံရေးစည်းရိုးအတွင်းရှိ အစ္စရေးစစ်သည်များအား ပါလက်စတိုင်းဆန္ဒပြသမားများက လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့ပြီးနောက်တွင် ဂါဇာကမ်းမြောင်မြောက်ပိုင်းရှိ ဟားမားစ်တို့၏ စစ်မြေပြင် အကဲကြည့်စခန်းကို အစ္စရေးလေယာဉ်က ပထမအကြိမ်အဖြစ် ပစ်ခတ်ခဲ့သည်။

ဂါဇာကမ်းမြောင် နယ်စပ်ဒေသရှိ အစ္စရေးလုံခြုံရေးတပ်ဖွဲ့၏ အဆောက်အအုံတစ်ခုအား ဖျက်ဆီးခဲ့ခြင်းကို လက်တုံ့ပြန်အနေဖြင့် ဂါဇာကမ်းမြောင်တောင်ပိုင်းရှိ ဟားမားစ်တို့၏ အခြားစစ်မြေပြင် အကဲကြည့်စခန်းကိုလည်း လေကြောင်းမှ တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးလုံခြုံရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်)၏ ကြေညာချက်တွင်ဖော်ပြသည်။

စက်တင်ဘာ ၇ ရက်က ထောင်ပေါင်းများစွာသော ပါလက်စတိုင်းဆန္ဒပြသမားများနှင့် အစ္စရေးကာကွယ်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များအကြား နယ်စပ်လုံခြုံရေးစည်းရိုးအနီး၌ တိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အသက် ၁၇ နှစ်အရွယ် ပါလက်စတိုင်းလူငယ်တစ်ဦးမှာ အစ္စရေးတို့ပစ်ခတ်သည့် သေနတ်ကျည်ဆန်ထိမှန်သဖြင့် သေဆုံးခဲ့ကြောင်း ဂါဇာကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဆင်ဟွာ

ဖာမီနိုနှင့် နေမာတို့၏ သွင်းဂိုးများဖြင့် အမေရိကန်ကို ဘရာဇီးအနိုင်ရရှိ

နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သည့် အမေရိကန်အသင်းနှင့် ဘရာဇီးအသင်းတို့၏ ပွဲစဉ်တွင် ဘရာဇီးအသင်းက အမေရိကန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် တိုက်စစ်မှူး ဖာမီနိုသည် ပွဲကစားချိန် ၁၁ မိနစ်တွင် ဘရာဇီးအသင်းအတွက် ဦးဆောင်ဂိုးစတင်သွင်းယူပေးနိုင်ခဲ့ပြီး တိုက်စစ်မှူးနေမာကမူ ပွဲကစားချိန် ၄၃ မိနစ်တွင် တစ်ဂိုးသွင်းယူပေးခဲ့ခြင်းဖြစ်သည်။

ယခုပွဲစဉ်တွင် တိုက်စစ်မှူး နေမာသည် တစ်ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဘရာဇီးလက်ရွေးစင်အသင်းနှင့်အတူ ပွဲပေါင်း ၉၁ ပွဲတွင် ၅၈ ဂိုးအထိ သွင်းယူထားနိုင်ခဲ့ပြီဖြစ်သည်။

ဘရာဇီးအသင်းနည်းပြ တီတီသည် အဲဗာတန်အသင်းတိုက်စစ်မှူး ရစ်ချ်ဆန်အား ဘရာဇီးအသင်းနှင့်အတူ ဒုတိယပိုင်းတွင် စတင်ပွဲထွက်ကစားစေခဲ့သည်။

အခြားသော နိုင်ငံတကာချစ်ကြည်ရေးခြေစမ်းပွဲစဉ်များတွင် ကိုလံဘီယာအသင်းက ဗင်နီဇွဲလားအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အီကွေဒေါအသင်းက ဂျမေကာအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ဥရုဂွေးအသင်းက မက္ကဆီကိုအသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ အာဂျင်တီးနားအသင်းက ဂွာတီမာလာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အမေရိကန်အိုးပင်းတင်းနစ်နောက်ဆုံးဗိုလ်လုပွဲသို့ ဆရီနာဝီလျံ ကိုးကြိမ်မြောက် တက်လှမ်း

အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ဆီမီးဖိုင်နယ်အဆင့် ပွဲစဉ်တွင် အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် ဩစတြေးလျတင်းနစ်မယ် မာဂရက်ကော့အား အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဆရီနာဝီလျံသည် ယခုကဲ့သို့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းမှာ ကိုးကြိမ်မြောက် တက်လှမ်းလာခဲ့ခြင်းဖြစ်သည်။

ဆရီနာဝီလျံသည် ဇူလိုင်လအတွင်းက ဝင်ဘယ်ဒန်တင်းနစ်ဗိုလ်လုပွဲတွင် ကာဘာအား ရှုံးနိမ့်ခဲ့ရပြီး လက်ရှိတွင် သမီးဖြစ်သူ အိုလံပီယာမွေးဖွားခဲ့ပြီးနောက်ပိုင်း ပထမဆုံး ဂရန်းဆလမ်းဆုဖလားရရှိနိုင်မည့် အခွင့်အရေးတစ်ရပ်လည်း ပိုင်ဆိုင်နေပြီဖြစ်သည်။

အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံသည် နောက်ဆုံးဗိုလ်လုပွဲတွင် ဂျပန်တင်းနစ်မယ် နာအိုမီအိုဆာကာနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အိုဆာကာသည် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ခဲ့ခြင်းမှာ ဂျပန်တင်းနစ်မယ်များထဲတွင် ဂရန်းဆလမ်းဖိုင်နယ်သို့ ပထမဆုံးတက်လှမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

တင်းနစ်မယ် ဆရီနာဝီလျံမှာ ဂရန်းဆလမ်းနောက်ဆုံးဗိုလ်လုပွဲသို့ ၃၁ ကြိမ်မြောက် တက်လှမ်းလာခဲ့ခြင်းဖြစ်ပြီး ၂၄ ကြိမ်မြောက်ဂရန်းဆလမ်းဆုဖလားကို ရယူနိုင်မည့် အခွင့်အရေးလည်း ပိုင်ဆိုင်ခွင့်ရရှိထားသည်။

ပထမအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်မရပါက ချယ်လ်ဆီးအသင်းမှ ကာဟေးလ် ထွက်ခွာမည်

ချယ်လ်ဆီးအသင်းနောက်တန်းကစားသမား ကာဟေးလ်သည် ပထမအသင်းတွင် ပုံမှန်ပွဲထွက်ကစားခွင့်မရရှိပါက အသင်းမှ ထွက်ခွာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်္ဂလန်နောက်တန်းကစားသမား ကာဟေးလ်သည် ချယ်လ်ဆီးအသင်းကို နည်းပြသစ် ဆာရီ စတင်တာဝန်ယူကိုင်တွယ်စဉ်ကတည်းက ပွဲထွက်ကစားခွင့်ပျောက်ဆုံးခဲ့ရသူဖြစ်သည်။

နောက်တန်းကစားသမား ကာဟေးလ်သည် ချယ်လ်ဆီးအသင်းတွင် ခြောက်နှစ်ကြာပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ပုံမှန်ကစားခွင့်မရပါက လာမည့်ဇန်နဝါရီအပြောင်းအရွှေ့တွင် စတမ်းဖို့ဒ်ဘရစ်ချ်မှ ထွက်ခွာမည်ဟုဆိုသည်။

နောက်တန်းကစားသမား ကာဟေးလ်သည် ၂၀၁၂ ခုနှစ်က ဘော်လ်တန်အသင်းမှ ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီး ချယ်လ်ဆီးအသင်းနှင့်အတူ ပရီမီယာလိဂ်ဖလားအပါအဝင် အခြားသောဆုဖလားများကိုလည်း ရယူဆွတ်ခူးနိုင်ခဲ့သူဖြစ်သည်။

ချယ်လ်ဆီးအသင်းသည် ယူရိုပါလိဂ်ပွဲစဉ်အဖြစ် ပီအေအိုကေဆာလိုနီကာအသင်းနှင့် ယှဉ်ပြိုင်ကစားရန် စက်တင်ဘာ ၂၀ ရက်တွင် ဂရိမြေသို့ သွားရောက်ရမည်ဖြစ်သည်။

ငွေကြယ် - ရေးသားသည်

ရာဖေးလ်နာဒယ် ဒူးဒဏ်ရာရရှိခဲ့ခြင်းကြောင့် ဂျူအန်မာတင် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲတက်ရောက်

နယူးယောက်မြို့တွင် ကျင်းပလျက်ရှိသည့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ရာဖေးလ်နာဒယ်နှင့် ဂျူအန်မာတင်တို့သည် အမျိုးသားတစ်ဦးချင်းတင်းနစ်ပြိုင်ပွဲ၏ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ရာဖေးလ်နာဒယ်မှာ ဒူးဒဏ်ရာရရှိခဲ့သဖြင့် မယှဉ်ပြိုင်နိုင်ခဲ့ခြင်းကြောင့် ဂျူအန်မာတင်က နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

ရာဖေးလ်နာဒယ်သည် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်သော်လည်း ဒူးဒဏ်ရာပြဿနာကြောင့် အနားယူခဲ့ရကာ ဂျူအန်မာတင်မှာ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ ပထမဆုံးအကြိမ်တက်လှမ်းခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

ရာဖေးလ်နာဒယ် ဒူးဒဏ်ရာကြောင့် ပြိုင်ပွဲမှ မထွက်ခွာမီတွင် အာဂျင်တီးနားတင်းနစ်ကစားသမား ဂျူအန်မာတင်မှာ ၇-၆(၇-၃)၊ ၆-၂ ဖြင့် ဦးဆောင်ကစားနိုင်ခဲ့ကြောင်းလည်း သိရသည်။ ဂျူအန်မာတင်သည် နောက်ဆုံးဗိုလ်လုပွဲတွင် ဆားဘီးယားတင်းနစ်အကျော်အမော်ဂျိုကိုဗစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ကျောက်မဲမြို့အနီး ပြည်ထောင်စုကားလမ်းတွင် ကျွဲများတင်ဆောင်လာသည့် ယာဉ်တစ်စီးအား လက်နက်ငယ်ဖြင့်ပစ်ခတ်၍ လူနှစ်ဦးသေဆုံး

ကျောက်မဲ စက်တင်ဘာ ၈
ကျောက်မဲဘက်မှ သီပေါဘက်သို့ကားလမ်းအတိုင်း ယာဉ်မောင်း စိုင်းလောင်ဝ်ဆိုင်မောင်းနှင်ပြီး ကျွဲထိန်းသူ ဟာဆန်လိုက်ပါလာသည့် ကျွဲအရွယ်စုံ ၂၅ ကောင်တင်ဆောင်လာသော ၁၂ ဘီးယာဉ်ကို ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်က ကျောက်မဲမြို့၏အရှေ့မြောက်ဘက် လေးမိုင်ခန့်အကွာ ပြည်ထောင်စုကားလမ်းကြီးပေါ်ရှိ မိုင်တိုင်အမှတ် ၁၁၃/၀ ဖူးခါးကျေးရွာအနီးတွင် လမ်း၏ဘယ်ဘက်ခြမ်းမှ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရကြောင်း သိရသည်။

လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရမှုကြောင့် ယာဉ်မောင်း စိုင်းလောင်ဝ်ဆိုင်၊ ကျွဲထိန်းသူ ဟာဆန်နှင့် ယာဉ်ပေါ်ပါ ကျွဲလေးကောင်တို့မှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။

အဆိုပါကျွဲများအား တပ်ကုန်းမြို့မှ မူဆယ်မြို့သို့ ပို့ဆောင်ပေးရန်အတွက် တင်ဆောင်မောင်းနှင်လာစဉ် ကျောက်မဲမြို့အလွန်တွင် ယခုကဲ့သို့ လက်နက်ငယ်များဖြင့် ပစ်ခတ်ခံရခြင်းဖြစ်ပြီး အခင်းဖြစ်နေရာတစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းမှုများ ဆောင်ရွက်လျက်ရှိကြောင်း ကျောက်မဲမြို့မရဲစခန်းမှ သိရသည်။

သီပေါကိုလတ်

ဆီဆိုင်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ငါးသောင်းကျော် သိမ်းဆည်းရမိ

ဆီဆိုင် စက်တင်ဘာ ၈
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နားခိုက်ကျေးရွာအုပ်စု နားခိုက်-ဖက်နံ့ရွာသွား ကားလမ်းမပေါ်တွင် စက်တင်ဘာ ၇ ရက် ည ၈ နာရီခွဲခန့်က စိတ်ကြွရူးသွပ်ဆေးပြား ၅၄၅၀၀ သိမ်းဆည်းရမိခဲ့ကြောင်း ဆီဆိုင်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ တောင်ကြီးခရိုင် မူခင်းနှိမ်နင်းရေးဌာနနှင့် ဘန်းယဉ်နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် ဖက်နံ့ရွာမှ နားခိုက်ရွာဘက်သို့ သန်းထွန်းမောင်းနှင်ပြီး အောင်သန်းလိုက်ပါလာသော ယာဉ်အမှတ်(MDY 7B/----) နံပါတ်ပါ HILUX TOYOTA ယာဉ်ကို ရှာဖွေစစ်ဆေးခဲ့ရာ ၎င်းတို့စီးနင်းလာသော ကားနောက်ခန်းထိုင်ခုံအောက်ရှိ အဖြူရောင်ပီနံအိတ်အတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀ စီပါ အထုပ် ၂၇၂ ထုပ်နှင့် ၁၀၀ ပါ အထုပ် တစ်ထုပ် စုစုပေါင်း ၅၄၅၀၀ ပြား(ကာလတန်ဖိုး ငွေကျပ် ၈၁၇၅၀၀၀၀) တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဘန်းယဉ်နယ်မြေရဲစခန်းက အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခွန်ရဲထွေး(ဆီဆိုင်)

လယ်ဝေးမြို့နယ်၌ မူးယစ်ဆေးဝါးနှင့် ကျည်ဆန်များ သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၈
လယ်ဝေးမြို့နယ် ရုံးတောကျေးရွာ V-4 လမ်းဘေးရှိ ဖြိုးသီရိလက်ဖက်ရည်ဆိုင်ရှေ့၌ ရှေ့ဘီးပေါက်၍ရပ်တန့်ထားသည့် Corolla နက်ပြာရောင်ယာဉ်အား ယမန်နေ့နံနက် ၂ နာရီက သတင်းအရ ရှာဖွေရာ မော်တော်ယာဉ်အတွင်းမှ WY စိတ်ကြွရူးသွပ်ဆေးပြား ခုနစ်ပြား၊ ပွိုင့် ၂၂ ကျည် နှစ်တောင့်၊ ကျည်ခွံ သုံးခု၊ ကျည်ဖူး နှစ်ခု၊ အရိုးအသွား ကိုးလက်မခန့်ရှိ ဓား လေးချောင်း၊ အရိုးအသွား ၂၇ လက်မခန့်ရှိ ငှက်ကြီးတောင်ဓား တစ်ချောင်း၊ ဆေးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများ၊ သက်နိုင်အမည်ပါ ယာဉ်မောင်းလိုင်စင်တစ်ခုနှင့် KNU/KNLA PC စာတန်းပါ ရွှေရောင်တံဆိပ်တစ်ခုတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် လယ်ဝေးမြို့မရဲစခန်းက မူးယစ် (ပ)၅/၂၀၁၈၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၂(ခ)ဖြင့် အမှုဖွင့်အရေးယူခဲ့သည်။

အမှုအား စုံစမ်းစစ်ဆေးခဲ့ရာ တရားခံ သက်နိုင်သည် ယမန်နေ့ နံနက် ၁ နာရီတွင် အရှည် သုံးပေခန့်ရှိ ခါးချိုးလေသေနတ် တစ်လက်နှင့် ငှက်ကြီးတောင်ဓား တစ်ချောင်းကိုလွယ်၍ V-4 လမ်းဘေးရှိ ဖြိုးသီရိလက်ဖက်ရည်ဆိုင်အနီး ချစ်သူ(ခ)အောင်ဆန်းဦး၏ ဆိုင်ကယ်ကိုငှားစီးရာ ရှားချောင်းလမ်းဆုံတွင် ဆိုင်ကယ်မောင်းသူ ဖုန်းပြောနေချိန် ဆိုင်ကယ်သော့ကပ်ဖြုတ်၍ မောင်းနှင်ထွက်ပြေးသွားပြီးနောက် လေသေနတ်ကို V-4 လမ်းဘေးချုံပုတ်အတွင်း၌လည်းကောင်း၊ ဆိုင်ကယ်ကို သာဝတ္တိစက်ရုံစုရပ်ကွက် ရန်ကုန်-မန္တလေးလမ်းဟောင်း ကားလမ်းဘေး၌လည်းကောင်း ထားရှိခဲ့ပြီး အငှားယာဉ်တစ်စီးကို ငွေကျပ် နှစ်သိန်းဖြင့်ငှားရမ်းကာ မန္တလေးဘက်သို့ ထွက်ခွာသွားကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ တရားခံပုံသဏ္ဌာန်နှင့် အချက်အလက်များ ဖြန့်ဝေစုံစမ်းခဲ့ရာ ပုဂံမြို့ အာနန္ဒာဘုရား မြောက်ဘက်မုခ်ဦးအနီး၌ WY စိတ်ကြွရူးသွပ်ဆေးပြား ၂၁ ပြား၊ ငွေစက္ကူရောရာ ၃၃၅၀၀၀ ကျပ်၊ စင်ကာပူဒေါ်လာ ၅ ဒေါ်လာတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သဖြင့် တရားခံ သက်နိုင်အား ပုဂံနယ်မြေရဲစခန်းက မူးယစ်(ပ)၁/၂၀၁၈၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေပုဒ်မ ၁၆(ဂ)/၂၂ (ခ)ဖြင့် အမှုဖွင့်၍ အသေးစိတ်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)၌ မွေးကင်းစကလေးအလောင်း တွေ့ရှိ

ရန်ကုန် စက်တင်ဘာ ၈
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၈)ရပ်ကွက် ငွေဇင်ယော်လမ်း (ကျူး)နေအိမ်များနောက်ကျောရှိ တံတားဖြူချောင်းကမ်းစပ်တွင် ယနေ့ နံနက် ၈ နာရီခွဲခန့်က မွေးကင်းစကလေးငယ်တစ်ဦး၏အလောင်း တွေ့ရှိကြောင်း သိရသည်။

အကြောင်းကြားချက်အရ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မစခန်းမှူး ဒုရဲမှူးကျော်ဝင်းမောင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးရာ ကလေးငယ်မှာ ချက်ကြိုးတန်းလန်းဖြင့် မွေးကင်းစမိန်းကလေးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့၍ အလောင်းအားစစ်ဆေးရန် သင်္ချိုင်းကျွန်းစံပြဆေးရုံကြီးသို့ ရွှေသံလွင် နာရေးကူညီမှုအသင်းယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကိုကြီးစိုး(ဆိပ်ကမ်း)

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် စက်တင်ဘာ ၈
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၈၉ စီး၊ သွင်းကုန် ၁၉၆ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၉၆ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာ ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃ ဒသမ ၅၈၈ သန်းခန့်)၊ မရမ်းချောင်းအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၄၈၀ သန်းခန့်) စုစုပေါင်းတားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅ ဒသမ ၀၆၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် စက်တင်ဘာ ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က MITSUBISHI CANTER (6W) ယာဉ်တစ်စီး၊ NISSAN UD(12W) ယာဉ်တစ်စီးနှင့် CANTER(6W) ယာဉ်တစ်စီးတို့ကို စစ်ဆေးခဲ့ရာ ယာဉ်များပေါ်တွင် တရားမဝင်သယ်ဆောင်လာသည့် ပိတောက်ဓားရွေ ၁၁ ဒသမ ၁၃၆ တန်နှင့် အဆိုပါပစ္စည်းများသယ်ဆောင်လာသည့် ယာဉ်သုံးစီး (စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၃ ဒသမ ၄၀၈ သန်းခန့်)ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

တောင်ကြီး၊ ဆီဆိုင်နှင့် ပင်းတယမြို့နယ်တွင် မူးယစ်ဆေးဝါးများနှင့် တူမီးသေနတ် သိမ်းဆည်းရမိ

နေပြည်တော် စက်တင်ဘာ ၈
မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၆ ရက် ညနေ ၆ နာရီတွင် တောင်ကြီးမြို့အဝင် ၄ မိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် အောင်ကိုကို မောင်းနှင်ပြီး သန့်ဇင်ကိုကို(ခ)ချလစ်လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ အောင်ကိုကိုထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀ သိမ်းဆည်းရမိခဲ့သည်။ ကွင်းဆက်အရ စက်တင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ဆီဆိုင်မြို့နယ် နောင်မွန်ကျေးရွာအုပ်စု နမ့်ဟူးကျေးရွာရှိ ခွန်တုတ်(ခ)အောင်နိုင်၏နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၀၇ ပြား၊ တူမီးသေနတ်တစ်လက်၊ ယမ်းမှုန့် ၂၄၀ ဂရမ်တို့ကို လည်းကောင်း၊ အလားတူ ညနေ ၄ နာရီခွဲက ပင်းတယမြို့နယ် ကျုံးကျေးရွာအထွက် အောင်ပန်း-ရွာငံ-မန္တလေးသွားကားလမ်း မိုင်တိုင်အမှတ်(၇၈/၄)တွင် ထွေးထွေး (ခ)ထွေးလွင် မောင်းနှင်ပြီး ထွန်းဝေလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၂၅ ဒသမ ၂ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

နမ့်ခမ်း

အလားတူ စက်တင်ဘာ ၇ ရက် ညနေ ၆ နာရီက မူးယစ်တပ်ဖွဲ့စု ၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နမ့်ခမ်းမြို့နယ် လွယ်လင်ကန်ကျေးရွာအဝင် နမ့်ခမ်း-မုံးဝီးသွားကားလမ်းတွင် စွမ်ကျားဖာ(ခ)အားဖာမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ တူးဘောက်စ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၅၃၀ ကို လည်းကောင်း။

တာချီလိတ်

ထို့အတူ ယင်းနေ့ မွန်းလွဲ ၁ နာရီက မူးယစ်တပ်ဖွဲ့စု ၃၀ တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ပါဆတ်ရပ်ကွက် ဗိုလ်ချုပ်လမ်း၌ သန့်ဇင်ဦး(ခ)အစိုင်းမောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁ ပြားနှင့် အိုက်စ် ၁ ဒသမ ၅ ဂရမ် တို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၁ နာရီခွဲတွင် တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် တော်ကော့(အတွင်း)ကျေးရွာ အမှတ်(၇၈)ရှိ မနန်းအင်ခမ်း ငှားရမ်းနေထိုင်သည့်တိုက်ခန်းကို ရှာဖွေရာ မနန်းအင်ခမ်းနှင့် မနန်းခမ်းကျန်တို့ကို တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား ၁၁၇၈ ပြား၊ အိုက်စ် ၃၅ ဒသမ ၅ ဂရမ်နှင့် ဆေးခြောက် ရှစ်ဂရမ် တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မြန်မာ့ရုပ်မြင်သံကြား

၉-၉-၂၀၁၈(တနင်္ဂနွေနေ့)

နံနက်ပိုင်း

၆း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀	Breakfast News
၇း၃၅	လေ့လာစရာစုံလင် အမိမြန်ပြည် တစ်ခွင် "အံ့ဖွယ်ကြည်ညို ပုဂံဘုရားစုံ" (အပါယ်ရတနာဘုရား၊ လောကထိပ်ပန်ဘုရား)
၈း၃၅	တရုတ်ကာတွန်း "တောပျော်မျောက်ကလေး ကျွမ်ကျွမ်" (အပိုင်း-၅)
၉း၁၀	"အဂ္ဂမဟာပဏ္ဍိတ ဒွိပိဋကရေဘဒ္ဒန္တ အဂ္ဂဓမ္မ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင်၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး ထံမှ နဝင်္ဂဥပေါသထသီလခံယူဆောက်တည်ခြင်း"
၉း၄၀	MRTV Travelogue
၁၀း၀၀	Sunday Talk
၁၀း၃၀	မြန်မာ့အသိုက်အဝန်းထဲမှ အမျိုးသမီးများ
၁၁း၀၀	လှပစုံလင်အာဆီယံတစ်ခွင်
၁၁း၀၅	ကဗျာရိပ်မြုံ "သန့်သန့်ရှင်းရှင်းတို့ခြံဝင်း"
၁၁း၂၅	ကျန်းမာရေးမဂ္ဂဇင်း "သန်ကောင် ရောဂါအကြောင်း သိကောင်းစရာ"
၁၁း၄၀	**ဇာတ်လမ်းအတိုအထွာပြိုင်ပွဲ "ရပ်ကွက်လူမိုက်(၂)"**
၁၂း၃၀	တိပိဋကရေတိပိဋကကောဝိဒ ဘဒ္ဒန္တဝီရိယာနန္ဒဟောကြားသော "ရဟန်းတစ်ပါးကြွလာသည် တရားတော်"
၁၃း၂၀	This Week's Special Interest
၁၃း၃၅	မြန်မာဂန္ထဝင်ရုပ်ရှင် "ဘယ်သူပြိုင်လို့လှပါတော့နိုင်" (ဇော်ဝမ်း၊ အံ့ကျော်၊ တင်တင်ညို၊ တင်တင်လှ)(ဒါရိုက်တာ-ဦးသုခ)

ညပိုင်း

၁၆း၃၅	**"ပျော်ဘွယ်မြို့နယ်ထဲက မဟာဆားတောင်ကျေးရွာသို့" အလည်တစ်ခေါက်**
၁၇း၀၅	Sunday Talk
၁၇း၃၀	**"စေတနာစွမ်းအားရှင်နှင့် ကရုဏာလက်များ"**
၁၈း၂၀	**လေ့လာစရာစုံလင် အမိမြန်ပြည် တစ်ခွင်"မိခင်ကမုတ်ကောင်မှသည် ကနုကမာလက်မှုပညာဆီ"**
၁၈း၃၅	**"မန္တလေး MSMES Micro Level ပထမဆုရ ကြယ်ငါးပွင့်ကြေးသွန်းလုပ်ငန်း"**
၁၉း၁၅	နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ကြွေးမပြေ" (အပိုင်း-၂၁)
၂၀း၀၀	**ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ**
၂၀း၃၅	**၂၀၁၈ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲ၊ နိုင်ငံရေးပါတီများ၏ ဟောပြောချက် "အမျိုးသားဒီမိုကရေစီအင်အားစုပါတီ"** - In & Out "China ခရီးစဉ်" (အပိုင်း-၂)(လေးဖြူနှင့် အဖွဲ့) - နိုင်ငံခြားဇာတ်လမ်းတွဲ "အကယ်၍သာ"(အပိုင်း-၁၉) **- အစီအစဉ်ပြီး၏။**

အရှေ့ဘက်က ခရီးသွားဈေးကွက်အကြောင်း လေ့လာမိသမျှ . . .

မောင်နေ (အရာထမ်း)

၂၀၁၈ခုနှစ် ဇွန်လ ၁၂ ရက်နေ့က နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) မှာ ကျင်းပပြုလုပ်ခဲ့တဲ့ မြန်မာ့ခရီးသွားလုပ်ငန်းကွန်ဖရင့်-၂၀၁၈ ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက တက်ရောက်ဖွင့်လှစ်အမှာစကားပြောကြားခဲ့ပါတယ်။ ဒုတိယသမ္မတရဲ့ အမှာစကားမှ အချက်အလက်အချို့ကို ကောက်ယူကြည့်ရင် "မြန်မာနိုင်ငံသို့ ခရီးသည် အများဆုံးလာရောက်သော နိုင်ငံများကိုကြည့်ပါက အရှေ့တိုင်းနိုင်ငံများ၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့မှ အများဆုံးဖြစ်ပြီး ယခုလိုခရီးသွားဧည့်သည်အများဆုံးလာရောက်ကြသည့် နိုင်ငံများအား Target ထားပြီး ဧည့်သည်ပိုမိုလာရောက်ရန် ယခုထက်ပိုပြီး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်နေပြီဖြစ်ပါကြောင်း" နှင့် "မြန်မာနိုင်ငံအနေဖြင့် လတ်တလောတွင် ဥရောပနိုင်ငံသားများ ဝင်ရောက်မှုနည်းသော်လည်း အာဆီယံ+ ၃ နိုင်ငံများဖြစ်သည့် ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံများမှ ဧည့်သည်ဝင်ရောက်မှုပိုမိုတိုးတက်လာစေရန်အတွက် မျှော်မှန်းပြီး ၎င်း ၃နိုင်ငံကိုဗီဇာစနစ်များဖြေလျှော့ရန် စီစဉ်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း" ထည့်သွင်း ဖော်ပြလမ်းညွှန်မှုပေးခဲ့တာကို သိမြင်နိုင်မှာ ဖြစ်ပါတယ်။

မြန်မာ့ခရီးသွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အဆင့် အကြီးအကဲတစ်ဦးရဲ့ စိတ်ရင်းစေတနာ၊ ရည်သန်စွာ ကြိုးပမ်းဆောင်ရွက်ပေးလိုတဲ့ သဘောကို အထင်အရှားတွေ့မြင်ရပါတယ်။ အာဆီယံ+ ၃ နိုင်ငံတွေဖြစ်တဲ့ ဂျပန်၊ တရုတ်နဲ့ ကိုရီးယားသမ္မတနိုင်ငံများကို Target Market အဖြစ်ရည်ရွယ် ဆောင်ရွက်လိုသောသဘောကို တွေ့ရတဲ့အတွက် စာရေးသူတို့ ၁-၆-၂၀၁၈ မှ ၉-၆-၂၀၁၈ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဟိုင်နန်ဒေသ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဌာနရဲ့ ဖိတ်ကြားမှုနဲ့ သွားရောက်ခဲ့တဲ့ အာဆီယံ+ တရုတ်နိုင်ငံ ခေတ်သစ်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုဆိုင်ရာ ဆွေးနွေးပွဲမှ တရုတ်နိုင်ငံကပြောတဲ့ တရုတ်ခရီးသွားဈေးကွက်အကြောင်းကို ကောက်နုတ်သုံးသပ် တင်ပြခြင်းဖြစ်ပါတယ်။

ဆွေးနွေးပွဲကို ၁-၆-၂၀၁၈ ရက်နေ့ မွန်းလွဲ ၁ နာရီမှာ စတင်ခဲ့ပါတယ်။ ခရီးသွားလုပ်ငန်းနဲ့ နည်းပညာ တိုးတက်မှုကိုစတင်ဆွေးနွေးခဲ့ပြီး တည်နေရာအချိန်နဲ့ အကွာအဝေးတွက်ဆ ဖော်ပြနိုင်ဖို့ ဂြိုဟ်တုများနဲ့ချိတ်ဆက် ဆောင်ရွက်တဲ့စနစ် GPS (Global Positioning System)၊ ကမ္ဘာ့မြေမျက်နှာပြင်ဆိုင်ရာ ပထဝီအချက်အလက်များ ရှာဖွေစုဆောင်းတည်းဖြတ်ခြင်း၊ ခွဲခြမ်းစိတ်ဖြာတွက်ချက်ခြင်း၊ အတွက်အသုံးပြုတဲ့စနစ် GIS (Geographic Information System) နဲ့ ဂြိုဟ်တုနဲ့ ချိတ်ဆက်၍ မြေပေါ်မြေအောက် အရာဝတ္ထုများရဲ့ လှုပ်ရှားမှုနဲ့ လှိုင်းအလျားကို တွက်ချက်ဖော်ပြနိုင်တဲ့ နည်းပညာ RS (Remote Sensing) များအကြောင်း (3S) စနစ်အဖြစ်မိတ်ဆက်ဆွေးနွေးခဲ့ပါတယ်။

အရှိန်အဟုန်ဖြင့် တိုးတက်

ဆွေးနွေးချက်တစ်ခုလုံးမှာ နည်းပညာဆိုင်ရာ အသုံးအနှုန်းများနဲ့ ယင်းစနစ်များအကြောင်း ရှင်းလင်းခြင်းဖြစ်ပြီး တရုတ်သံဝဲဝဲဖြင့် အင်္ဂလိပ်လိုအားကြိုးမာန်တက်ရှင်းပြပါသော်လည်း အင်မတန် နားစိုက်ထောင်ခဲ့ရပါတယ်။ မှတ်သားစရာကောင်းတာက တရုတ်နိုင်ငံရဲ့ နည်းပညာ အဆင့်အတန်းဟာအရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိပြီး (3S) ဟုခေါ်သော အဆိုပါစနစ် သုံးခုကို အချင်းချင်း အပြန်အလှန်ချိတ်ဆက်အသုံးပြုပြီး ဒီဂျစ်တယ်မြို့ပြများ တည်ထောင်ထားရှိခြင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာကြိုတင်အချက်ပေးစနစ်များထူထောင်နိုင်ခြင်း၊ လယ်ယာသားငါး၊ စက်မှုလုပ်ငန်းများနဲ့ ဝန်ဆောင်မှုလုပ်ငန်းများအတွက် အလွန်အရေးပါလှတဲ့ သတင်းအချက်အလက်နဲ့ နည်းပညာများ ဖြန့်ကြက်ဆောင်ရွက်ထားနိုင်ခြင်းပင်ဖြစ်ပါတယ်။

တရုတ်နိုင်ငံရှိ အထင်ကရ မြို့ကြီးများမှာ စမတ်ဖုန်းတစ်လုံး အသုံးပြုပြီးဝယ်ယူစားသုံးမှုမှန်သမျှကို ပေးချေဆောင်ရွက်နိုင်ခြင်း၊ ဈေးကွက်အရောင်း မြှင့်တင်ခြင်းများကိုလည်း စိတ်ကြိုက်ဈေးကွက် (Target Market) အလိုက် အကျိုးသက်ရောက်မှု ကောင်းကောင်းဖြင့် ချိတ်ဆက်ဆောင်ရွက်နေခြင်း၊ (3S) စနစ်မှ ဖော်ပြတွက်ချက်မှုအရ နောင်လာမည့်နှစ်တွေမှာ တိုးတက်လာမယ့် လူဦးရေ၊ ရေလိုအပ်ချက်၊ မြေလိုအပ်ချက်၊ နေရာလိုအပ်ချက်၊ စားသောက်ကုန်လိုအပ်ချက်များနဲ့ အဆိုပါ လိုအပ်ချက်တွေအတွက် ဖြေရှင်းဆောင်ရွက်နိုင်ဖို့ မူဝါဒများပါ ချမှတ်ဆောင်ရွက်နိုင်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါတယ်။ တရုတ်နိုင်ငံမှာ မိုဘိုင်းအင်တာနက် သုံးစွဲမှုမှာ သန်း ၇၀၀ ကျော်ရှိပြီး လူမှုကွန်ရက်အနေနဲ့ Wechat သုံးစွဲသူများပြားပြီး ယင်းမှတစ်ဆင့် ခရီးစဉ်များရောင်းချခြင်း၊ ဟိုတယ် Booking ပြုလုပ်ခြင်း၊ ကြော်ငြာခြင်း၊ ရောင်းချခြင်းများတွင်ကျယ်စွာ ဆောင်ရွက်လျက်ရှိပါတယ်။ သာဓကတစ်ခုအနေနဲ့ စားသုံးသူတစ်ဦးဟာ စမတ်ဖုန်းတစ်လုံးနဲ့ အချိန်ပြည့် Online ဖြစ်နေစေဖို့ ပံ့ပိုးနိုင်တဲ့ Cities internet Wifi စနစ်များတည်ထောင်ထားပြီး GPS နဲ့ ခြေရာခံကာ အနီးစပ်ဆုံးဈေးများ၊ ဘဏ်များ၊ shopping mall များမှ ယင်းတို့ရဲ့ ကုန်စည်နဲ့ဝန်ဆောင်မှုများနဲ့ အထူးဈေးနှုန်းများကို အဆိုပါဖုန်းသို့ ချက်ချင်းပေးပို့လှုံ့ဆော်နိုင်ပြီး ဝယ်ယူသူအနေနဲ့လည်း ဖုန်းအသုံးပြု၍ ငွေပေးချေနိုင်တဲ့အတွက် Cashless စနစ်အတော်ပင်ထွန်းကားနေကြောင်း တွေ့ရှိရပါတယ်။

နောက်တစ်နေ့မှာ သဘာဝအခြေခံခရီးသွားလုပ်ငန်းဖြစ်တဲ့ Eco Tourism အကြောင်း ဆွေးနွေးရာမှာတော့ Eco Tourism ဆိုတာ ကျေးလက်တောရွာဒေသ (Rural Area) မှာ ဆောင်ရွက်ခြင်းနဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ နေထိုင်မှုဓလေ့တွေ ပါဝင်ပတ်သက်နေနိုင်

> နိုင်ငံတကာခရီးသွားအဖွဲ့အစည်းတွေက ခရီးစဉ်ရောင်းချသူနဲ့ ဝယ်ယူသူရော၊ ဒေသခံတွေပါ တာဝန်ယူ တာဝန်ခံတတ်စေဖို့ စံနှုန်းများပါဝင်တဲ့ တာဝန်သိ . . .

တယ်ဆိုတာလေးနဲ့စခဲ့ပြီး လူ့ယဉ်ကျေးမှုဓလေ့သဘာဝတွေကို ဘယ်လိုထိန်းမလဲဆိုတဲ့ ပြဿနာလေးတွေ ဖော်ပြပါတယ်။ မြို့ကြီးပြကြီးများ ထွန်းကားလာချိန်မှာ Minority ဖြစ်တဲ့ တိုင်းရင်းသားမျိုးနွယ်စုတွေဟာ ဝင်ငွေနဲ့ဘဝ တိုးတက်မြင့်မားဖို့မြို့ပြတွေကို ကူးပြောင်းလာခဲ့ပြီး ၎င်းတို့ ဆက်ခံရမယ့် ယဉ်ကျေးမှုဓလေ့အမွေစရိုက်လက္ခဏာတွေ ပျောက်ပျက်ကုန်ကြတာတွေ့ရပါတယ်။ ဒါကြောင့်မို့ ကျေးလက်နဲ့တောင်တန်းဒေသလူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို အခြေခံထားပြီး လူမျိုးစုများရဲ့ဒေသမှာကို ဝင်ငွေတိုးတက်စေမယ့် ခရီးသွားလုပ်ငန်း တစ်ခုတည်ထောင်ပေးတာ ဖြစ်တယ်လို့ဆိုပါတယ်။ ခရီးသွားခြင်း (Tourism) ကို ပညာရှင်များအနေနဲ့ အဓိပ္ပာယ်တစ်မျိုးထက် ပိုပြီးဖွင့်ဆိုထားပေမယ့် အဓိကအားဖြင့်တော့ မိမိတို့နေထိုင်ရာဒေသတစ်ခုကနေသွားရောက်ဖို့ ရည်မှန်းရာ (Destination) ဒေသသို့ရောက်ရှိ ရပ်နားပြီး မူလဒေသသို့ ပြန်လည်ရောက်ရှိခဲ့ရင် ခရီးသွားခြင်းလို့မှတ်ယူနိုင်ပါပြီ။ ဒီလိုခရီးသွားလာရာမှာ ရည်ရွယ်ချက်ကိုလိုက်လို့ ကွဲလွဲတာမျိုးရှိပါတယ်။

အားလပ်ရက် အပန်းဖြေ

ပင်လယ်ကမ်းခြေဒေသ တစ်ခုကို သွားတာချင်းတူပေမယ့် အားလပ်ရက်အပန်းဖြေထွက်တာနဲ့ ပျားရည်ဆမ်း ခရီးထွက်တဲ့ ရည်ရွယ်ချက်မတူသလို ဈေးကွက်မတူ၊ ခရီးသည်ရဲ့ စရိုက်လက္ခဏာလဲကွာခြားသွားပါတယ်။ ဒါဟာခရီးစဉ်ရည်ရွယ်ချက် (Purpose of travel) ကို မူတည်ပြီး အပြုအမူ (Behavior) ကွဲပြားတာမျိုးဖြစ်ပါတယ်။ ဒီလိုကွဲပြားသွားတာနဲ့ ခရီးသည်တွေဟာ ခရီးစဉ်ဒေသမှာ ပြုလုပ်လေ့ရှိတဲ့ လုပ်ဆောင်ချက်များ (Activities) တွေမတူတော့ပါဘူး၊ ကမ်းခြေကို အားလပ်ရက်အပန်းဖြေလာသူတစ်စုဟာ သောင်ပြင်မှာ အားကစား၊ ပျော်ပွဲစားလုပ်နိုင်ပေမယ့် ပျားရည်ဆမ်းဇနီးမောင်နှံကတော့ နွေးထွေးနီးကပ်စွာနဲ့ ကြည်နူးစရာလှုပ်ရှားမှုတွေသာ ရွေးချယ်မှာဖြစ်ပါတယ်။ ဒီလိုရည်ရွယ်ချက်အမျိုးမျိုးနဲ့ ခရီးသွားတွေအတွက် ခရီးသွားလုပ်ငန်းဆောင်ရွက်သူများက ခရီးသွားများ စိတ်ကြိုက်ရွေးချယ်နိုင်ရန် ခရီးသွားလုပ်ငန်းဆိုင်ရာရောင်းချမှုခရီးစဉ် (Product) များအဖြစ် ဝိုင်လေ့လာ ရေးခရီးစဉ် (Wine Tourism)၊ အစားအစာ လေ့လာစူးစမ်း ခရီးစဉ် (Gastronomy Tourism) ဘုရားဖူး၊ ဘာသာရေးဆိုင်ရာခရီးစဉ် (Religious / Pilgrimage Tourism)၊ အဏ္ဏဝါလေ့လာရေးခရီးစဉ် (Marine Tourism)၊ သဘာဝဓလေ့တွေနဲ့ ဂေဟစနစ် လေ့လာရေးခရီးစဉ် (Eco Tourism)၊ ယဉ်ကျေးမှု ဓလေ့စရိုက်လေ့လာရေးခရီးစဉ် (Cultural Tourism)၊ နှင်းလျှောစီးခရီးစဉ် (Ski Tourism)၊ အာကာသလေ့လာရေးခရီးစဉ် (Space Tourism)၊ မြို့ပြအလည်အပတ်ခရီးစဉ် (Cities/Urban Tourism) အစရှိသဖြင့် အထူးပြုဆောင်ရွက် ရောင်းချလာတာပဲဖြစ်ပါတယ်။ အဲဒီအထဲမှာမှ သဘာဝဓလေ့တွေနဲ့ ဂေဟစနစ် လေ့လာရေးခရီးစဉ် Eco Tourism လုပ်ငန်းဟာ သဘာဝပတ်ဝန်းကျင်ချစ်မြတ်နိုးသူများနဲ့ သဘာဝတရား လေ့လာလိုက်စားသူများအတွက် အထူးရည်ရွယ်တာဖြစ်ပြီး သွားလာရတဲ့ဒေသတွေဟာ အများအားဖြင့် သဘာဝဂေဟစနစ်ကောင်းတဲ့ သစ်တောတွေ တောင်တန်းဒေသတွေဖြစ်ပါတယ်။ စရိတ်မြင့်မားပြီး သဘာဝတရားကို ချစ်မြတ်နိုးသူ ကြေးရတက်နဲ့ ပညာတတ်တွေ (High End Market) သာ အသွားများတာဖြစ်ပါတယ်။ လူအနည်းငယ်နဲ့သာပတ်ဝန်းကျင် မထိခိုက်အောင်ဆောင်ရွက်ရတဲ့ ငှက်ကြည့်ခြင်း တောင်တန်းဒေသရှားပါးလူမျိုးများနဲ့ ရှားပါးမျိုးစိတ်များကို လေ့လာခြင်းများ ပါဝင်တတ်ပြီး ဒီဒေသတွေကို လူသူအရောက်အပေါက် အလွန်များလာပြီး ဖွံ့ဖြိုးမှုများလာရင် ဂေဟစနစ်ပျက်စီး သွားတာမျိုးဖြစ်တတ်ပါတယ်။သာဓကအားဖြင့် ချင်းပြည်နယ်ရဲ့ ခေါနုသုန်တောင်တန်းကြီးဟာ သစ်တောပြုန်းတီးမှု၊ ရွှေ့ပြောင်းတောင်ယာများနှင့် လမ်းဖောက်လုပ်စည်ကားလာမှုကြောင့် အောက်ချင်းငှက်များဂေဟစနစ်ပျက်လို့ အောက်အရပ် တနင်္သာရီကို ပြောင်းရွှေ့သွားကြတာ အထင်အရှားမြင်တွေ့ရမှာပါ။ (Eco Tourism) ဟာ ထိလွယ်ရှလွယ်တဲ့ ခရီးသွားအမျိုးအစားတစ်ခုဖြစ်ပါတယ်။

ဒါကြောင့် နိုင်ငံတကာခရီးသွားအဖွဲ့အစည်းတွေက ခရီးစဉ်ရောင်းချသူနဲ့ ဝယ်ယူသူရော၊ ဒေသခံတွေပါ တာဝန်ယူ တာဝန်ခံတတ်စေဖို့ စံနှုန်းများပါဝင်တဲ့ တာဝန်သိခရီးသွားလုပ်ငန်း (Responsible Tourism) နဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့ ခရီးသွားလုပ်ငန်း (Sustain-able Tourism) အဖြစ် ဆောင်ရွက်နိုင်ကြဖို့ တိုက်တွန်းလျက်ရှိပါတယ်။ ဆိုလိုချင်တာကတော့ မိမိတို့ စီးပွားရေး၊ မိမိတို့ခဏတာ အပန်းပြေစေဖို့အတွက် သဘာဝပတ်ဝန်းကျင် ဂေဟစနစ်တွေ၊ ရှုမျှော်ခင်းတွေ၊ ထိခိုက်ပျက်စီးခဲ့ရင် နောင်လာမယ့်မျိုးဆက်တွေ သိမြင်ကြားသိခွင့်ရမှာ မဟုတ်သလို ရေရှည်ဖွံ့ဖြိုးမှာ မဟုတ်ပါဘူး။ ဒါကြောင့် ခရီးစဉ်ဒေသများသို့ ခရီးသည်မြှင့်တင် ဖိတ်ခေါ်ခြင်းနဲ့ သဘာဝနဲ့ ယဉ်ကျေးမှုဆိုင်ရာစံနှုန်းများ ထိန်းသိမ်းခြင်းလုပ်ငန်း နှစ်ရပ်အကြားဟန်ချက်မျှဖို့ လိုတာပဲဖြစ်ပါတယ်။

တခြားတစ်ဖက်မှာလည်း ခရီးသွားများဟာ မူလအမှန် (Authentic) ဖြစ်တဲ့ ရိုးရာဓလေ့ယဉ်ကျေးမှုနဲ့ သဘာဝတွေကိုလေ့လာခံစားလိုတာဖြစ်ပြီး (Staging) လို့ခေါ်တဲ့ တမင်ဖန်တီးပြသခြင်းတွေကို စိတ်ကျေနပ်မှုမရှိကြတဲ့အတွက် မျိုးနွယ်စုတွေရဲ့ ရိုးရာဓလေ့သဘာဝတွေ ပျောက်ဆုံးမသွားဖို့ အရေးကြီးပါတယ်။ သဘာဝပတ်ဝန်းကျင်အနေနဲ့ကြည့်မယ်ဆိုရင်လည်း Eco System တစ်ခုထဲမှာ Development တစ်ခုခုသွားလုပ်တာနဲ့ ဂေဟစနစ်တစ်ခုလုံးကို ထိခိုက်သက်ရောက်စေမှာ ဖြစ်တယ်လို့ သုံးသပ်ဆွေးနွေးခဲ့ပါတယ်။ လတ်တလောမှာ ဖွံ့ဖြိုးမှုလုပ်ဆောင်တဲ့ လုပ်ငန်းရှင်နဲ့ဌာနများ၊ ခရီးသွားများအတွက် ပျော်ရွှင်ကျေနပ်ဖွယ်ဖြစ်ပေမယ့် နောင်မျိုးဆက်သစ်များအတွက် ထိခိုက်နစ်နာမှာဖြစ်ပါတယ်။ ဒါကြောင့် Eco Tourism ဆောင်ရွက်ရာမှာ လူဦးရေအများကြီးတိုးတက်ရရှိဖို့ မမျှော်မှန်းဘဲ နည်းနည်းနဲ့ တန်ကြေးကြီးကြီး ဈေးကွက်ကိုသာ ရွေးချယ်ဆောင်ရွက်ဖို့လိုပါတယ်။

ရေရှည်စီမံကိန်းနှင့် အနာဂတ်အမြင်

ဟိုင်နန်ကျွန်းရဲ့ဖွဲ့စည်းပုံဥပဒေကို ၂၀၁၈ မှာ ပြင်ဆင်ဖြည့်စွက်တဲ့အခါမှာ Ecological Civilian ဖြစ်ဖို့၊ သဘာဝပတ်ဝန်းကျင်အခြေခံစနစ်တွေကို အလေးထားတဲ့ လူ့ပတ်ဝန်းကျင်အဖြစ် ထူထောင်ဖို့ ထည့်သွင်းရေးဆွဲလာခဲ့ပြီး ဒေသများ၊ မြို့ကြီးများ၊ စိမ်းလန်းဝေဆာရေးအတွက် သစ်ပင်ပန်းမန်တွေ အထူးတိုးချဲ့စိုက်ပျိုးထားတာတွေမြင်ခဲ့ရပါတယ်။ တရုတ်နိုင်ငံသမ္မတရှီကျင့်ဖျင်ကိုယ်တိုင်က မြို့ပြတွေတည်ဆောက်ရာမှာ မိမိတို့ရဲ့ မွေးရပ်မြေသဘာဝနဲ့ ရသမပျောက်အောင် တည်ဆောက်ကြဖို့ မူချမှတ်ခဲ့တာကိုလည်း လေ့လာမှတ်သားရပါတယ်။ တရုတ်နိုင်ငံဟာဖွံ့ဖြိုးလာတာနဲ့အမျှ ရေရှည်စီမံကိန်းအမြင်၊ အနာဂတ်အမြင်များဖြင့် သေချာတွက်ချက်ပြီးမှသာလျှင် စီမံကိန်းများရေးဆွဲတည်ဆောက်လာတာပဲဖြစ်ပါတယ်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရာမှာတာဝန်အရှိဆုံး လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအကြောင်း ဆွေးနွေးတွေးတောစဉ်းစားခဲ့ကြရာမှာ ဂျပန်နိုင်ငံရဲ့ စံထားလောက်တဲ့ ဥပမာတစ်ခု ထည့်သွင်းလာတာ သတိထားမိခဲ့ပါတယ်။ ဂျပန်နိုင်ငံရဲ့ ၂၀၁၁ ခုနှစ် ဆူနာမီအလွန်ပြန်လည်ပြုပြင်တည်ဆောက်ကြတဲ့ လုပ်ငန်းတွေမှာ မိသားစုတွေအသီးသီး ဆုံးရှုံးခံထားရတဲ့လူတွေက အခွင့်ထူးမခံ၊ အသနားမခံဘဲ တန်းတူရည်တူအများနည်းတူ ဝင်ရောက်ဆောင်ရွက်ကြတာဟာ ဂျပန်လူမျိုးတွေရဲ့ စိတ်ဓာတ်ထည်ဝါမှုကိုပြသရာရောက်ကြောင်း ဒီလိုဓလေ့စရိုက်ဟာ ဂျပန်အစိုးရရဲ့ လွန်ခဲ့သောနှစ်ပေါင်းများစွာကတည်းက မြော်မြင်တည်ဆောက်ပုံသွန်းခဲ့တာကြောင့် ဂျပန်ပြည်သူတွေရဲ့ တာဝန်သိမှု၊ တာဝန်ခံမှု၊ တာဝန်ယူမှုကို တည်ဆောက်ရာမှာ အစိုးရဟာ အဓိကမောင်းနှင်အားဖြစ်ပြီး အခြေခံပညာကစလို့ နိုင်ငံသားကောင်းတစ်ယောက်ဖြစ်ဖို့ ပြုပြင်ယူကြရမှာဖြစ်တယ်လို့ ဆွေးနွေးသွားခဲ့ပါတယ်။

ခရီးသွားလုပ်ငန်းဖွံ့ဖြိုးမှုအတွက် လွန်စွာအရေးပါတဲ့ အကြောင်းအချက်တွေထဲမှာ Tourism Experience ခရီးသွားအတွေ့အကြုံဟာ ထိပ်တန်းကပါဝင်တာဖြစ်ပါတယ်။ လူ့စိတ်သဘာဝကိုက အပြောင်းအလဲ အတွေ့အကြုံအသစ်ကို လိုချင်၊ လိုအပ်တာ ဖြစ်ပါတယ်။ မပြောင်းလဲလိုရင်မတိုးတက်ပါဘူး။ လုပ်ငန်းအသစ်၊ နေရာအသစ်၊ အစားအစာအသစ်၊ အဖြစ်အပျက်အသစ်တို့ကိုပြောင်းလဲတွေ့ကြုံခြင်းက လူတွေရဲ့အတွေ့အကြုံကို ဖြစ်ပေါ်စေပါတယ်။ လူတိုင်းရဲ့ဘဝမှာ ကောင်းလွန်းလှတဲ့ အတွေ့အကြုံအဖြစ်အပျက်ကလေးတွေရှိတတ်ကြပြီး အလျဉ်းသင့်ရင် ပြန်လည်တွေးတောမျှဝေတတ်ကြတာမျိုးပါ။ မိမိတို့နေထိုင်ရာ ဒေသမြို့ပြက မြင်ကွင်း၊ အစားအသောက်၊ နေစဉ်ကြုံနေကျ အဖြစ်အပျက်တွေကနေ လွတ်မြောက်ချင်တဲ့ အာသီသက ခရီးသွားခြင်းကို ဖြစ်ပေါ်စေပါတယ်။

စာမျက်နှာ ၂၁ သို့









ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေး ငွေမင်ခြယ်တော့မည်လော

ကိုရင်ညြ

တောင်ကိုရီးယားသမ္မတ၏ အထူးသံတမန်များ မြို့တော်ပြုံယမ်းသို့ သွားရောက်ခဲ့ကြသည်။
ဓာတ်ပုံ – Nikkei Asian Review

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်၏ လက်ရှိ ရာထူးသက်တမ်းကုန်ဆုံးခြင်းမရှိမီမှာပင် အဏုမြူလက်နက်ဖျက်သိမ်းရေးကို ဆောင်ရွက်ပါမည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ပထမဆုံးအကြိမ် အချိန်ဇယားသတ်မှတ်ချက်နှင့်အတူ ကတိပြုပြောဆိုလိုက်ပြီး ယင်းပြောဆိုချက်နှင့် ပတ်သက်၍ သမ္မတထရန့်က အပြုသဘော ကြိုဆိုလိုက်ရာ ကိုရီးယားကျွန်းဆွယ်၏ ငြိမ်းချမ်းရေးချိန်ခွင်လျှာ တည်ငြိမ်မှုဘက်သို့ အလေးသာလေပြီဟု ကျွန်ုပ် တွေးတောမိလေ၏။

လက်တလော ပေါ်ထွက်လာသော သတင်းကောင်းမှာ ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးဆီသို့ ဦးတည်နေပုံကို ဖော်ကျူးနေ၏။ ကိုရီးယားနှစ်နိုင်ငံမှ ခေါင်းဆောင်များဖြစ်ကြသော ခေါင်းဆောင်ကြီးကင်နှင့် သမ္မတမွန်းဂျယ်အင်းတို့သည် စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ မြို့တော်ပြုံယမ်းတွင် တွေ့ဆုံမည်ဆိုသော သတင်းဖြစ်၏။

တောင်ကိုရီးယားသမ္မတမွန်း၏ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် ချွန်အီယောင်းသည် ခေါင်းဆောင်ကြီးကင်အား သွားရောက်တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲ ကျင်းပနိုင်ရန် နေ့ရက်သတ်မှတ်နိုင်ခဲ့ပြီဖြစ်သည်။

မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုအကြား အဏုမြူလက်နက်ဖျက်သိမ်းရေးလုပ်ငန်းစဉ်အတွက် ဆက်လက်ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်နိုင်ရေးအတွက် ယခုလအတွင်း ပြုလုပ်မည့် ထိပ်သီးဆွေးနွေးပွဲက တွန်းအားသစ်တစ်ရပ်ကို ဖြစ်ပေါ်စေနိုင်ပေလိမ့်မည်။

ယုံကြည်မှုရှိနေဆဲ

ခေါင်းဆောင်ကြီး ကင်က သမ္မတထရန့်အပေါ် ယုံကြည်မှုရှိနေဆဲပင်ဖြစ်ကြောင်း၊ သမ္မတထရန့်၏ လက်ရှိရာထူးသက်တမ်းကာလ အတွင်းမှာပင် ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက် ဖျက်သိမ်းရေးကို လုပ်ဆောင်ရန် ကင်က ဆန္ဒရှိနေကြောင်း တောင်ကိုရီးယား တာဝန်ရှိသူများက ပြောကြားကြသည်။

ကိုရီးယားကျွန်းဆွယ် ထိပ်သီးဆွေးနွေးပွဲကို ယခုလအတွင်း ကျင်းပနိုင်ရေးအတွက် နှစ်ဖက် အသေးစိတ် ညှိနှိုင်းနိုင်ရန် တောင်ကိုရီးယားသမ္မတက သူ၏ အထူးသံတမန်များကို မြောက်ကိုရီးယားနိုင်ငံသို့ စေလွှတ်ခဲ့ရာတွင် ကိုရီးယားကျွန်းဆွယ် အဏုမြူလက်နက် ဖျက်သိမ်းရေးနှင့် ပတ်သက်၍ ခေါင်းဆောင်ကြီးကင်က ပထမဆုံးအကြိမ် အချိန်ဇယားသတ်မှတ်ချက်ကို ထုတ်ဖော်ပြောဆိုလိုက်ခြင်းဖြစ်၏။

ပြီးခဲ့သည့် ဇွန်လက စင်ကာပူနိုင်ငံ၌ သမ္မတထရန့်နှင့် ခေါင်းဆောင်ကြီးကင်တို့ သမိုင်းဝင် ထိပ်သီးဆွေးနွေးပွဲ ကျင်းပပြီးချိန်နောက်ပိုင်း မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ ဆက်ဆံရေးမှာ ပြန်လည်အားပျော့ခဲ့ရပြန်သည်။ မြောက်ကိုရီးယားသည် အဏုမြူလက်နက် ဖျက်သိမ်းရေးလုပ်ငန်းစဉ်တွင် ယခုအချိန်အထိ အားထည့်လုပ်ကိုင်နေခြင်းမရှိဟု အကဲခတ်လေ့လာ သူအများစုက သုံးသပ်ပြောဆိုခဲ့ကြသည်။

စက်တင်ဘာလ ထိပ်သီးဆွေးနွေးပွဲမှာ ထုတိဩဘာမင်္ဂလာအပေါင်းခညောင်းမည့် အခင်းအကျင်းတစ်ရပ်အဖြစ် မျှော်လင့်ချက်များ ပြန်လည်နိုးထလာ၏။ တောင်ကိုရီးယားခေါင်းဆောင် မွန်းသည် မြောက်ကိုရီးယားနိုင်ငံ မြို့တော်ပြုံယမ်းသို့ ဆယ်စုနှစ် တစ်စုကျော်ကာလအတွင်း ပထမဆုံးအကြိမ် ခရီးနှင်မည်ဖြစ်၏။

သမ္မတမွန်းသည် အမေရိကန်နှင့် မြောက်ကိုရီးယားအကြား ဆွေးနွေးညှိနှိုင်းမှုအသစ်များ ပြုလုပ်လာနိုင်စေရေးအတွက် ကြားဝင်စေ့စပ်ပေးသူ၏ အခန်းကဏ္ဍကို ရယူလိမ့်မည်ဟု မျှော်လင့်ချက်များ ရှင်သန်လာလေပြီ။

အဏုမြူလက်နက်ဖျက်သိမ်းရေးဆီသို့ ဦးတည်လျက် လုပ်ဆောင်သွားရန် စင်ကာပူထိပ်သီးဆွေးနွေးပွဲတွင် ခေါင်းဆောင်ကြီးကင်နှင့် သမ္မတထရန့်တို့ သဘောတူညီခဲ့ကြလင့်ကစား ယင်းသဘောတူညီချက်မှာ တိကျရေရာမှုမရှိခဲ့၊ အချိန်ဇယားသတ်မှတ်ချက်မရှိခဲ့၊ အသေးစိတ်မပါရှိခဲ့၊ လက်နက်ဖျက်သိမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ စစ်ဆေးအတည်ပြုနိုင်မည့် စနစ်မသတ်မှတ်နိုင်ခဲ့။

လက်တွေ့အစီအမံများ

သမ္မတမွန်းသည် မြောက်ကိုရီးယားနိုင်ငံသို့ စက်တင်ဘာ ၁၈ ရက်မှ ၂၀ ရက်အထိ သွားရောက်ကာ ကိုရီးယားကျွန်းဆွယ် အဏုမြူလက်နက် ဖျက်သိမ်းရေးဆိုင်ရာ လက်တွေ့အစီအမံများ ချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ဆွေးနွေးမည်ဖြစ်ကြောင်း ပြုံယမ်း၌ ခေါင်းဆောင်ကြီးကင်နှင့် တောင်ကိုရီးယားအထူးသံတမန်များ တွေ့ဆုံခဲ့ကြပြီးနောက် တောင်ကိုရီးယားအစိုးရ တာဝန်ရှိသူများက ဖွင့်ဟပြောဆိုလာကြခြင်းဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးအတွက် ဖြေရှင်းချက်တစ်ရပ်ရရှိနိုင်ရေးအတွက် တောင်ကိုရီးယားနိုင်ငံနှင့် လက်တွဲလုပ်ဆောင်သွားမည်ဟု ခေါင်းဆောင်ကြီးကင်က မိမိတို့ကို အခိုင်အမာ ပြောကြားခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် တောင်ကိုရီးယားအထူးသံတမန်များက ဖွင့်ဟခဲ့ကြသည်။

အဏုမြူလက်နက် ဖျက်သိမ်းရေးကိစ္စတွင် နိုင်ငံတကာ အသိုက်အဝန်းမှ ပုဂ္ဂိုလ်အချို့က ဥက္ကဋ္ဌကြီးကင်အပေါ် သံသယထွေပြားဝေဝါးနေခြင်းအတွက် သူ့အနေဖြင့် စိတ်ပျက်မှုဖြစ်ရကြောင်း သမ္မတမွန်း၏ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် ချွန်အီယောင်းက ပြောကြားခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံသည် အဏုမြူလက်နက်ဖျက်သိမ်းရေးဆိုင်ရာ လက်တွေ့အစီအမံများကို ချမှတ်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သမ္မတထရန့်အပေါ် ယုံကြည်မှုရှိနေခြင်းအတွက် အပြန်အလှန်အားဖြင့် ခေါင်းဆောင်ကြီးကင်အပေါ်တွင်လည်း ယုံကြည်မှုရှိသင့်ကြကြောင်း ချွန်က ဆက်လက်ပြောကြားသည်။

ချွန်၏ ပြောကြားချက်ပါ အနှစ်သာရကို ခေါင်းဆောင်ကြီး ကင်၏ မှတ်ချက်စကားအဖြစ် မြောက်ကိုရီးယားနိုင်ငံပိုင် သတင်းဌာနကလည်း သတင်းထုတ်ပြန်ပေးခဲ့သည်။

ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ဖျက်သိမ်းရေး အမှန်တကယ် ဖြစ်ပေါ်လာစေရေးအတွက် မိမိတို့ ကိုရီးယားနှစ်နိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို အရှိန်အဟုန်မြှင့်တင်သင့်ကြကြောင်း မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေ သတင်းဌာနက သတင်းထုတ်လွှင့်ခဲ့သည်။

အရေးကြီးရသည့်အကြောင်း

ကိုရီးယားကျွန်းဆွယ်၌ အဏုမြူလက်နက်ဖျက်သိမ်းရေး (ဝါ) အဏုမြူလက်နက်ကင်းရှင်းရေး အရေးကြီးရသည်မှာ ဒေသဆိုင်ရာ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးတို့အတွက်သာမက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုတို့အတွက်ပါ တိုက်ရိုက်ဆက်နွယ်မှုရှိနေခြင်းကြောင့်ဖြစ်သည်။

အဏုမြူဗုံးများနှင့် တိုက်ချင်းပစ်ဒုံးလက်နက်များ (အိုင်စီဘီအမ်လက်နက်များ) ထုတ်လုပ်နိုင်ပုံကို မြောက်ကိုရီးယားက ကမ္ဘာသို့ အထင်အရှားပြသခဲ့ပြီးဖြစ်၏။ မြောက်ကိုရီးယား၏ အဏုမြူအစီအစဉ်နှင့် ဒုံးကျည်အစီအစဉ်များ၏ အောင်မြင်မှုကို ကမ္ဘာက လက်တွေ့တွေ့မြင်ခဲ့ကြပြီးဖြစ်၏။

ကင်အား ရာဇမာန်တက်နေသူ၊ လက်နက်အားကိုးဖြင့် ကမ္ဘာကိုခြိမ်းခြောက်သူအဖြစ် အဆိုးဘက်မှ ရှုမြင်ခဲ့သူများရှိခဲ့သော်လည်း ဇကန်အားဖြင့် သူသည် အသိဉာဏ်ရည်မြင့်မားပြီး အမြော်အမြင်တရားလက်ကိုင်ထားသူအဖြစ် သုံးသပ်သူများလည်းရှိသည်။

ခေါင်းဆောင်ကြီးကင်သည် အဏုမြူဗုံး၏ နောက်ဆက်တွဲ ဆိုးကျိုးများကို ကောင်းစွာသိရှိခြင်းကြောင့် မည်သည့်နိုင်ငံကိုမျှ ယင်းကဲ့သို့သော လက်နက်ဖြင့် ချေမှုန်းတိုက်ခိုက်ရန် ကြံရွယ်ရင်းမရှိခဲ့ဟု လေ့လာသုံးသပ်သူများရှိသည်။

အိန္ဒိယသို့မဟုတ် ပါကစ္စတန်နိုင်ငံအား နိုင်ငံတစ်နိုင်ငံက အဏုမြူလက်နက် ထုတ်လုပ်နိုင်သော အဆင့်ရှိ ဓာတ်ပေါင်းဖိုများကို ဖျက်သိမ်းပေးပါဟု တောင်းဆို၍ မရနိုင်သလို မြောက်ကိုရီးယားနိုင်ငံကိုလည်း အလားတူ တောင်းဆိုနိုင်မည်မဟုတ်ဟု ချင့်တွက်နိုင်ကြသည်။

'အဏုမြူလက်နက်ဖျက်သိမ်းရေး' ဟူသော ဝေါဟာရကို ဆန်းစစ်ကြည့်လျှင် ၂၀၀၆ ခုနှစ် အောက်တိုဘာလမှစ၍ ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြောက်ကိုရီးယားအပေါ် ရှုတ်ချပြစ်တင်သော ဆုံးဖြတ်ချက်တိုင်းတွင် အကြိမ်ကြိမ်အဖန်ဖန် အသုံးပြုခဲ့သော ဝေါဟာရဖြစ်သည်ကို တွေ့မြင်ကြရသည်။

ကွဲလွဲခဲ့ပုံများ

'အဏုမြူလက်နက်ဖျက်သိမ်းရေး' ဟူသော ဝေါဟာရကို အဓိပ္ပာယ်ဖွင့်ဆိုကြရာတွင် အမေရိကန်ကတစ်မျိုး၊ မြောက်ကိုရီးယားကတစ်ဖုံ တစ်မူကွဲပြားခြားနားစွာ အဓိပ္ပာယ်ဖွင့်ဆိုခဲ့ကြပုံကို ကျွန်ုပ်လေ့လာတွေ့ရှိရ၏။

လွန်လေခဲ့သော ဆယ်စုနှစ်တာ ကာလပတ်လုံး အမေရိကန်နှင့် တောင်ကိုရီးယားတို့က မြောက်ကိုရီးယားနှင့်ပတ်သက်၍ အဏုမြူလက်နက်ဖျက်သိမ်းရေးကိစ္စတွင် တစ်ခုတည်းသော ပြတ်သားသည့် ရည်မှန်းချက်တစ်ရပ်ကို ထားရှိခဲ့ကြသည်။

မြောက်ကိုရီးယားသည် ယင်း၏ အဏုမြူအစီအစဉ်ကို လုံးလုံးလျားလျား ဖျက်သိမ်းပေးရန်၊ စစ်ဆေးအတည်ပြုမှု ခံယူရန်၊ ဖျက်သိမ်းပြီးဖြစ်ပါမှ နောက်ကြောင်းပြန်လှည့်၍ ပြန်လည်လုပ်ဆောင်ခြင်းမရှိစေရန် အမေရိကန်နှင့် တောင်ကိုရီးယားတို့က ရည်မှန်းချက်တစ်ရပ်အဖြစ် တောင်းဆိုခဲ့ကြသည်။

'အဏုမြူလက်နက်ဖျက်သိမ်းရေး' ဟူသော ဝေါဟာရနှင့် ပတ်သက်၍ မြောက်ကိုရီးယား၏ အဓိပ္ပာယ်ဖွင့်ဆိုပုံမှာ တစ်မျိုးတစ်ဘာသာဖြစ်၏။

အဏုမြူလက်နက်ဖျက်သိမ်းရမည်ဟု ဆိုရာတွင် မြောက်ကိုရီးယားနိုင်ငံ တစ်နိုင်ငံတည်း၏ လက်ဝယ်ရှိ အဏုမြူလက်နက်တိုက်ကို ပိတ်သိမ်းရန် သက်သက်မျှမဟုတ်၊ တောင်ကိုရီးယားနှင့် ယင်းနိုင်ငံ၌ ဖြန့်ကြက်ထားသော အမေရိကန်တပ်ဖွဲ့တို့ အပါအဝင် ကိုရီးယား ကျွန်းဆွယ်တစ်ဝန်း စစ်မက်ကင်းရှင်းရေးအတွက် အပြန်အလှန်ဆောင်ရွက်ရမည်ဟု ခေါင်းဆောင်ကြီးကင်၏ မူဝါဒရေးရာ မိန့်ခွန်းများနှင့် အများပြည်သူသိရှိစေရန် ထုတ်ပြန်သည့် ကြေညာချက်တို့တွင် အတိအလင်းဖော်ပြခဲ့ကြောင်း သုတေသီတို့က ဆိုမိန့်ကြ၏။

အဏုမြူလက်နက်များကို မြောက်ကိုရီးယား စွန့်လွှတ်ရန် အမေရိကန်က ဖိအားပေးနေပြီး တစ်ဖက်တွင် မြောက်ကိုရီးယားက ယင်း၏ လုံခြုံရေးအတွက် အာမခံချက်ရရှိရန် တောင်းဆိုလျက်ရှိသည်။

မြောက်ကိုရီးယားနှင့် အမေရိကန်တို့၏ သဘောထားကွာဟချက်သည် အချိန်တိုတိုအတွင်း ကျဉ်းမြောင်းသွားမည့် လက္ခဏာကို ပြသခြင်း မရှိသေးသော်လည်း တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းက ကြားဝင်စေ့စပ်ပေးသူ၏ အခန်းကဏ္ဍကို ရယူလိမ့်မည်ဟု တွေးတောမိရင်း "ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေး ငွေမင်ခြယ်တော့မည်လော" ဟု ကျွန်ုပ် ကျူးရင့်မိပါသတည်း။ ။

Ref:
North Korea's Kim Jong-un says faith in Trump 'unchanged' (BBC)

ပြန်လည်စွန့်လွှတ်မြေနှင့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်

ဖယ်ခုံ စက်တင်ဘာ ၈

ရှမ်းပြည်နယ်ဝန်ကြီးချုပ်မှ ပြန်လည်စွန့်လွှတ်လယ်ယာမြေနှင့် ခေါင်းအိကျေးရွာအုပ်စုရှိ လယ်ယာမြေတို့အား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ ပေးအပ်ပွဲအခမ်းအနားကို ဖယ်ခုံမြို့နယ်ခန်းမဆောင်၌ စက်တင်ဘာ ၈ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုင်းလုံကျော်က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ ပေးအပ်ခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ များ ပေးအပ်ရာ မိုးဖြဲကျေးရွာအုပ်စုမှ တောင်သူများကိုယ်စား ဦးအောင်မျိုးခန့်က လည်းကောင်း၊ ခေါင်းအိကျေးရွာအုပ်စုမှ တောင်သူများကိုယ်စား ဦးလှအောင်က လည်းကောင်း လက်ခံရယူပြီး တောင်သူများကိုယ်စား တောင်သူဦးအောင်မျိုးခန့်က ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အဆိုပါ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ ပေးအပ်ပွဲ အခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာန အမှတ် (၄၂၂) ခြေမြန်တပ်ရင်းက ပြန်လည်စွန့်လွှတ်အပ်နှံလာသည့် မြေဧရိယာ ၃၇၇ ဒသမ ၇၃ ဧကအနက် ၂၄၆ ဒသမ ၄၈ ဧကကို တောင်သူ ၂၂၈ ဦး ထံသို့လည်းကောင်း၊ ခေါင်းအိကျေးရွာအုပ်စုမှ မြေဧရိယာ ၂၃၁ ဒသမ ၀၃ ဧကကို တောင်သူ ၁၃၀ ထံသို့လည်းကောင်း သားစဉ်မြေးဆက် အဆက်ဆက်အသုံးချပိုင်ခွင့် အမည်ပေါက်ရရှိရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များကို ထုတ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် ပြည်နယ် ဝန်ကြီးများ၊ ဖယ်ခုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

မောင်မောင်ထွေး(ပြန်/ဆက်)

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာမြင့်နိုင် ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ရွှေဘို စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအေဇင်လတ်၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမြင့်နှင့် တာဝန်ရှိသူများသည် ရွှေဘိုမြို့နယ် စိုင်ဒိုးကျေးရွာ ကုန်ထုတ်လမ်းဆောင်ရွက်ပြီးစီးမှုကို စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က ဒေသခံပြည်သူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လမ်းလက်စွဲနှင့်အညီ ဒေသခံပြည်သူများဖြင့် ကော်မတီဖွဲ့စည်းဆောင်ရွက်မှုအပေါ် အားရကျေနပ်ကြောင်း၊ စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အတွက် လယ်ယာထွက်ကုန်သီးနှံများ အချိန်မီ ဈေးကွက်သို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် ကုန်ထုတ်လမ်းများ တိုးချဲ့ဆောင်ရွက်ရန်လိုအပ်ပြီး ရေရှည်ကောင်းမွန်ရန် ဒေသခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် စိုင်ဒိုးကျေးရွာ ကုန်ထုတ်လမ်းကို ၂၀၁၈ ခြောက်လ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၂၇ ဒသမ ၇ သန်းဖြင့် အရှည်ပေ ၆၅၀၀၊ အကျယ် ၁၂ ပေနှင့် ကိုးလက်မထု ဂျင်းခင်းခြင်းလုပ်ငန်းကို လည်းကောင်း၊ ငွေကျပ် ၉ ဒသမ ၂၂ သန်းဖြင့် အရှည် ၁၄ ပေ၊ အကျယ် ၁၅ ပေ ကွန်ကရစ်တံတားကို လည်းကောင်း၊ ငွေကျပ် ၇ ဒသမ ၀၅ သန်းဖြင့် အရှည် ၁၀ ပေ၊ အကျယ် ၁၅ ပေ ကွန်ကရစ် တံတားကို လည်းကောင်း ဆောင်ရွက်လျက်ရှိရာ အချိန်မီပြီးစီးရန် အထောက်အကူပြုကော်မတီများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း၊ ပြီးစီးသွားပါက တစ်နှစ်လျှင် နှစ်သီးစိုက်ပျိုးနိုင်ပြီး စိုက်ပျိုးဧကပေါင်း ၇၇၈ ဧကအတွက် အကျိုးရှိမည်ဖြစ်ကြောင်း၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးဝင်းမြတ်သိန်းက ကုန်ထုတ်လမ်းနှင့် ပတ်သက်၍ ဆောင်ရွက်ပြီးစီးမှုကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **ခင်ဦးစိုးဝေ**

ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဝန်ကြီးချုပ်များထံ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ဆွာချောင်း ရေလှောင်တမံ ရေပိုလွှဲပဲ့ကျမှုဖြစ်စဉ်ကြောင့် ရေဘေးသင့်ပြည်သူများနှင့် မွန်ပြည်နယ်၊ ကရင်ပြည်နယ် ဒေသရှိ ရေဘေးသင့်ပြည်သူများအတွက် အလှူငွေကျပ် သိန်း ၂၂၀ ကို မြန်မာနိုင်ငံ စွန့်ဦးတီထွင်သူများအဖွဲ့နှင့်အတူ အခြားပုဂ္ဂလိကလုပ်ငန်းရှင်များ စုပေါင်း၍ စက်တင်ဘာ ၆ ရက်နှင့် ၇ ရက်တို့က သွားရောက်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲပဲ့ကျမှုဖြစ်စဉ်ကြောင့် ရေဘေးသင့် ပြည်သူများအတွက် မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင် လုပ်ငန်းရှင်များအသင်း (MYEA) မှ အလှူငွေကျပ် ၄၈ သိန်း၊ Supreme Group မှ အလှူငွေကျပ် ၁၅ သိန်း၊ အောင်နိုင်သစ္စာကုမ္ပဏီမှ အလှူငွေကျပ် ၁၀ သိန်း၊ စုစုပေါင်း အလှူငွေကျပ် ၇၃ သိန်းကို သွားရောက်လှူဒါန်းရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းနှင့် ဝန်ကြီးချုပ်များက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

အလားတူ ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ မြန်မာနိုင်ငံ လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA)မှ အလှူငွေကျပ် ၅၅ သိန်း၊ Strategy First Institute နှင့် Myanmar Indobest ကုမ္ပဏီတို့မှ အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်း အလှူငွေကျပ် ၇၅ သိန်းကို သွားရောက်လှူဒါန်းရာ ကရင်ပြည်နယ် ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်နှင့် ဝန်ကြီးများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း (MYEA) မှ အလှူငွေကျပ် ၅၇ သိန်း Supreme Group မှ အလှူငွေကျပ် ၁၅ သိန်း စုစုပေါင်း အလှူငွေကျပ် ၇၂ သိန်းကို သွားရောက်လှူဒါန်းရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် လွှတ်တော်ဥက္ကဋ္ဌတို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

ပြည်နယ်(ပြန်/ဆက်)

ဝန်ကြီးချုပ် ဦးလှမိုးအောင် နိုင်ငံတစ်ဝန်း မူခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲတက်ရောက်

ပုသိမ် စက်တင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် နိုင်ငံတစ်ဝန်း မူခင်းစီမံခန့်ခွဲမှုအစီအစဉ် ရှင်းလင်းပွဲကို ဧရာရွှေဝါခန်းမ၌ စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးလှမိုးအောင်နှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ဥပဒေအရာရှိများ တက်ရောက်ခဲ့ကြသည်။

ရှင်းလင်းပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က မူခင်းကိစ္စများ ဆောင်ရွက်ရာတွင်မှန်ကန်တိကျစွာဆောင်ရွက်ရေး ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားသူကြီးချုပ်က တရားရေးဆိုင်ရာအမှုအခင်းများအကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ရုံး လက်ထောက်ညွှန်ကြားရေးမှူးက ဥပဒေနှင့်ပတ်သက်သည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာသူများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

(၅၄) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သာဦး၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး ဇော်မျိုးဝင်းနှင့် အမှတ် ၈ ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်မြသန်းဌေး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များသည် တပ်ကုန်းမြို့နယ် ခုတင် ၁၀၀ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ **တင်ထွန်းတာ(တပ်ကုန်း)**

မိုင်းခတ်မြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များ ပေးအပ်

မိုင်းခတ် စက်တင်ဘာ ၈

မိုင်းခတ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှတောင်သူ ၄၇ ဦး၊ လယ်ယာမြေဦးပိုင် ၇၅ ခု၊ ဧရိယာပေါင်း ၁၇၉ ဧကအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များ ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အေးချမ်းသာခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြင့်သူက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ ၇ ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး တောင်သူများက လယ်ယာမြေကို လုပ်ကိုင်ဆောင်ရွက်ရာတွင် ပုံစံ ၇ မှာ ပါရှိသည့် စည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကောင်းမြင့်သူ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ဦးစီးမှူးဦးရဲအောင်နှင့် တာဝန်ရှိသူတို့က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များကို တောင်သူလယ်သမားများထံသို့ ပေးအပ်ခဲ့သည်။

လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ ၇ များကို မိုင်းဟန်၊ ဖာလန်ကော်၊ မိုင်းကာ(အရှေ့)၊ မိုင်းနွန်း၊ ဝမ်ခုတ်၊ နောင်လုံး၊ ဝမ်းပင်းကျေးရွာ ပြည်သူများအတွက် ဦးပိုင် ၇၅ ခုကို ထုတ်ပေးခဲ့ပြီး ကျန်ရှိနေသေးသည့် လယ်ယာမြေများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးရဲအောင်က ပြောကြားသည်။

မြို့နယ် (ပြန်/ဆက်)

တရားမဝင်ကုန်သွယ်မှုတားဆီးရေးအထူးအဖွဲ့၏ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေး

ကော့သောင်း စက်တင်ဘာ ၈

ကော့သောင်းခရိုင် တရားမဝင်ကုန်သွယ်မှုတားဆီးရေးအထူးအဖွဲ့၏ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက် မွန်းလွဲပိုင်းက ကော့သောင်းမြို့ မဥ္ဇူသကခန်းမ၌ကျင်းပရာ ကော့သောင်းခရိုင်ကုန်သွယ်မှုတားဆီးရေးအထူးအဖွဲ့ အဖွဲ့ခေါင်းဆောင် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမြင့်သိန်းနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဒေသခံကုန်သွယ်မှုလုပ်ငန်းရှင်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်းလင်းပွဲတွင် ခရိုင်ကုန်သွယ်မှုတားဆီးရေးအထူးအဖွဲ့ အဖွဲ့ခေါင်းဆောင် ကော့သောင်းခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဦးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ကုန်သွယ်မှုတားဆီးရေးအထူးအဖွဲ့ အဖွဲ့ဝင် ကော့သောင်းကုန်သွယ်ရေးစခန်း စခန်းတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးနိုင်ထွန်းက တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်ကတ် (ITC) ထုတ်ပေးခြင်းဆိုင်ရာနည်းစနစ်များနှင့် ဆောင်ရွက်ခွင့်ပြုမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ခရိုင်ကုန်သွယ်မှုတားဆီးရေးအထူးအဖွဲ့ အဖွဲ့ဝင် မြို့နယ်အကောက်ခွန်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထိုက်စိုးက ကုန်သွယ်ရေးကဏ္ဍနှင့်ပတ်သက်သည့် အခွန်ကောက်ခံမှုဆိုင်ရာအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ ဒေသခံကုန်သွယ်မှုလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ မြို့မိမြို့ဖများ၏ သိလိုသည့်မေးမြန်းချက်များကို ကုန်သွယ်မှုလုပ်ငန်းနှင့် ဆက်စပ်လျက်ရှိသည့် ဌာနဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ဆွေးနွေးဖြေကြားခဲ့ကြကြောင်း သိရသည်။

ကျော်စိုး (ကော့သောင်း)

မိုးညှင်းမြို့နယ်တွင် မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ခေါင်းဆောင်မှုသင်တန်း အတွေ့အကြုံရှင်းလင်း

မိုးညှင်း စက်တင်ဘာ ၈

မြန်မာနိုင်ငံ မသန်စွမ်းသူများရှေ့ဆောင်အဖွဲ့ ခေါင်းဆောင်မှုသင်တန်းအတွေ့အကြုံရှင်းလင်းပွဲကို ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ညောင်ကုန်းကျေးရွာအုပ်စု မြိုင်ရွာဘုန်းတော်ကြီးကျောင်းတိုက်၌ စက်တင်ဘာ ၇ ရက် နံနက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ညောင်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်စိုးနှင့် ကျေးရွာတာဝန်ခံတို့က အမှာစကားပြောကြားပြီး မိုးညှင်းမြို့နယ် မသန်စွမ်းသူများအသင်းဥက္ကဋ္ဌ ဦးထွန်းခင်က မိုးညှင်းမြို့နယ်အတွင်းရှိ မသန်စွမ်းသူများအသင်းက အခမ်းအနားကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

“မသန်စွမ်းသူအတော်များများဟာ မှတ်ပုံတင်မရှိကြပါဘူး။ သူတို့ခရီးသွားတဲ့အခါ အခက်အခဲများစွာရှိကြပါတယ်။ သွားလာနေထိုင်စားသောက်မှုတွေကအစ အရာရာမှာ အခက်အခဲတွေရှိကြပါတယ်။ ဒါကြောင့် မသန်စွမ်းသူများကို ဝိုင်းဝန်းကူညီပေးစေလိုပါတယ်” ဟု မြန်မာနိုင်ငံမသန်စွမ်းသူများရှေ့ဆောင်အဖွဲ့မှ အသင်းဝင် (EC)ဦးဇော်မျိုးက ရှင်းလင်းပြောကြားသည်။ အဆိုပါ မသန်စွမ်းသူများအသင်းသည် မိုးညှင်းမြို့နယ်တွင် ၂၀၁၃ ခုနှစ်မှ စတင်ဖွဲ့စည်းခဲ့ပြီး ယခုအခါ အဖွဲ့ဝင်ပေါင်း ၁၅၄ ဦးရှိကြောင်း သိရသည်။

နီတိုး(မိုးညှင်း)

လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်မည့်ကျေးရွာများအား လူဦးရေမှန်ကန်ရေး ကွင်းဆင်းစစ်ဆေး

ကျွန်းလှ စက်တင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာများအား လူဦးရေမှန်ကန်ရေးအတွက် စက်တင်ဘာ ၇ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသို့ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လူထုဗဟိုပြုစီမံကိန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာခင်နှင့် တာဝန်ရှိသူတို့က ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီများနှင့်အတူ လူဦးရေစာရင်းမှန်ကန်ရေး ကွင်းဆင်းစစ်ဆေးပြီး စီမံကိန်းလုပ်ငန်းများအကြောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ရွှေတောင်ကျေးရွာ မြစိမ်းရောင်စီမံကိန်းစာရင်းဇယားများ ဆောင်ရွက်ထားရှိမှု၊ ချေးငွေထုတ်ချေးပေးမှုတို့ကို စစ်ဆေးပြီး လက်ရက်ကန်းသင်ကြားပေးနေခြင်းကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ တောင်သူများ လယ်ယာသုံးစက်ကိရိယာများကို ဝယ်ယူအသုံးပြုလာ

မုံရွာ စက်တင်ဘာ ၈

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ၂၀၁၂ ခုနှစ်မှ စတင်ကူးပြောင်းခဲ့ပြီးနောက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ တောင်သူများတွင် လယ်ထွန်စက်မျိုးစုံ၊ လက်တွန်းထွန်စက်များ၊ တမန်းလှေ၊ ကောက်စိုက်စက်၊ မိုးစပါးရိတ်စက်၊ စပါးခြွေစက်၊ ရိတ်သိမ်းခြွေလှေ့စက်များကို ကိုယ်ပိုင်ဝယ်ယူအသုံးပြုလျက်ရှိကြောင်း တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန၏ မှတ်တမ်းများအရ သိရသည်။

“အရင်တုန်းကတော့ လယ်ယာသုံးစက်ကိရိယာတွေကို ကျွန်တော်တို့ စက်မှုလယ်ယာဦးစီးဌာနကပဲ ငှားရမ်းသုံးစွဲမှုများတယ်၊ လက်မှုလယ်ယာကနေ စက်မှုလယ်ယာစနစ်ကို ပြောင်းလဲခဲ့တဲ့ ခုနစ်နှစ်တာကာလအတွင်းမှာ လယ်ယာသုံးစက်ကိရိယာတွေရဲ့ အကျိုးကျေးဇူးတွေကို ပိုပြီးသိလာကြတဲ့အတွက် သူတို့ကိုယ်တိုင် ဝယ်တယ်၊ ဌာနက ပြင်ပကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပေးပြီး အရစ်ကျငွေချေစနစ်တွေနဲ့ ဝယ်ယူအသုံးပြုနိုင်အောင် စီစဉ်ခဲ့တဲ့အတွက် တောင်သူတွေကိုယ်ပိုင်ဝယ်ယူအသုံးပြုလာတာပါ၊ လုပ်သားရှားပါးမှု၊ ရာသီဥတုပြောင်းလဲမှုကြောင့် စိုက်ပျိုးချိန်တွေက တိုတောင်းတဲ့အခါမှာ လယ်ယာသုံးစက်ကိရိယာတွေနဲ့ လိုအပ်ချက်အရ အသုံးပြုလာတဲ့အတွက် တောင်သူတွေရဲ့ပိုင်ဆိုင်မှုတွေကလည်း ပိုပြီးများလာပါတယ်” ဟု စစ်ကိုင်းတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးခင်မောင်ဇင်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခရိုင် ၁၀ ခုရှိ မြို့နယ်များတွင် ၂၀၁၈ ခုနှစ် မိုးသီးနှံစိုက်ပျိုးချိန်တွင် မိုးစပါးဧက ၁၈၀၀၂၁၀ နှင့် မိုးသီးနှံမျိုးစုံကို စိုက်ပျိုးလျက်ရှိပြီး အဆိုပါစိုက်ပျိုးရေးလုပ်ငန်းများတွင် လယ်ယာသုံးစက်ကိရိယာများကို အစားထိုး ပြောင်းလဲလုပ်ကိုင်မှုများကြောင့် တောင်သူများတွင် လယ်ယာသုံးစက်ကိရိယာများ ပိုင်ဆိုင်မှုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

ဝင်းဦး(ဧယျာတိုင်း)

အခြေခံစားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းဖွင့်

မိတ္ထီလာ စက်တင်ဘာ ၈

မိတ္ထီလာမြို့နယ်၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းကို စက်တင်ဘာ ၇ ရက်က ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာဖို့အတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်းတီးပေးသည့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများအနက် ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံနှင့် အခြေခံတန်ဖိုးမြင့် စားသောက်ကုန်ထုတ်လုပ်နည်းသင်တန်းကို မိသားစုအတွက် တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ထူထောင်နိုင်ရန် ရက်တိုသင်တန်းများကို ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း (မိတ္ထီလာ) နှင့် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ စဉ်ဆက်မပြတ် ဖွင့်လှစ်ပေးလျက်ရှိသည်။

အဆိုပါသင်တန်းကို မိတ္ထီလာမြို့ပေါ်ရှိ ရပ်ကွက်များနှင့် တောမ၊ ညောင်ပင်သာကျေးရွာတို့မှ ဒေသခံအမျိုးသမီး ၂၀ တက်ရောက်ခဲ့ပြီး စက်တင်ဘာ ၇ ရက်မှ ၂၅ ရက်ထိ သံပရာအနှစ်ရည်၊ သံပရာခွံဆားနှပ်၊ သံပရာပေါင်း၊ သဘော်ချဉ်စပ်ယို၊ အချိုမှုန့်အစားထိုး ဟင်းခတ်မှုန့်၊ ဆီးသီးအနှစ်ရည်၊ နာနတ်သီးအနှစ်ရည်၊ ဂျယ်လီ၊ လျှာပေါ်ဝဲ၊ စာကလေးခွေ၊ ကိတ်မျိုးစုံပြုလုပ်နည်းများကိုပါ စာတွေ့လက်တွေ့ သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

သက်တမ်းလွန်စားသောက်ကုန်များ ဟားခါး၌ ကွင်းဆင်းစစ်ဆေး

ဟားခါး စက်တင်ဘာ ၈

ချင်းပြည်နယ် ဟားခါးမြို့ပေါ်ရှိ ပြည်သူများအနေဖြင့် အစားအသောက်များကို ကျန်းမာရေးနှင့်အညီ ဘေးကင်းလုံခြုံစိတ်ချစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ဈေးသစ်ရပ်ကွက်အတွင်းရှိ စားသောက်ကုန် အရောင်းဆိုင်များအား စက်တင်ဘာ ၇ ရက်တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA) က ဦးဆောင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟားခါးမြို့နယ်ရဲတပ်ဖွဲ့နှင့် ကျန်းမာရေးဌာနတို့ပါဝင်သော ပူးပေါင်းအဖွဲ့က မြို့ပေါ်ဈေးဆိုင်များ၌ သက်တမ်းလွန်စားသောက်ကုန်ပစ္စည်းများ ရောင်းချမှုရှိ-မရှိကို လိုက်လံကွင်းဆင်း စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

လူရည်ချွန်မောင်မယ်ခြောက်ဦး ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာ

တာချီလိတ် စက်တင်ဘာ ၈

၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တာချီလိတ်မြို့နယ်မှ ရွေးချယ်ခံရသည့် လူရည်ချွန်မောင်မယ်ခြောက်ဦးသည် ဗဟုသုတတိုးပွားစေရေးအတွက် ထိုင်းနိုင်ငံလေ့လာရေးခရီးစဉ်အား စီအင်န်စီအမ်စီ ကော်မတီနှင့် မဖျိမ လူမှုကူညီရေး အသင်းတို့ပူးပေါင်းအစီအစဉ်ဖြင့် စက်တင်ဘာ ၇ ရက်က ထိုင်းနိုင်ငံ ချင်းရိုင် ခရိုင်အတွင်းရှိ မြို့ပြနှင့်ကျေးလက်ဒေသများသို့ သွားရောက်လေ့လာခဲ့ကြသည်။

အဆိုပါခရီးစဉ်တွင် လူရည်ချွန်မောင်မယ်များ၊ အုပ်ချုပ်သူ ဆရာ ဆရာမများပါ လေ့လာရေးအဖွဲ့ဝင် ၂၀ ဦးတို့သည် ထိုင်းနိုင်ငံမြောက်ပိုင်း ချင်းရိုင်ခရိုင်အတွင်းရှိ ဒွိုင်တောင်းဥယျာဉ်အတွင်း တစ်သျှူးနည်းပညာဖြင့် သစ်ပင်များမျိုးပွားခြင်းနှင့် ပန်းဥယျာဉ်ထိန်းသိမ်းနည်းလုပ်ငန်းများ၊ မယ့်စလောင်းတောင်ပေါ်ဒေသတွင် အော်ဂဲနစ်နည်းပညာဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်းလုပ်ငန်း၊ ခေတ်မီနည်းပညာဖြင့် လက်ဖက်ခြောက်စိုက်ပျိုးထုတ်လုပ်ခြင်းနှင့် ချိန်းရှဲန်ဒေသအနီး မဲခေါင်မြစ်ကမ်း မြန်မာ-လာအို-ထိုင်းနိုင်ငံတို့ဆုံစည်းရာ ရွှေတြိဂံဒေသများသို့ သွားရောက်လေ့လာခဲ့ကြသည်။

မောင်ယဉ်ကျေး

တိုတိုထွာထွာဖတ်စရာ

ဘိုကလေးမြို့နယ်တွင် လယ်ယာမြေဥပဒေသင်တန်း ပို့ချ

ဘိုကလေး
ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်ရှိ မဟာသတိပဋ္ဌာန်ကျောင်းတိုက်တွင် စက်တင်ဘာ ၈ ရက် နံနက်ပိုင်းမှစတင်၍ မြန်မာနိုင်ငံ ရှေ့နေများကွန်ရက်မှ ဦးစန်းလွင်က ဒေသခံတောင်သူများနှင့် မော်လမြိုင်ကျွန်းမြို့နယ်ရှိ တောင်သူများအား လယ်ယာမြေဥပဒေသင်တန်း ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ သိမ်းဆည်းခံလယ်ယာမြေလုပ်ထုံးလုပ်နည်းတို့၏ သိကောင်းစရာများကို သင်တန်းကာလ နှစ်ရက်ကြာပို့ချမည်ဖြစ်ပြီး သင်တန်းသားတစ်ဦးက "ယခုလို လယ်ယာမြေဥပဒေတွေ သိခွင့်ရလို့ အလွန်ဝမ်းသာပါတယ်၊ တောင်သူတွေအနေနဲ့ ခုလို အသိအမြင်ပွင့်လင်းလာတဲ့အတွက် အလိမ်အညာမခံရတော့ဘူးပေါ့" ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

ပေါင်မြို့တွင် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ဟောပြော

ပေါင်
လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကို စက်တင်ဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် ပေါင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မှုခင်းကျဆင်းရေးအသိပညာပေးလုပ်ငန်းများအား ပေါင်မြို့မစခန်းမှူး ဒုရဲမှူးထွန်းဇော်ဦးကလည်းကောင်း၊ ဥပဒေအကြောင်းသိကောင်းစရာများအား ပေါင်မြို့နယ် ဒုတိယဥပဒေအရာရှိ ဦးမင်းသူရကလည်းကောင်း ပညာပေးဟောပြောခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာဥက္ကဋ္ဌ ဒေါ်နှင်းနှင်းအေးနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **လှိုင်ထွန်းအောင်**

ဘွဲ့ကရင်ဘာသာစကားဖြင့် ပုံပြောပြိုင်ပွဲကျင်းပ

သံတောင်ကြီး
ကရင်ပြည်နယ် ဘားအံခရိုင် သံတောင်ကြီးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကပြုလုပ်သော ဘွဲ့ကရင်ဘာသာစကားဖြင့် ပုံပြင်ပြောပြိုင်ပွဲကို စက်တင်ဘာ ၆ ရက် ညနေ ၃ နာရီက ကလေးစာဖတ်ခန်း၌ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်နော်လော်မူက ဘွဲ့ကရင်လူမျိုးများ၏ ဓလေ့ရိုးရာယဉ်ကျေးမှုနှင့် မိမိတို့၏ ဘာသာစကားကို လေးစားမြတ်နိုးပြီး ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် ရည်ရွယ်ချက်ဖြင့် ပြိုင်ပွဲပြုလုပ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါပုံပြောပြိုင်ပွဲတွင် မူလတန်းအဆင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ကိုးဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများအား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

အုတ်ဖိုမြို့နယ်တွင် မှုခင်းအသိပညာပေးဟောပြော

အုတ်ဖို
အုတ်ဖိုမြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်နှင့် တပ်ဖွဲ့ဝင်များသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး၊ သက်ငယ်မုဒိမ်းမှုများ လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို တိမ်မြကျေးရွာအုပ်စု တိမ်မြ (အထက)၌ စက်တင်ဘာ ၇ ရက် မွန်းလွဲ ၂ နာရီက ကျင်းပရာ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ စုစုပေါင်း ၃၂၀ တက်ရောက်ခဲ့ပြီး ဉာဏ်စမ်းမေးခွန်းများမေးမြန်းပြီး ဆုရရှိသူများအား ဆုချီးမြှင့်ခြင်း၊ ပညာပေးလက်ကမ်းစာစောင် ဖြန့်ဝေခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဉာဏ်**

မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၏ ပထမအကြိမ်ညီလာခံနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၈
မြန်မာနိုင်ငံအိုလံပစ်ကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေးနှင့် မြန်မာ့စက်ဘီးအားကစား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်၏ ပထမအကြိမ်ညီလာခံနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲအခမ်းအနားကို စက်တင်ဘာ ၇ ရက် နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အလုပ်အမှုဆောင်ရွေးချယ်ပွဲသို့ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်နှင့် အဖွဲ့ဝင်ခြောက်ဦး၊ အလုပ်အမှုဆောင်များ၊ ရွေးချယ်တင်မြှောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးမိုးဇော်နှင့်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ရှိ စက်ဘီးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင်များ ရွေးချယ်တင်မြှောက်ရေးကြီးကြပ်ရေးအဖွဲ့ အဖွဲ့ခေါင်းဆောင် ဦးအောင်ဒင်က အဖွင့်အမှာစကားပြောကြား၍ မြန်မာနိုင်ငံစက်ဘီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ်ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများ ပြောကြားပြီး တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်မှ စက်ဘီးဆပ်ကော်မတီဝင်များက ဆွေးနွေးတင်ပြခဲ့ကြသည်။

ဆက်လက်၍ ပထမအကြိမ်ညီလာခံနှင့် အလုပ်အမှုဆောင်ရွေးချယ်တင်မြှောက်ပွဲကို မဲနှိုက်ရွေးချယ်ရာတွင် မြန်မာနိုင်ငံစက်ဘီးအားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်ဝင်း၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်ဝင်းထွန်း၊ ဒုတိယဥက္ကဋ္ဌ(၂) ဦးမြတ်သူ၊ ဒုတိယဥက္ကဋ္ဌ(၃) ဦးဂျွန်ဆင်၊ အတွင်းရေးမှူး ဦးကျော်မင်းသန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးမျိုးသန်းထွန်းနှင့်အတူ အလုပ်အမှုဆောင်စုစုပေါင်း ၁၅ ဦးတို့အား စက်တင်ဘာ ၇ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ကြောင်း သိရသည်။ **ကြေးမုံ**

မြစ်သာမြစ်ကူးတံတား ဆောက်သည့်မြေနေရာများအတွက် မြေယာလျော်ကြေးပေးအပ်

ဂန့်ဂေါ စက်တင်ဘာ ၈
ဂန့်ဂေါမြို့နှင့် အနောက်ဂန့်ဂေါ ကျေးရွာကူး မြစ်သာမြစ်ကူးတံတားကို ၂၀၁၈ ခုနှစ်တွင် တည်ဆောက်လျက်ရှိရာ တံတားတည်ဆောက်သည့်အတွက် မြေနေရာပါသွားသည့် တောင်သူများထံ မြေယာလျော်ကြေးငွေပေးအပ်ပွဲကို စက်တင်ဘာ ၇ ရက်က မြစ်သာမြစ်ကူးတံတား စီမံကိန်းရှင်းလင်းဆောင်၌ ပြုလုပ်ခဲ့သည်။

ပေးအပ်ပွဲတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းဝင်းနှင့် တံတားဦးစီးဌာန အင်ဂျင်နီယာချုပ် ဦးသိန်းအောင်တို့က အမှာစကားပြောကြားပြီး ဂန့်ဂေါခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နိုင်က မြေယာသီးနှံကြေးနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တောင်သူလေးဦးအား နစ်နာကြေးငွေများကို တာဝန်ရှိသူများက ပေးအပ်ရာ တောင်သူဦးလှကြူက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သိရသည်။ **၄၆၅**

သုံးခွမြို့နယ်၌ လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ် ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၈
ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၆ ရက် နံနက် ၉ နာရီခွဲက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး သုံးခွမြို့နယ် အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ အမှတ်(၂) တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဆွေ၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဥက္ကဋ္ဌ ဦးစံရှိန်၊ သုံးခွမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဦး၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဘဏ္ဍာရေးမှူး စာရေးဆရာ မြေလတ်ထင်ကျော်မိုးတို့က "လူငယ်နှင့် မူးယစ်ဆေးဝါးအန္တရာယ်" ခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ဆွေးနွေးခဲ့ကြကြောင်းနှင့် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း (မြန်မာ) ဗဟိုဥက္ကဋ္ဌ၊ ဗဟိုဘဏ္ဍာရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဒေါ်သန်းသန်းမြင့်နှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများ စုစုပေါင်း ၃၄၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကြည်စိုးလွင်(သုံးခွ)**

အရှေ့ဘက်က ခရီးသွားဈေးကွက်အကြောင်း . . .

စာမျက်နှာ ၁၅ မှ

မတူညီတဲ့နေရာဒေသတစ်ခုကိုခရီးထွက်ပြီး အဲဒီဒေသရဲ့အစားစာ ယဉ်ကျေးမှု၊ လူနေမှုအလေ့အထများကို သွားရောက်လေ့လာကြပြီး ခေတ္တခဏလွတ်မြောက်မှု၊ ပြောင်းလဲမှုကို တွေ့ကြုံခံစားကြတာ ဖြစ်ပါတယ်။ ကြုံခဲ့ရတဲ့ ခရီးသွားအတွေ့အကြုံများရဲ့ ကောင်းကွက်ဆိုးကွက်များကို မိသားစု ဆွေမျိုးသူငယ်ချင်းနဲ့ မျှဝေတာမျိုး လူမှုကွန်ရက်မျက်နှာစာမှာ ရေးသားဖော်ပြတာမျိုးဟာ မလွဲမသွေဆောင်ရွက်နေကြတာဖြစ်တဲ့အတွက် မိမိတို့ရဲ့ဒေသကို နောက်ထပ်လာရောက်လည်ပတ်ဖို့နဲ့ ခရီးသွားတိုးတက်လည်ပတ်ဖို့ ကောင်းသတင်းအတွေ့အကြုံဟာ အထူးအရေးကြီးပါတယ်။

စွဲမက်စရာအတွေ့အကြုံများ (Memorable Experience) ဘယ်လိုဖန်တီးယူမလဲဆိုတဲ့ အတွေးအခေါ်ဟာ ၂၀၀၀ ပြည့်နှစ်အလွန်ကတည်းက စီးပွားရေးပညာရှင်များဖြစ်တဲ့ B Joseph Pine နဲ့ Gilmore တို့မှ အတွေ့အကြုံနယ်ပယ်လေးမျိုးကို အခြေခံဖော်ထုတ်ခဲ့ကြပါတယ်။ အဲဒါတွေကတော့ Education (သင်ကြားမှု၊ သင်ယူမှု အတွေ့အကြုံ)၊ Entertainment (ဖျော်ဖြေရေးနဲ့ပတ်သက်တဲ့ အတွေ့အကြုံ)၊ Escapism (လွတ်မြောက်ပျော်ရွှင်မှု အတွေအကြုံ)၊ Esthetics အလှအပ ပတ်ဝန်းကျင်ခံစားငေးမောမှု အတွေ့အကြုံစတာ တွေပဲဖြစ်ပါတယ်။

သင်ကြားမှု၊ သင်ယူမှုအတွေ့အကြုံ

သင်ကြားမှု၊ သင်ယူမှုအတွေ့အကြုံ အမျိုးအစားကတော့ ခရီးသွားကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်မှုရှိရမှာဖြစ်ပြီး Active Participation ရရှိခံယူမှတ်သား တတ်မြောက်သွားခြင်းဖြစ်ရမှာပါ။ သာဓကအနေနဲ့ ရိုးရာဟင်းချက်ပြုတ်နည်းသင်တာမျိုး၊ လက်မှုပညာတစ်မျိုးမျိုးကို သင်တာမျိုး ဖြစ်ပါတယ်။ Entertainment ဖျော်ဖြေရေးနှင့်ပတ်သက်တဲ့ အတွေ့အကြုံမျိုးကတော့ (Passive Participation) ကိုယ်တိုင်ပါဝင် ဆောင်ရွက်မှုမရှိသော်လည်း Absorption ရရှိခံယူမှတ်သားသွားနိုင်မှာဖြစ်ပါတယ်။

သာဓကအနေနဲ့ ရုပ်ရှင်၊ သဘင်နဲ့ သံစုံဂီတ ဖျော်ဖြေပွဲမျိုးတွေပဲ ဖြစ်ပါတယ်။ Escapism (လွတ်မြောက်ပျော်ရွှင်မှု အတွေအကြုံ) ကတော့ ခရီးသွားကိုယ်တိုင်ပါဝင် ဆောင်ရွက်နိုင်မှု (Active Participation) ရှိရမှာဖြစ်ပြီး တွေ့သိနားဆင်ခံစားနိုင်ခြင်း (Immersion) ရှိရမှာ ဖြစ်ပါတယ်။ သာဓကအနေနဲ့ကတော့ လွတ်လပ်ပျော်ရွှင်စွာနဲ့ ရောက်ရှိရာဒေသရဲ့ လူမှုစရိုက်မှာ စီးမျောပျော်ဝင်ပြီး တက်ကြွစွာ လိုက်လံ လုပ်ဆောင်စားသောက်နေထိုင်တာမျိုးဖြစ်ပါတယ်။ အလှအပပတ်ဝန်းကျင်ခံစားငေးမောမှု အတွေ့အကြုံ (Esthetics) ကတော့ ကိုယ်တိုင်ပါဝင် ဆောင်ရွက်မှုမရှိသော်လည်း တွေ့သိနားဆင် ခံစားနိုင်ရမှာဖြစ်ပါတယ်။ သာဓကအနေနဲ့ကတော့ ပတ်ဝန်းကျင်ရဲ့ အလှအပမှာ ငြိမ်သက်ငေးမောနေတာမျိုးပဲ ဖြစ်ပါတယ်။ ဒါကြောင့် စွဲမက်ဖွယ်ခရီးသွားအတွေ့အကြုံတွေရရှိနိုင်အောင် ဒီလို အတွေ့အကြုံ လေးမျိုးကို အမျိုးမျိုးဖလှယ်ပေါင်းစပ်ပြီး ဆောင်ရွက်ပေးနိုင်တာ ဖြစ်ပါတယ်။ Education (သင်ကြားမှု သင်ယူမှု အတွေ့အကြုံ)ကိုလည်း ငြီးငွေ့ပျင်းရိစရာ မဖြစ်ရအောင် Entertainment နဲ့ ပေါင်းစပ်ပြီး Edutainment ဆိုတဲ့အတွေ့အကြုံ တစ်မျိုးအဖြစ် ပိုမိုလန်းဆန်းတက်ကြွစွာ လေ့လာသင်ယူနိုင်ကြဖို့ တီထွင်ဆောင်ရွက်လာကြပြီဖြစ်ပါတယ်။ Eatertainment ဆိုတဲ့ အတွေးဆန်းဆန်းနဲ့ စားသောက်ပွဲများကို အနုပညာဆန်ဆန် ဖျော်ဖြေရေးဆန်ဆန်တီထွင်လာကြတာလည်းတွေ့ရမှာဖြစ်ပါတယ်။

စွဲလမ်းနှစ်ခြိုက်

ဒါကြောင့် Eco Tourism လုပ်ငန်းဆောင်ရွက်ရာမှာ ခရီးစဉ်ဒေသရဲ့ တောတောင်တွေပြ၊ ဓာတ်ပုံတွေ ရိုက်ယူနိုင်ရုံမျှနဲ့မဟုတ်ဘဲ ငှက်ကြည့်ခြင်းနဲ့ ငှက်အမျိုးအစားသဘာဝကို ကျမ်းပြုရေးသားနိုင်စေခြင်း၊ ခြေကျင်ခရီးတိုသွားခြင်း၊ တောတွင်းစခန်းချအိပ်စက်ခြင်း၊ ပန်းချီ ဝါသနာပါသူများအတွက် ပန်းချီရေးဆွဲနိုင်မယ့်နေရာ အကွက်အကွင်း ကောင်းကောင်းရှာဖွေထားရှိခြင်း၊ တောတောင်မှ ရရှိနိုင်တဲ့လတ်ဆတ်တဲ့ ဟင်းသီးဟင်းရွက်များနဲ့ဒေသဟင်းလျာများ ချက်ပြုတ် စားသောက်နိုင်ခြင်း စတဲ့ပတ်ဝန်းကျင်ထိခိုက်မှုအလျော့နည်းဆုံးဖြစ်တဲ့ လှုပ်ရှားမှုများ (Activities) များစွာ ကြံဆတွေးတောပြင်ဆင်ရောင်းချခြင်းဖြင့် ခရီးသွားများရဲ့ အတွေ့အကြုံကောင်းများရှိနိုင်စေပြီး ခရီးစဉ်ဒေသကို စွဲလမ်းနှစ်ခြိုက်စေမှာ ဖြစ်ပါတယ်။

(ဆက်လက်ဖော်ပြပါမည်)

Visit
The 5th International Processing & Packaging Exhibition for Myanmar
PROPAK MYANMAR
New Venue
13-15 September 2018
Yangon Convention Centre (YCC), Yangon
Pre-register at www.propakmyanmar.com
Including:
Over 200 Exhibitors from 13 countries
6 International Pavilions from China, Italy, Japan, Singapore, Taiwan, Thailand
Industry Conferences & Seminars
Incorporating: DRINKTECH MYANMAR, INGREDIENTS MYANMAR, PLASPAK MYANMAR
Contact Ya Mone at
Tel: +95 1378 975 or
Yamone.oo@ubm.com
Supported by: MFPEA, FoSTA, AHK
Gold Sponsor by: GC
Organised by: UBM

နေပြည်တော်
ကားမောင်း(အတတ်သင်)သင်တန်း
ပ-(154)၊ မြို့မဈေး၊ ပွဲရုံတန်း၊ နေပြည်တော်
Ph:067-421755 ,09-73011078 ,09-73041277
စေတ်မီကားမျိုးစုံဖြင့် Manual & Auto
နှစ်မျိုးစလုံးသင်ကြားပေးပါသည်။

ဖခင်အမည်မှန်

ကနီမြို့နယ်၊ မဲဒင်၊ အထက၊ ဒသမတန်းမှ မကြွယ်ကြွယ်ခိုင်၊ ဆဋ္ဌမတန်းမှ မောင်အောင်ခိုင်ဖြိုးနှင့် ပဉ္စမတန်းမှ မနိုနိုခိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ခိုင်[၅/ကနန(နိုင်)၀၅၃၅၈၅]ဖြစ်ပါကြောင်း။

ဦးဇော်ဇော်ခိုင်

ရောင်းမည်

ရွှေပေါက်ကံ (၁၇)ရပ်ကွက်၊ တစ်ထပ်တိုက်။

ဖုန်း-၀၉-၇၇၁၆၉၈၇၈၇
၀၉-၆၉၂၈၁၉၉၉၇
၀၉-၂၀၁၇၂၅၃

ဖခင်အမည်မှန်

မြောင်မြို့၊ အထက၊ ဒသမတန်း(A)မှ မောင်ဝေဖြိုးကျော်(က-၁၇၆၂)၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းဦး[၅/မမန(နိုင်)၀၀၇၁၀၇] ဖြစ်ပါကြောင်း။

ဦးမင်းမင်းဦး

ဖခင်အမည်မှန်

တိုက်ကြီးမြို့နယ်၊ ဘောလကွတ်အုပ်စု၊ ကွေ့ကုန်းစာဖြူစု ကျေးရွာနေ တော်လတီ (အထက) ဒသမတန်း(E)မှ စောအယ်သာတော၏ ဖခင်အမည်မှန်မှာ စောဘာဆိုဂေ [၇/ကကန(နိုင်)၀၀၀၄၂၂] ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ ရွှေပေါက်ပင်၊ အထက ဒသမတန်းမှ မောင်ဇော်ညီအောင်၏ ဖခင်အမည်မှန်မှာ ဦးဇော်[၉/သပက(နိုင်)၀၃၆၁၁၁] ဖြစ်ပါကြောင်း။

ဦးဇော်

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ကျောက်တံခါးမြို့နယ်၊ ရှမ်းဒိုးတန်း အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မနွယ်နွယ်လှိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ကြူကြူသင်း [၇/ညလပ(နိုင်)၀၃၈၇၈၀]ဖြစ်ပါကြောင်း။

ဒေါ်ကြူကြူသင်း

မိခင်အမည်မှန်

ဒိုက်ဦးမြို့၊ အထက(ကတုတ်)၊ ဒသမတန်း(B)မှ မောင်ဇော်ထက်အောင်၏ မိခင်အမည်မှန် ဒေါ်ညိုညိုစမ်း[၇/ဒဥန(နိုင်)၀၈၈၁၃၂]ဖြစ်ပါကြောင်း။

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၃)၊ ဒသမတန်း(F)၊ ဘောဂဗေဒတွင် ပညာသင်ကြားနေသော မခင်မျိုးဝင်း၏ ဖခင်အမည်မှန်မှာ ဦးငွေတိုး [၅/မရန(နိုင်)၀၀၄၇၈၇]ဖြစ်ပါကြောင်း။

ဦးငွေတိုး

ဖခင်အမည်မှန်

တိုက်ကြီးမြို့နယ်၊ ဘောလကွတ်အုပ်စု၊ ဘောလကွတ်ရွာနေ တော်လတီ(အထက) ဒသမတန်း(E)မှ မခင်ချိုဦး၏ဖခင် အမည်မှန်မှာ ဦးအောင်ဝင်း[၁၂/တကန(နိုင်)၁၉၁၄၄၇]ဖြစ်ပါသည်။

ငွေကြေးစိုက်ထုတ်၍
နေ့စဉ်ထုတ်သတင်းစာများတွင် ပါရှိလိုသည့်မင်္ဂလာဆောင်ရေး၊ လှူမှုရေး ကြော်ငြာများကို အိမ်တိုင်ရာရောက် ဝန်ဆောင်ပေးမည်။
09 795616975, 09 253103233

ဖခင်အမည်မှန်

ယင်းမာပင်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း (J)တွင် ပညာသင်ယူလျက်ရှိသော မခင်ချိုဦး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆွေဦး[၅/ပလန(နိုင်)၀၈၃၂၂၀]ဖြစ်ပါကြောင်း။

ဦးအောင်ဆွေဦး

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၃) ဒသမတန်း (F)တွင် ပညာသင်ကြားနေသော မနွေးနွေးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမြဇော် [၅/မရန(နိုင်)၁၆၆၄၉၀] ဖြစ်ပါကြောင်း။

ဦးမြဇော်

ဖခင်အမည်မှန်

မုံရွာမြို့၊ အထက(၃)၊ ဒသမတန်း(F) တွင် ပညာသင်ကြားနေသော မောင်ထွန်းကျော်ဝင်း၏ဖခင်အမည်မှန်မှာ ဦးဝင်းဆွေ [၅/မကန(နိုင်)၀၃၀၀၇၂]ဖြစ်ပါကြောင်း။

ဦးဝင်းဆွေ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၄)ရပ်ကွက်၊ သီတာရေစင်လမ်း၊ အမှတ်(၆၁၂/ခ)၊ (၁)ခန်းတည်း RC(၆)ထပ်တိုက် (၆)ခန်း အဆောက်အအုံမှ(၂-လွှာ)၊ ဧရိယာ(၉၇၂)စတုရန်းပေ နှစ်(၆၀)မြေငှားဂရန်မြေပေါ်ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသော သံလွင်အောင်ဆောက်လုပ်ရေး+တော်ဝင်နွယ်ဆောက်လုပ်ရေးတို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဒေါ်မေသူဝင်း[၁၁/သတန(နိုင်)၀၆၆၂၁၇]၊ ဦးအောင်နိုင်ဝင်း[၇/အဖန(နိုင်)၀၈၁၅၈၁]၊ ဒေါ်သန္တာဝင်း[၁၁/သတန(နိုင်)၀၅၃၆၃၅]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မေသူဝင်း၊ ဦးအောင်နိုင်ဝင်း၊ ဒေါ်သန္တာဝင်းတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ-

ဦးဝင်းမင်းစိုး	**ဒေါ်သူဇာကျော်**	**ဒေါ်ဝေဖြိုးအောင်**
LL.B,WIPO (Switzerland)	**LL.B,D.,B.L,D.I.L,WIPO(Switzerland)**	**LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၆၆၄)	**အထက်တန်းရှေ့နေ (စဉ်-၄၆၀၅၁)**	**အထက်တန်းရှေ့နေ (စဉ်-၄၄၀၀၃)**
Ph:09-450023651	**Ph:09-254508917**	**Ph:09-421157856**

Level(၅၊၆၊၇၊၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower၊ အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ ဗိုလ်တထောင်လမ်းသွယ်(၄)လမ်း၊ အမှတ်(၁၈/၂၀)၊ RC(၈½)ထပ်(၂)ခန်းတွဲတိုက်၏ တတိယထပ်၊ (၄-လွှာ)လက်ယာခန်း၊ ဧရိယာ(၁၁၇၈)စတုရန်းပေ၊ နှစ်(၉၀)ဂရန်မြေပေါ်ရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် ၎င်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံသူဖြစ်သော ဒေါ်နီလာဘာရာဒွာဂျာ[၁၂/မဂတ(နိုင်)၀၁၅၁၄၇]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးကျော်သူရ(ခ)ဂိုးပါလ်[၉/မကန(နိုင်)၀၇၅၁၂၉]၊ မဟာဒီမာယာ(ခ)ဒေါ်ထွေးထွေး[၉/မကန(နိုင်)၁၀၁၄၆၅]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျော်သူရ(ခ)ဂိုးပါလ်၊ မဟာဒီမာယာ(ခ)ဒေါ်ထွေးထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်များအရ

ဦးဝင်းမင်းစိုး	**ဒေါ်သူဇာကျော်**
LL.B,WIPO (Switzerland)	**LL.B,D.B.L,D.I.L,WIPO(Switzerland)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)	**အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၁)**
Ph:01-246869, 09-450023651	**Ph:09-254508917**

Level (၅၊၆၊၇၊၈)၊ တာဝါ(၂)၊ HAGL Myanmar Center Tower, အမှတ်(၁၉၂)၊ ကမ္ဘာအေးဘုရားလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ကုန်အမှတ်တံဆိပ်အမှတ်အသားမူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

မှော်ဘီမြို့နယ်၊ ... အမှတ်(၁၄၂)နေ ဦးဟန်မျိုးအောင် (ဘ) ဦးခင်အောင်(၁၀/သထန(နိုင်)၁၀၅၄၅၈)သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ် ဆိုင်အားတစ်ဦးတည်း မူပိုင်ဖြစ်ကြောင်းသတို့ ... စာချုပ်စာတမ်းမှတ်ပုံတင် ရုံးတွင် ၂၀၁၈ခုနှစ် စာချုပ်စာတမ်း မှတ်ပုံတင်အမှတ် (၃၀)ဖြင့် (၁၇-၇-၂၀၁၈)ရက်တင်သွင်းထားပြီးဖြစ်ပါသည်။

"ကုန်အမှတ်တံဆိပ်အမည်အမှတ်အသား"

မှတ်ပုံတင်အမှတ် (၃၀/၂၀၁၈)

ဦးဟန်မျိုးအောင်သည်အထက်ဖော်ပြပါ ကုန်အမှတ် တံဆိပ်အမည် အမှတ် အသားဖြင့် HONEST4T Motor Oil ပစ္စည်းကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် တစ်ဝန်းတွင်ထုတ်လုပ်ဖြန့်ချိရောင်းချသောအခါများတွင် အသုံးပြုသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏အမှုသည်ပိုင်ဆိုင်သော အဆိုပါကုန်အမှတ်တံဆိပ်ကို ၎င်းတို့၏ခွင့်ပြုချက် မရရှိဘဲ အခြားမည်သူတစ်ဦးတစ်ယောက်မှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ၊ ထင်ယောင်ထင်မှားဖြစ်စေ၊ အတုပြုလုပ်သုံးစွဲခြင်းများ မပြုလုပ်ကြစေရန်နှင့် ဦးဟန်မျိုးအောင်၏ အကျိုးစီးပွား ထိခိုက်နစ်နာအောင် တုပပြုလုပ်သုံးစွဲနေသည်ကို တွေ့ရှိပါကတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မျိုးပပဝင်း
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၀၇၇၅)
အမှတ်(၇၄၈)၊ ရွှေဟသာလမ်း၊ ... ရပ်ကွက် ... မြို့နယ်၊ မှော်ဘီမြို့နယ်။

နိုင်ငံတကာသတင်းဂျာနယ်
အမှတ်စဉ်-၁၁၇၇
❖ အရှေ့အလယ်ပိုင်းတွင် အစ္စရေး၏ လှုပ်ရှားမှုအရှိန်တော်ပုံများ
❖ တရုတ်နိုင်ငံသည် အမေရိကန်၏ ရန်ဘက်မဟုတ် မြင်ဘက်သာဖြစ်ကြောင်း အမေရိကန်ကာကွယ်ရေးဌာန အစီရင်ခံစာတွင် ဖော်ပြ
❖ ခေတ်သစ်ကမ္ဘာ့သမိုင်းတွင် အရှည်ကြာဆုံး အီရန်-အီရတ်စစ်ပွဲကြီး
❖ လွန်ခဲ့သည့် တစ်နှစ်ကျော်ကာလအတွင်း အစ္စရေးက ဆီးရီးယားရှိ အီရန်ပစ်မှတ် ၂၀၀ ကျော်ကို တိုက်ခိုက်ခဲ့
❖ ထရန့်၏ ပထမသက်တမ်းအတွင်း အကျပ်ရိုက်နေကြမည်ဆိုသော ကင်ဂျုံအန်
❖ ဥရောပကို ပူတင် ဘယ်လိုကိုင်တွယ်နေလဲ
❖ ရာနာကတော့ ရာနာပါပဲ
❖ ကမ္ဘာ့ပျက်ရန် ခုနစ်မိနစ်အလို
❖ စတားဝါးလေယာဉ်ရောင်ခြည် လက်နက်တပ် F-35 တိုက်လေယာဉ်
❖ အာဆီယံအကြောင်း သိကောင်းစရာ
တနင်္လာနေ့တိုင်း ထွက်ပြီ
နယ်စာတိုက်များ၊ ကိုယ်စားလှယ်ကြီးများမှတစ်ဆင့် ရောင်းဈေး ကျပ် ၃၀၀/-
ကြော်ငြာနှင့် ဖြန့်ချိရေး - အမှတ် (၇၇)၊ ၅၂ လမ်း၊ ကြေးမုံသတင်းစာတိုက်၊ ပုဇွန်တောင်မြို့နယ်၊ ဖုန်း - ၀၁ - ၃၉၇၃၃၀၊ ၀၁ - ၂၉၂၀၃၀
Gmail - internationaljournalmm@gmail.com

မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့၊ ပုဇွန်မြောင်း၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်း(A)မှ မရွှေဇင်ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ငယ်ကြီး[၇/ညလပ(နိုင်)၂၂၃၈၂၁]ဖြစ်ပါကြောင်း။

ဒေါ်ငယ်ကြီး

ဖခင်အမည်မှန်

ဘားအံမြို့နယ်၊ အထက(ခွဲ) တန်(၉၀၀) ဘီလပ်မြေစက်ရုံ၊ မြိုင်ကလေး တက္ကသိုလ်ဝင်တန်း(အေ)မှ မယုဝေ အောင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်ဦး[၈/အလန(နိုင်)၁၃၄၇၆၈]ဖြစ်ပါသည်။

မိဘအမည်မှန်

ဘားအံမြို့နယ်၊ အထက(ခွဲ) တန်၉၀၀ စက်ရုံကျောင်း တက္ကသိုလ်ဝင်တန်း(ဘီ)မှ မမျိုးသဇင်ဦး၏ မိဘအမည်မှန်မှာ ဦးစိုးမြင့်[၃/ဘအန(နိုင်)၁၉၇၅၉၉]နှင့် နန်းညိုပွင့်[၃/ဘအန(နိုင်)၀၈၉၁၇၉]ဖြစ်ပါသည်။

အမည်မှန်

ဘားအံမြို့နယ်၊ အထက(၄)၊ နဝမတန်းမှ နန်းနှင်းယဉ်အေး၏ အမည်မှန်မှာ နန်းနှင်းရည်အေး[၃/ဘအန(နိုင်)၄၁၆၆၈၂] ဖြစ်ပါသည်။

အမည်မှန်

ကနီမြို့၊ ဝင်မနားကျေးရွာ၊ သာထက်ပညာအောင်မြေ ကိုယ်ပိုင်အထက၊ ဒသမတန်းမှ (ဘ) ဦးဝင်းချို၏သား အမည်မှန်မှာ မောင်ကောင်းထက်ဇော်[၅/ကနန(နိုင်)၁၃၂၇၀၅] ဖြစ်ပါကြောင်း။

မောင်ကောင်းထက်ဇော်

အမည်မှန်

မြောင်မြို့၊ ရွှေပေါက်ပင်၊ အထက(ခွဲ) ဒသမတန်းမှ (ဘ)ဦးကျော်ထွန်းသောင်း၏ သမီး မရွှေစင်ထွန်း၏ အမည်မှန်မှာ မရွှေဇင်ထွန်း ဖြစ်ပါကြောင်း။

မရွှေဇင်ထွန်း

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ အထက ဒသမတန်း(B)မှ မောင်စိုင်းသူရကျော်(က-၃၁၁၀)၏ ဖခင်အမည်မှန်မှာ ဦးတင်ငွေ[၅/မမန(နိုင်)၀၅၅၂၃၅] ဖြစ်ပါကြောင်း။

ဦးတင်ငွေ

ဖခင်အမည်မှန်

မြောင်မြို့နယ်၊ မင်းတန်းကျေးရွာ အထက(ခွဲ)၊ သတ္တမတန်း(B)မှ မစုမြတ်နိုင်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နွယ်[၅/မမန(နိုင်)၀၄၉၆၅၃]ဖြစ်ပါကြောင်း။

ဦးမြင့်နွယ်

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် ၈င/၅၄၆၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်

ရတနာသစ်တော ပြည့်သွေးကြော သစ်တောရတနာ ထိန်းသိမ်းပါ

ကန့်ကွက်လိုက ခိုင်လုံသော မှတ်ပုံတင်စာချုပ်စာတမ်းများ၊ ... ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စဉ်	လျှောက်ထားသူ အမည်	လျှောက်ထားသူ မှတ်ပုံတင်	လျှောက်ထားသည့် မြို့နယ်	မြေတိုင်း	မြေကွက်	မြေအမည်ပေါက်	လိပ်စာ	လျှောက်ထားသည့် အကြောင်းအရာ
၁	ဒေါ်ကတာဝံသာ+၂(SPဦးစေတ္တ)	ISN-၅၃၉၉၉၅ ၁၂/မရက(နိုင်)၁၆၈၅၂၄	မရမ်းကုန်း	၄၂သမိုင်း	၂၄/က ၃၇ ၄B	ဒေါ်ကတာဝံသာ+၂	၉မိုင်အယားလမ်း(၉)မိုင်(၅)ရပ်ကွက်	မြေပုံကူး(အရောင်း)
၂	ဒေါ်ကတာဝံသာ+၂(SPဦးစေတ္တ)	ISN-၅၃၉၉၉၅ ၁၂/မရက(နိုင်)၁၆၈၅၂၄	မရမ်းကုန်း	၄၂သမိုင်း	၂၄/က ၃၇ ၅A	ဒေါ်ကတာဝံသာ+၂	၉မိုင်အယားလမ်း(၉)မိုင်(၅)ရပ်ကွက်	မြေပုံကူး(အရောင်း)
၃	ဒေါ်ကတာဝံသာ+၂(SPဦးစေတ္တ)	ISN-၅၃၉၉၉၅ ၁၂/မရက(နိုင်)၁၆၈၅၂၄	မရမ်းကုန်း	၄၂သမိုင်း	၂၄/က ၃၇ ၅J	ဒေါ်ကတာဝံသာ+၂	၉မိုင်အယားလမ်း(၉)မိုင်(၅)ရပ်ကွက်	မြေပုံကူး(အရောင်း)
၄	ဒေါ်ကတာဝံသာ+၂(SPဦးစေတ္တ)	ISN-၅၃၉၉၉၅ ၁၂/မရက(နိုင်)၁၆၈၅၂၄	မရမ်းကုန်း	၄၂သမိုင်း	၂၄/က ၃၇ ၅H	ဒေါ်ကတာဝံသာ+၂	၉မိုင်အယားလမ်း(၉)မိုင်(၅)ရပ်ကွက်	မြေပုံကူး(အရောင်း)
၅	ဒေါ်ကတာဝံသာ+၂(SPဦးစေတ္တ)	ISN-၅၃၉၉၉၅ ၁၂/မရက(နိုင်)၁၆၈၅၂၄	မရမ်းကုန်း	၄၂သမိုင်း	၂၄/က ၃၇ ၅E	ဒေါ်ကတာဝံသာ+၂	၉မိုင်အယားလမ်း(၉)မိုင်(၅)ရပ်ကွက်	မြေပုံကူး(အရောင်း)
၆	ဒေါ်ကတာဝံသာ+၂(SPဦးစေတ္တ)	ISN-၅၃၉၉၉၅ ၁၂/မရက(နိုင်)၁၆၈၅၂၄	မရမ်းကုန်း	၄၂သမိုင်း	၂၄/က ၃၇ ၅B	ဒေါ်ကတာဝံသာ+၂	၉မိုင်အယားလမ်း(၉)မိုင်(၅)ရပ်ကွက်	မြေပုံကူး(အရောင်း)
၇	ဒေါ်ကတာဝံသာ+၂(SPဦးစေတ္တ)	ISN-၅၃၉၉၉၅ ၁၂/မရက(နိုင်)၁၆၈၅၂၄	မရမ်းကုန်း	၄၂သမိုင်း	၂၄/က ၃၇ ၅F	ဒေါ်ကတာဝံသာ+၂	၉မိုင်အယားလမ်း(၉)မိုင်(၅)ရပ်ကွက်	မြေပုံကူး(အရောင်း)
၈	ဦးအိလီယာစ်	၁၀/ကမရ(နိုင်)၀၅၀၈၅၄	မင်္ဂလာတောင်ညွန့်	၁၁P	V.၁၁၅	ဦးအိလီယာစ်	၂၃၁၊ မြောင်လမ်းသမြောက်ရပ်ကွက်	ဂရန်သက်တမ်းတိုး
၉	ဒေါ်မြမြကြည်+၁	၁၂/ဗဟန(နိုင်)၀၅၇၉၈၁	မင်္ဂလာဒုံ	ရွှေနံ့သာစံပြ	၂၉ ၂၅B N2 D	ဒေါ်လှခင်	၂၉၊ ... လမ်းနှင့်(၁)လမ်းထောင့်၊ ရွှေနံ့သာစံပြကျေးရွာ	အမည်ပြောင်း
၁၀	BMK Enterprises Co;Ltd	ကုမ္ပဏီမှတ်ပုံတင်အမှတ်-၃၉၁၇/၂၀၁၅-၁၆(ရက)	လှိုင်သာယာ	၄၅-၂	၂၅B N2 D	ဒေါ်တိုက်ရှိ(ခ)ဒေါ်ကြည်ကြည်	၂၅B N2 D ဦးအောင်သူလမ်းနှင့်ဦးမြလမ်းထောင့်၊ ညောင်ကျေးရွာအုပ်စု၊ လှိုင်သာယာ	အမည်ပြောင်း
၁၁	BMK Enterprises Co;Ltd	ကုမ္ပဏီမှတ်ပုံတင်အမှတ်-၃၉၁၇/၂၀၁၅-၁၆(ရက)	လှိုင်သာယာ	၄၅-၂	၂၅B N2 A၊ ၂၅B N2 B၊ ၂၅B N2 C	ဒေါ်တိုက်ရှိ(ခ)ဒေါ်ကြည်ကြည်	၂၅B N2 A၊ B၊ C ဦးအောင်သူလမ်းနှင့်ဦးမြလမ်း၊ ထောင့်ညောင်ကျေးရွာအုပ်စု၊ လှိုင်သာယာ	အမည်ပြောင်း

ဉာဏ်မှူး၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မွေးနေ့ဆုတောင်း

ချစ်ဇနီး 'ဖြူ' (Lifestyle Co.,Ltd-Director)၏ ၉-၉-၂၀၁၈ ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ဘဝနှင့်ဆန္ဒထပ်တူညီမျှစွာဖြင့် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့နှင့်အတူ ထာဝရပြီးပြည့်စုံ၍ အောင်မြင်ခြင်းများစွာကို ရရှိပိုင်ဆိုင်ပျော်ရွှင်ပါစေကြောင်း မွေးနေ့ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်ခင်ပွန်း- ဦးအောင်ဇော်ဝင်း (Lifestyle Co.,Ltd)

ချစ်သားကြီး- အောင်စော်ဘွား (ILBC, Grade VI, Nay Pyi Taw)

ချစ်သမီး- မေဝတီအောင်ဇော် (ILBC,Grade III,Nay Pyi Taw)

"မွေးနေ့ ဆုမွန်လွှာ"

မမ 'ဖြူ' (Lifestyle Co.,Ltd-Director)၏ ၉-၉-၂၀၁၈ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သောမိသားစုနှင့်အတူ ကျန်းမာခြင်း၊ ပျော်ရွှင်ခြင်း၊ အောင်မြင်ခြင်းများနှင့် ထာဝရ ပိုင်ဆိုင်ပါစေကြောင်း မွေးနေ့ဆုမွန်ကောင်း တောင်းအပ်ပါသည်။

Lifestyle Co.,Ltd မှ ဝန်ထမ်းများ

Naypyitaw Sawbwar Lay Co.,Ltd မှ ဝန်ထမ်းများ

Sawbwar Lay Bo Bo Maung Co.,Ltd မှ ဝန်ထမ်းများ

Boss ပါကေးဆိုင်မှ ဝန်ထမ်းများ

TNC GNC BRANDED အရည်အသွေးမြင့် ဖြည့်စွက်အာဟာရများကို အောက်ပါTNC Showroom များတွင် ရရှိနိုင်ပါပြီ။
• Junction City • Junction Mawtin • နေပြည်တော် Junction
• Order များ မှာယူလိုလျှင် ၀၉-၄၅၉ ၁၉၃ ၁၀၄ သို့ တိုက်ရိုက်ဖုန်းဆက်မှာယူနိုင်ပါသည်။
အမြို့မြို့ အနယ်နယ်ရှိ Citymart ဆိုင်ခွဲတိုင်းနှင့် ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

မင်္ဂလာပါ
Box
09-450042704
09-250095116
09-420006286

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်

အမျိုးသမီးများ လူနေမှုဘဝမြင့်တင်ရေးလုပ်ငန်းအဖွဲ့ ဝါဝါသန်း အလှပြင်ဆိုင်တို့ ပူးပေါင်းဖွင့်လှစ်မည်။ ဆံပင်/မိတ်ကပ် အလှပြင်သင်တန်း တက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း

သင်တန်းဖွင့်လှစ်မည့်ရက်	-	၂၅-၉-၂၀၁၈
သင်တန်းဖွင့်မည့်နေရာ	-	(၂၉၄)၊ လမ်း(၄၀) အထက်ဘလောက်
သင်တန်းချိန်	-	နံနက်၉နာရီမှ မွန်းလွဲ ၁နာရီထိ (အင်္ဂါမှ စနေနေ့)
သင်တန်းကာလ	-	(၂)လ
လက်ခံမည့်သင်တန်းဦးရေ	-	(၄၀)ဦး (အမျိုးသမီးများသာ)
လျှောက်လွှာရောင်းချမည့်ရက်	-	၁၀-၉-၂၀၁၈
လျှောက်လွှာတင်ရန်နောက်ဆုံးရက်	-	၂၄-၉-၂၀၁၈
လျှောက်လွှာတင်မည့်နေရာ	-	အမှတ်(၆၈)၊ အနော်ရထာလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းထောင့် ရန်ကုန်မြို့ ဝါဝါသန်းအလှပြင်ဆိုင်။ ၀၁-၈၂၄၅၄၉၃၊ ၃၇၃၄၉၈၊ ၀၉-၅၀၇၂၄၄၅၊ ၀၉-၅၄၀၀၄၁၈

ကွန်ဒိုရောင်း/ ငှားမည်
ကမာရွတ်မြို့နယ်၊ဘုရင့်နောင်တာဝါ၊(1500sqft)၊
MBR-1, BR-2,Aircon-4,6လွှာ၊lift
ကြွေပြားခင်း၊အချောပြင်ဆင်ပြီး၊အသင့်နေ။
ဆက်သွယ်ရန် - **09-788882808**

ဝန်ထမ်းအလိုရှိသည်

SKY GLORY CO.,LTD.

1. ACCOUNTANT - မ(၂)ဦး
B.COM (သို့)ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
LCCI I,II,III (UK) (OR) ACCA (1) or (2) ရရှိပြီးသူဖြစ်ရမည်။
အသက်(၃၀)နှင့်အထက်ဖြစ်ရမည်။
Computer (Word, Excel) ကျွမ်းကျင်ရမည်။
Acountant ဖြင့်လုပ်ငန်းအတွေ့အကြုံ (5)နှစ်နှင့်အထက်ရှိရမည်။
2. SALES AND MARKETING - မ(၂)ဦး
ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။
အသက်(၃၀)နှစ်နှင့်အထက်ဖြစ်ရမည်။
Computer (Word, Excel) ကျွမ်းကျင်ရမည်။
Sale and Marketing အတွေ့အကြုံ(၃)နှစ်နှင့်အထက်ရှိရမည်။
လစာညှိနှိုင်း
အလုပ်ချိန် (9:00 to 5:00) တနင်္ဂနွေနေ့နှင့် အစိုးရရုံးပိတ်ရက်ပိတ်သည်။
စိတ်ပါဝင်စားသူများသည် အောက်ပါလိပ်စာသို့ လူကိုယ်တိုင်ဖြစ်စေ Email ဖြင့်ဖြစ်စေ၊ CV Form၊ ဓာတ်ပုံ(၁)ပုံ၊ ပညာအရည်အချင်းမိတ္တူ၊ မှတ်ပုံတင်မိတ္တူ၊ သန်းခေါင်စာရင်းမိတ္တူဖြင့် လျှောက်ထားနိုင်ပါသည်။
အမှတ်(၁၂၅)၊ ဒုတိယထပ်(ညာ)၊ (၅၂)လမ်း၊ အလယ်ဘလောက်၊ ပုဇွန်တောင်မြို့နယ်။
Email:santharaung70@gmail.com

ပျော်ရည်၊ ဂျယ်လီ၊ ရေခဲမုန့်၊ ယိုစုံ၊ နိုင်ငံခြားမုန့်ဖုတ်သင်တန်း
Jelly Candy ... Sauce ... နိုင်ငံခြားမုန့်ဖုတ်သင်တန်း။ ဆပ်ပြာထိ ကုန်ကြမ်းနှင့် ပြုလုပ်နည်း ရပါပြီ
MASTER စားသောက်ကုန်သင်တန်းနှင့် အရောင်းဆိုင်
01-389340၊ Master အရောင်းဆိုင်
01-248014, 01-379071,09-73181875

ရန်ကုန်လိုင်စင်ကားငှားမည်၊ ရောင်းမည်။
2009 Toyota Vitz ဖော့Tv back Cam CD DVDဘတ်မှန်မီးခြောက် မှန်မဲ နောက်ဒုတ်ပါ ငွေရောင်၊
09450030589,0942196613

23
မဆလာ
ဟင်းသီးဟင်းရွက်၊ ပဲအမျိုးမျိုး၊ ဂဏန်း၊ ငါး၊ ကြက်သား၊ သိုးသား၊ ဆိတ်သားနှင့် အမဲသားတို့တွင် အနံ့အရသာအတွက် ဖြည့်စွက်နိုင်ပါသည်။

GW 0973226006 0973133528 0973077569
အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ် အိမ်ပြောင်း ကားငှားနိုင်သည်။
09401505559

LifeStyle အဆင့်မြင့်ပါကေး အရောင်းခန်းမ
LifeStyle Laminate Flooring မှ အဆင့်မြင့်ပါကေး ကြမ်းခင်းပြားများနှင့်
100% ရေစိမ်ခံ Vinyl ကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့်
လက်လီ လက်ကား တိုက်ရိုက်ရောင်းချပေးနေပါသည်။
ရန်ကုန် - Ph : 09-256 394 661, 09-256 394 678
နေပြည်တော် - Ph : 067-23337, 067-23338, 067-21696
တောင်ကြီး - Ph : 09-252 787 796, 09-250 952 351

ရန်ကုန်မြို့၏ အချက်အချာအကျဆုံး ဘုရင့်နောင်ထမင်းမကြီးပေါ်ရှိ
ဂိုဒေါင်များ ငှားရန်ရှိ (Ph:01 3681549)
Ph:09 459268227, 09 5010 439, 09 454451579

WIN Japanese Language School

(N3),(N2)Read:+Listen:	8-9-2018	Sat,Sun
Basic,Intermediate	12-9-2018	Wed~Fri
Basic Conversation	15-9-2018	Sat,Sun
N1 Read:+Listen:	15-9-2018	Sat,Sun
Basic	26-9-2018	Wed~Fri
Basic,Inter,Pre-N3	13-10-2018	Sat,Sun
Basic	31-10-2018	Wed~Fri

တန်းခွဲသစ်များလည်း လစဉ်ရှိပါသည်၊ Tel: 01-299493
Tel: 09-780390093,09780390094(စိန်ပေါလ်မှတ်တိုင်း)

အစာကြေဆေးကောင်းကောင်း သုံးစွဲလိုသူများအတွက်
လပြည့်သစ္စာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်လိုက်သော...
သုခအောင် အမှတ်တံဆိပ်
အစာကြေဆေးပြား

တိုင်းရင်းဆေးမှတ်ပုံတင်အမှတ်
TMR 012356 (0919)
- ပင်ရင်း -
လပြည့်သစ္စာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးအမှတ် ၄၄၉ (၅)လွှာ၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၄၉၂၅၅၀၀၀ ၊ ၀၉ ၂၆၁၀၉၉၃၆၅၃ ၊ ၀၉ ၄၂၂၄၄၃၈၄၅

စီးပွားရေးနှင့် အိမ်ခြံမြေအချက် အလက်အများဆုံး ပါဝင်သောဂျာနယ်

GOLDEN MEADOW BUSINESS JOURNAL

ရွှေဆင့်

ဂျာနယ်

Volume:7
Issue:34
9 Sept 2018
(တနင်္ဂနွေ)

ခရီးသွားရာသီသစ်အတွက် ပေါ့ကားအမျိုးသား ဥယျာဉ်ကို အဆင့်မြှင့်မည်
Kangyi Paradise အဆင့်မြင့် ကမ်းခြေစီမံကိန်း၏ လုပ်ငန်းများစတင်
ကွန်ဒိုနည်းဥပဒေ ထွက်ရှိထားသော်လည်း လိုအပ်ချက်များရှိ
လူမှုကွန်ရက်တမျက်နှာတစ်ခု ပြည်တွင်း၌ ပြုလုပ်မည်
ပထမ နှစ်ပတ်အတွက် Razer မှ ဘဏ္ဍာရေး အခြေအနေ ထုတ်ပြန်ခဲ့
လန်ကာဗီကျွန်းရောက်ရင် ဘယ်နေရာတွေ သွားလည်ကြမလဲ
တုန်ကိုယ်ကြည့်မြူပါလျက် ကားပါကင်ကြောင့် အခက်ကြုံရတယ်
၂၈၅၀ နှစ်ရောက်လျှင် ကြုံတွေ့နိုင်သည့် သဘာဝဘေးအန္တရာယ်များ
အချိန်သည် ပရိညာဉ်၏ အဓိကအချက်ဖြစ်ခဲ့သော်

အိမ်ခြံမြေ ရောင်း/ဝယ်/ငှားအချက်လက်

အပတ်စဉ် တနင်္ဂနွေနေ့တိုင်းထွက်နေပါပြီ

ကြော်ငြာများထည့်သွင်းလိုပါက - ၀၁-၅၃၈၀၂၅ ၊ ၀၉-၄၃၁၇၅၀၄၇

အများသိစေရန်အသိပေးကြေညာချက်

ဒေါ်အေးအေးရီဝင်း[၁၂/ဗတထ(နိုင်)၀၂၇၂၇၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၁၇)၊ ကွင်းအမှတ်(၆၆၄)၊ ဦးပိုင်အမှတ်(၉/၃)အတွင်းရှိ (၁)အကွက်အမှတ်(B.4) အကျယ်အဝန်း(၆၂/၆၇×၇၁/၇၂)ပေရှိ မြေကွက်နှင့် (၂)အကွက်အမှတ်(B.5) အကျယ်အဝန်း(၆၇/၇၉×၇၁/၇၂)ပေရှိ မြေကွက်အပါအဝင်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ထားရှိ ပိုင်ဆိုင်သူများထံမှ ဒေါ်အေးအေးရီဝင်း[၁၂/ဗတထ(နိုင်)၀၂၇၂၇၂]က ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီးဖြစ်ပါသည်။

၂။ ဖော်ပြပါမြေကွက်များဝယ်ယူထားသည့် အရောင်းအဝယ်စာချုပ်မူရင်းများမှာ အပ်နှံထားသူ လက်ဝယ်မှပျောက်ဆုံးသွားပါသဖြင့် အဆိုပါအရောင်းအဝယ်စာချုပ်မူရင်းများ လက်ဝယ်ထားရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အမြန်ဆုံးလာရောက်အပ်နှံပေးပါရန်နှင့် အဆိုပါစာချုပ်များ လက်ဝယ်ထားရှိသည်ဆိုပါက တစ်နည်းနည်းဖြင့်စီမံခန့်ခွဲလွှဲပြောင်းခြင်း မပြုလုပ်ရန် အသိပေးအပ်ပါသည်။

၃။ ဖော်ပြပါမြေကွက်များမှာ ဒေါ်အေးအေးရီဝင်း စတင်ဝယ်ယူသည့်အချိန်မှ ယခုအချိန်အထိ အရှုပ်အရှင်းကင်းစွာလက်ဝယ်ထားရှိ စီမံခန့်ခွဲနေသည့် ပစ္စည်းများဖြစ်ပြီး မည်သူ့ကိုမျှ လွှဲပြောင်းပေးအပ်ထားခြင်းမရှိပါ။ ဖော်ပြပါမြေကွက်များမှာ ဒေါ်အေးအေးရီဝင်း လက်ဝယ်တွင်ထားရှိပြီး စီမံခန့်ခွဲလျက်ရှိပါကြောင်းနှင့် အထက်ဖော်ပြပါ ပြန်လည်အပ်နှံပေးရမည့် စာချုပ်များကို အသုံးပြု၍ မမှန်မကန်ပြုလုပ်လွှဲပြောင်းထားခြင်းရှိပါက လိုအပ်သလို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သီတာအုန်း တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၀၇)
တိုက်အမှတ်(၁၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊ ၂၃-လမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉၅၁၆၀၆၀၇

သွေး သည် အ သက်

အ·ထ·က (၄) ပုဇွန်တောင်
(၁၉၆၇ - ၂၀၀၀)
(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

အ·ထ·က (၄) ပုဇွန်တောင်၊ ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီမှ နေ့လယ် ၁၂း၀၀နာရီအထိ အ·ထ·က (၄) ပုဇွန်တောင်ကျောင်းဝင်းအတွင်း၌ ကျင်းပမည် ဖြစ်ပါသည်၊ ၁၉၆၇ ခုနှစ်မှ ၂၀၀၀ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် (၆၀) နှစ်ပြည့်ပြီးဖြစ်သည့် ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့မည်ဖြစ်ပါ၍ ကျောင်းသား/ကျောင်းသူ ဟောင်းများ (မည်သည့်နှစ်မဆို) ပါဝင်ပူဇော်ကန်တော့ကြပါရန် လေးစားစွာ အသိပေးဖိတ်ကြားအပ်ပါသည်။ အလှူငွေလှူဒါန်းလိုသူများအနေဖြင့် အောက်ဖော်ပြပါ ကျောင်းသားဟောင်းများနှင့် ဘဏ်များသို့ ပူဇော်ပွဲအလှူငွေများ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

၁။ မြဝတီဘဏ်လီမိတက် Account No. S131 T022 1000 245X
၂။ ကမ္ဘောဇဘဏ်လီမိတက် Account No. 188 302 014 024 795 01
၃။ ရိုးမဘဏ်လီမိတက် Account No. 011 320 201 004 2799

(မှတ်ချက် - ၁၉၅၇ ခုနှစ်မှ ၂၀၀၀ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသော ဆရာကြီး/ဆရာမကြီးများသည် အနည်းဆုံး (၃)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသူများ ဖြစ်ရပါမည်။)

၁။ ဒေါ်ခင်မလေး (76 Batch)	၀၉-၅၁၃ ၁၁၂	၂။ ဒေါ်ဆက်နှင်းဦး (77 Batch)	၀၉-၅၁၁ ၂၉၇
၃။ ဦးတင်ထွန်း (81 Batch)	၀၉-၅၀၀ ၈၇၄	၄။ ဦးဝင်းမော်ဝင်း (82 Batch)	၀၉-၅၁၀ ၃၈၄
၅။ ဒေါ်စောနှင်းဝေ (86 Batch)	၀၉-၄၃၁ ၅၄၂ ၁၄၆	၆။ ဦးဇော်ဆောင်ကျော် (87 Batch)	၀၉-၅၀၅ ၂၂၀၂
၇။ ဦးသန့်ဇော် (90 Batch)	၀၉-၄၅၁ ၀၄၃ ၉၀၀	၈။ ဒေါ်သွေးဝင်း (91 Batch)	၀၉-၅၁၈ ၃၀၃၈
၉။ ဒေါ်မိုးယုဝင်း (93 Batch)	၀၉-၇၉၅ ၂၉၈ ၃၃၉	၁၀။ ဒေါ်မိုးယုဝင်း (95 Batch)	၀၉-၉၇၃ ၀၈၃ ၁၀၂
၁၁။ ဒေါ်မိုးသော် (96 Batch)	၀၉-၄၂၀ ၁၂၄ ၄၂	၁၂။ ဦးတင်အောင်ကျော် (97 Batch)	၀၉-၄၃၀ ၁၅၂ ၅၅

ပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ (၂၀၁၈)

အသိပေးကြေညာချက်

စင်ကာပူနိုင်ငံမှ မော်တော်ယာဉ်များ တင်ဆောင်လာသည့် M.V MALAYSIA STAR V.88 သင်္ဘောသည် ၁၀-၉-၂၀၁၈ရက်ခန့်တွင် ရန်ကုန်ဆိပ်ကမ်းသို့ဆိုက်ကပ်၍ ကုန်ချလုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါသည်။

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါပစ္စည်းများကို ORIGINAL BILL OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့်အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်

ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈

ကိုယ်စားလှယ်လုပ်ငန်းဌာန
မြန်မာ့ဆိပ်ကမ်းအာဏာပိုင်

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၆-၂၀၁၈ရက် ကြေးမုံသတင်းစာ စာမျက်နှာ(၇) အင်းစိန်မြို့နယ်၊ ဦးဘကျော် အမည်ပေါက် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာတွင် G.P ဦးကိုကိုအောင် အစား G.P ဦးဘိုဘိုအောင်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

တစ်ဦးတည်းဖြစ်ကြောင်း

ရန်ကုန်မြို့၊ ရေကြောင်းသိပ္ပံ(ဒုတိယနှစ်)တွင် တက်ရောက်နေသော ကိုယ်ပိုင်အမှတ်(၈/၂၅၅၆) မောင်ဇော်မွန်းဒူ[၁/ကမန(နိုင်)၀၄၈၇၀၈]၏ဖခင် ဦးမရန်အောင်နှင့် ဦးမရန်ဂမ်[၁/ကမန(နိုင်)၀၀၉၁၂၀]သည် တစ်ဦးတည်းဖြစ်ပါသည်။

အများသိစေရန်ကြော်ငြာ

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ ၊ မြေကွက်အမှတ် ၁၂၀၄ ၊ မြေကွက်တည်နေရာ အမှတ် ၁၂၀၄ ၊ မှဲ့ဇမြိုင်လမ်း၊ ၃၄ ရပ်ကွက် ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ဦးစိုးလှိုင် အမည်ပေါက် နှစ် (၆၀) ဂရန် မြေအား ဒေလပြင့်အောင်မြင့်သူ ဦးအောင်ထွန်း (ခ) မောင်ဇွေးမှ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ပရွေ့မပြောင်းနိုင်သည့် ပစ္စည်းကို ရောင်းကြောင်း လက်မှတ်စာ ၊ ပရွေ့မပြောင်းနိုင်သော ပစ္စည်းတို့ကို ရောင်းချခြင်း အတည်ဖြစ်စေသည့်အမိန့် ၊ ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး၏ ၂၅-၇-၂၀၁၅ ရက်စွဲပါစာဖြင့် "လေလံဆွဲဝယ်ယူထားသော မြေကွက်၏ မြေကွင်းဆိုင်ရာဆိုင်ခွင့်ကို လွှဲပြောင်းကြောင်း မှတ်တမ်းများကို တရားရုံးက ထုတ်ပေးခဲ့ရာ တွင် အဆိုပါ မှတ်တမ်း၌ အဆိုပါမြေကွက်၏ နှစ် (၆၀) ဂရန် မူရင်းများပါဝင်ခြင်းမရှိကြောင်း၊ အကြောင်းကြားစာ" တံဆိပ်ခေါင်းခွန်နှင့်ဝင်ငွေခွန်ရုံးလက်တို့တင်ပြ၍ ဂရန်မိတ္တူ နှင့် အမည်ပြောင်း လျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ ၁ ထပ်ပျဉ်ထောင် အဆောက်အဦး ၁ လုံးရှိပြီး (တရားရုံး) ဦးဝေဒဆန်းမှ မြေပြင်နေထိုင်လျှက်ရှိပြီး၊ တရားရုံးအမိန့်တွင် မြေကွက်အမှတ် (၁၀၂၄) ဟု မှားယွင်းဖော်ပြထားခြင်းအား ကန့်ကွက်တင်ပြ၍ လျှောက်ထားသူမှ ဝင်စာ ၁၂၃၃၉/၄-၁၂-၁၅ ဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံး တရားမတရားမှုအမှတ် ၁၄၃/၂၀၁၁ ၏ (၁၃-၅-၁၆) ရက်စွဲပါ အမိန့် တာဝန်ခံမိတ္တူမှန်တင်ပြ၍ ၎င်း၏ လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးပါရန် တင်ပြမှုအား၊ ကွင်းဆင်းစစ်ဆေးခြင်း၊ သတင်းစာသို့ကြော်ငြာခြင်း ထပ်မံဆောင်ရွက်ခဲ့ပြီး ၂၀-၂-၂၀၁၈ ရက်နေ့တွင် ဌာနတွင်း အစည်းအဝေးသို့ တင်ပြခဲ့ရာ ဥပဒေအကြံဉာဏ် ရယူရန် ဆုံးဖြတ်ခဲ့သဖြင့် ဥပဒေ အကြံပေးအဖွဲ့သို့ ပေးပို့ခဲ့ရာ ဥပဒေအကြံပေး အဖွဲ့မှ တရားရုံး၏ အမိန့်အတိုင်းသာလိုက်နာရမည့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းရောင်းကြောင်း၊ သက်သေခံလက်မှတ်စာတို့တွင် ပါရှိသည့် အတိုင်းအတာဖြင့် အမည်ပြောင်းမှတ်သားပေးရန် သင့်သည်ဟု သုံးသပ်ရှိကြောင်း၊ ၁၅-၅-၁၈ ရက်နေ့တွင် အကြံပြုစာကြားခဲ့ပါသဖြင့် ဦးအောင်ထွန်း (ခ) မောင်ဇွေး (၁၂/ပဘတ (နိုင်) ၀၂၈၆၄၄) ဂရန်မိတ္တူနှင့် အမည်ပြောင်းလျှောက် ထားခြင်းအား ဧရိယာ (၄၀ ပေ × ၆၀ ပေ) ဖြင့် ခွင့်ပြုဆောင်ရွက်ရန် ၇-၆-၁၈ ရက်နေ့ ကျင်းပပြုလုပ်သော ဌာနတွင်း အစည်းအဝေးမှတ်တမ်း (၁၆/၂၀၁၈) မှ ဆုံးဖြတ်ခဲ့၍ အမ/ဂရန်မိတ္တူ ၂၀၁၅၀၀၀၆၆၀ /၁၅ (၂၂-၈-၁၅) ဖြင့် ဦးအောင်ထွန်း (ခ) မောင်ဇွေးမှ နှစ် (၆၀) မြေငှားဂရန် တချုပ် (ဂရန်မိတ္တူ) လျှောက်ထားခြင်းအား၊ ခွင့်ပြုရန်ဖြစ်ပါသဖြင့် မြို့မြေတရင်း (TLR) တွင် အမှုတွဲအမှတ် ၁၁၉၁/သစ် လုပ်ငန်း/၃၄ အရ (၂၁-၁-၃၉) ရက်နေ့တွင် ထုတ်ပေးထားသည့် မူရင်းဂရန် တအုပ်ကို ၁၁-၅-၂၀၁၈ ရက်စွဲပါ တအမှတ် ရကဝ/မြို့ ပြ/ခမြစီမံ - ၂၀၁၈ (၁၂၄၀၈) ရုံးတွင်းအမိန့်အမှတ် ၂၄၀၄/၂၀၁၈ ဖြင့် ပယ်ဖျက်ပြီး ဖြစ်ပါကြောင်း၊ အသိပေးကြေငြာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်း(A_1)မှ မလူစီယာဂျာငွေအောင်၏ ဖခင်အမည်မှန်မှာ ဦးအင်မော့ခါးကွမ်ဖော်[၁/မကတ(နိုင်)၀၁၈၉၃၄] ဖြစ်ပါသည်။

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊ အထက(၃)၊ နဝမတန်း(G_1)မှ မောင်အေမနား၏ ဖခင်အမည်မှန်မှာ ဦးဆီဘူး(ခ)ဦးရာဂျန်း[၁/မကန(နိုင်)၀၇၄၂၅၅] ဖြစ်ပါသည်။

မိဘအမည်မှန်

ဝိုင်းမော်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း(D_1)မှ မောင်ဘင်းဗဟာဒူး၏မိဘအမည်မှန်မှာ ဦးနော်ထင်တရီ့ဘာဒူး(MKA-၀၄၃၀၂၁)နှင့် ဒေါ်ဒူရ်ဂါဒေဝီ (MKA- ၀၄၅၀၁၀) ဖြစ်ပါသည်။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ မြေကွက်အမှတ်(၅၆၉/က)၊ အကျယ်အဝန်း (၀.၀၂၇ ဧက)အကျယ်ရှိ ဒေါ်သီသီ၊ ဒေါ်အေးအေးသန်း အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်(အရပ်ခေါ်) တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ကေတုမတီလမ်း၊ အမှတ်(၅၆၉/က)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ဖြစ်သူများထံမှ နှစ်ဦးသဘောတူ မြေကွက်အရောင်းအဝယ်စရံငွေပေးကတိစာချုပ်အရ ဝယ်ယူထားပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝင်း (၁၂/လမန(နိုင်)၀၉၂၀၃၉)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ရပ်ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေများ		အထက်တန်းရှေ့နေ	
ဦးဝင်းအောင်	ဒေါ်ဟန်သီရိ	ဒေါ်ဝတ်ရည်မွေး	ဦးရဲသီဟ
LL.B, D.M.L, D.B.L	LL.B, WIPO(Switzerland)	LL.B,LL.M	LL.B
(စဉ်-၈၁၅၆)	(စဉ်-၁၃၇၆၃)	(စဉ်-၃၆၉၁၀)	(စဉ်-၃၁၅၉၇)

ရုံးချုပ် - အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ - 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ - အမှတ်(၂၀၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ - 01 - 552742, 01- 559320, 09 5060940, 09 5060938, 09 73500535
Email - soesanrealestate@gmail.com

အများသိစေရန်ကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၅၀၃/က)၊ မြေကွက်တည်နေရာအမှတ်(၅၀၃)၊ မြေဇာ(၄)လမ်း၊ (၄)ရပ်ကွက်၊ ဦးမင်းအောင်ခင်(၁၂/ဥကမ(နိုင်)၁၃၃၆၈၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်ဦးမင်းအောင်ခင်ကိုယ်တိုင်မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်၊ ပုလိပ်ဌာန တရားရုံး ကျမ်းကျိန်လွှာ(၇-၁၀၆၈/၁၇)တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအပေါ် ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ဂရန်မိတ္တူ ခွင့်ပြုပြီးဖြစ်၍ မူလ(၂၀-၁၂-၉၃)ရက်နေ့တွင် ထုတ်ပေးထားသည့် ဦးမင်းအောင်ခင် အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် ဥ/၄-၁၆ ၂၃/၉၃ ဂရန်မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

WORLD BAMBOO DAY 2018

ကမ္ဘာ့ဝါးအထိမ်းအမှတ်နေ့ ၂၀၁၈

စက်တင်ဘာလ (၁၈)ရက်၊ အင်္ဂါနေ့ ၂၀၁၈

ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၊ ပြည်လမ်း၊ ကမာရွတ်၊ ရန်ကုန်မြို့

ဆက်သွယ်ရန် - ၀၉ ၄၂၈၀ ၆၁၂၈၀ အချိန် နံနက်(၈)နာရီမှ ညနေ(၅)နာရီထိ

2018, 18 September, Tuesday

8 AM To 5 PM

Diamond Jubilee Hall, Yangon University

MINISTRY OF TRANSPORT AND COMMUNICATIONS

MYANMA RAILWAYS

Extension of Tender Closing Date

Myanma Railways Extends the Tender Closing Date as follows:

Sr No	Tender No	Description	Initial Closing Date & Time	Extension Closing Date & Time
1	16/MR/INDIA (E)2017-2018	Track Recording Car EM 80 and Small Track Maintenance Machineries	12.9.2018 (14:30)Hr	14.11.2018 (14:30)Hr

Managing Director, Myanma Railways

Ministry of Transport and Communications, Nay Pyi Taw, Myanmar

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၁၀၉)၊ အကျယ်အဝန်း(၄၀' × ၆၀')အကျယ်ရှိ ဦးမောင်မြင့် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်၏ မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀' × ၆၀')အကျယ်ရှိ (အိမ်ကိုမျက်နှာမူလျှင် လက်ဝဲဘက်ခြမ်း) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅)ရပ်ကွက်၊ စိန်ပန်းလမ်း၊ အမှတ်(၁၀၉/ခ)ဟု ခေါ်တွင်သည့် (၂)ထပ်အိမ် တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်စမ်းစမ်းအေး (၉/မထလ(နိုင်)၀၁၀၈၈၂)ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နီလာ LL.B, D.B.L, D.I.L, D.I.R, C.B.D.S(MOFA)တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၃၈၁)
အမှတ်(၃၈၆)၊ ဒုတိယထပ်၊ သုမင်္ဂလာလမ်း၊ (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၀၉-၇၈၅၅၅၅၀၃၀၊ ၀၉-၇၃၁၄၆၅၅၊ ၀၉-၄၄၀၄၄၀၇၁၀

ဒေါ်ဝတ်ရည်လွင် MD(Medline Co.,Ltd)၏(၂၃-၈-၂၀၁၈)ရက်စွဲပါ ကြေးမုံသတင်းစာ၌ပါရှိသည့် ကြေညာချက်အပေါ် ရှင်းလင်းကြေညာခြင်း

Focus Health Co.,Ltd၏ မန်နေဂျင်းဒါရိုက်တာ ဒေါက်တာမင်းမင်းအောင်နှင့် ဒါရိုက်တာဖြစ်သူ ဒေါ်ဝါဝါအောင်တို့၏ **စာရွက်စာတမ်း အထောက်အထားအခိုင်အမာ**ဖြင့် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ရှင်းလင်းကြေညာအပ်ပါသည်-

၁။ ဒေါ်ဝတ်ရည်လွင်၏ကြော်ငြာစာ၌ ဖော်ပြသကဲ့သို့မဟုတ်ဘဲ ဒေါ်ဝတ်ရည်လွင်သည် ၃၁-၈-၂၀၁၇ရက်၌ Focus Health Co.,Ltdမှ ခေတ္တအနားယူရန် ခွင့်ယူခြင်းဖြစ်ပြီး ထိုသို့ခွင့်ယူထားစဉ် ၄-၉-၂၀၁၇ရက်၌ Medline Co.,Ltdကို မှတ်ပုံတင်အမှတ်-၂၇၃၀/၂၀၁၇-၂၀၁၈(YGN)ဖြင့် သီးခြားတည်ထောင်ပြီး Focus Health Co.,Ltd လုပ်ကိုင်လျက်ရှိသည့် ဆေးရုံသုံးဆေးကိရိယာတင်သွင်းဖြန့်ဖြူးသည့်လုပ်ငန်းကို ထုတ်လုပ်သူတူ၊ ဈေးကွက်တူ လုပ်ငန်းပြိုင်ဆောင်ရွက်ရာ Focus Health Co.,Ltd နစ်နာမှုများအရပ်ရပ်အပေါ် ကုစားရန် နှစ်ဖက်ညှိနှိုင်းစဉ် Focus Health Co.,Ltd၏ လုပ်ငန်းရပ်များအား နှောင့်ယှက်ဟန့်တားခြင်းအပေါ် ထိုသို့မပြုလုပ်ရန် ၃-၈-၂၀၁၈ရက်စွဲပါကြော်ငြာကို ထည့်သွင်းသတိပေးရခြင်း ဖြစ်ပါသည်။

၂။ ရန်ကုန်မြို့၊ အရှေ့ပိုင်းခရိုင်တရားရုံး၌ ဒေါ်ဝတ်ရည်လွင်မှ အမှုစွဲဆိုကြောင်းကို ရုံးခေါ်စာလက်ခံရရှိသည့် ၃-၈-၂၀၁၈ရက်တွင်မှ သိရှိရပြီး **ငွေကျပ်သိန်း(၃၀၀၀)တောင်းဆိုခြင်းမှာ ဒေါ်ဝတ်ရည်လွင်၏ တောင်းဆိုမှုသာဖြစ်သေးပြီး တရားရုံးတော်က တစ်စုံတစ်ရာ အမိန့်ချမှတ်ရခြင်း မရှိသေးပါ။**

၃။ ထိုသို့ တရားရုံးတော်က အမိန့်ချမှတ်ရခြင်းမရှိသေးမီ "Focus Health Co.,Ltdမှ ဒေါ်ဝတ်ရည်လွင်ရရန်ရှိသည့် ငွေကျပ်သိန်း(၃၀၀၀)ကို စာရင်းရှင်းလင်း၍ ပေးအပ်စေရန်အတွက်"ဟု ဖော်ပြကြော်ငြာခြင်းမှာ အများပြည်သူအား ထင်ယောင်ထင်မှားဖြစ်စေပြီး တရားရုံးတော်အား မထီမဲ့မြင်ပြုရာ ရောက်ရှိပါသည်။

၄။ ထို့ပြင် ဒေါ်ဝတ်ရည်လွင် တရားစွဲဆိုသည်မှာ Focus Health Co.,Ltd ကိုစွဲဆိုခြင်းဖြစ်သော်လည်း ဒေါက်တာ မင်းမင်းအောင်၏ နိုင်ငံသားစိစစ်ရေးအမှတ်နှင့် နေအိမ်လိပ်စာကို သတင်းစာ၌ ထည့်သွင်းကြော်ငြာခြင်းမှာ ပုဂ္ဂိုလ်ရေးဂုဏ်သိက္ခာကို တမင်ထိခိုက်စေပါသည်။

၅။ အထက်ပါ ဆောင်ရွက်ချက်များအပေါ် ဒေါ်ဝတ်ရည်လွင်အနေဖြင့် (၇)ရက်အတွင်း ရုပ်သိမ်းပါရန်နှင့် ပျက်ကွက်ပါက မလွှဲမရှောင်သာစွာဖြင့် ဥပဒေအရ အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ဆွေဆွေညိမ်း
(LL.B,D.B.L,D.A.Psy)
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၁၀/၈၆)
ဦးကောင်းထက်ဇော်(LL.B)အထက်တန်းရှေ့နေ(စဉ်-၄၅၇၇၉/၂၀၁၅)
အမှတ်(၁၄၅)၊ ပထမထပ်၊ ၃၇လမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၀၈၂၂၃၄၊ ၀၉-၇၆၅၀၈၂၂၃၄၊ ၀၉-၄၅၆၀၀၂၈၂၉။

ရန်ကုန်မြို့တော်၏ ခေတ်အမီဆုံးနှင့် အကြီးဆုံး လက္ကားဈေးကြီး ဖြစ်လာမည့်
GMP MALL နှင့် Office Tower, Hotel များ ပါဝင်သော စီမံကိန်း

- ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာတောင်ညွန့်မြို့နယ် ၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် ဗိုလ်မင်းရောင်လမ်းကြားတွင် တည်ရှိသည့် စီးပွားရေးအဆောက်အအုံ (Shopping Mall ,Hotel,Office Tower) များ ပါဝင်သည့် စီမံကိန်းဖြစ်ပါသည်။
မွန်ပြည်နယ်၊ ဘီးလင်းမြို့၊ ကန်သာယာရပ်ကွက်(၈)၊ သီရိလမ်းနေ (ဦးပါတေ-ဒေါ်မြသွင်)တို့၏သမီး၊ [ဦးခင်ကြိုင်(မြို့နယ်ဦးစီးမှူး၊ လဝက-ငြိမ်း)]၏ဇနီး၊ ဦးလှကြည်၊ ဒေါ်ခင်ခင်စိန် (အထက်တန်းကျောင်းအုပ်၊ အထက၊ ကမြိုင်)၊ ဦးထွန်းထွန်း(လ/ထ ညွှန်မှူး၊ လဝက၊ ပဲခူးခရိုင်ရုံး)-ဒေါ်အေးအေးသွယ်၊ ဦးအောင်အောင်(ဦး/ရှိ၊ စစစ၊ ဘားအံမြို့) - ဒေါ်သန့်သန့်ဇင်၊ ဦးခင်မောင်စိုး(ဦး/ရှိ၊ လဝက၊ ကျိုက်ထိုမြို့)-ဒေါ်ခင်ခင်ဝင်း၊ ဒေါ်ခင်နီလာ၊ ဒေါ်ညိုညိုစိမ့်၊ ဦးမျိုးသီဟ(ကျေးလက်ဦးစီးဌာန၊ ဘီးလင်းမြို့)-ဒေါ်အုန်းအုန်းထွန်း(လဝက၊ မိုးညိုမြို့)၊ ဦးမျိုးဇင်လင်း (NRC၊သထုံမြို့)-ဒေါ်ဖြူဖြူဝင်းတို့၏မိခင်၊ မြေး ခြောက်ယောက်တို့၏အဘွား ဒေါ်စိန်စိန်သည် ၈-၉-၂၀၁၈ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၅ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

မြန်မာ ယူ-၂၁ အသင်း တာဂျစ်ကစ္စတန်နှင့် သရေကျ ဥဇဘက်ကစ္စတန်အသင်း ဗိုလ်စွဲ

ကွေ့ကျင်း(တရုတ်) စက်တင်ဘာ ၈

တရုတ် ယူ-၂၁ လေးနိုင်ငံဖိတ်ခေါ်ပြိုင်ပွဲ နောက်ဆုံးနေ့ကို ယနေ့ညနေပိုင်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ဆက်လက်ကျင်းပရာ မြန်မာ ယူ-၂၁ အသင်းသည် တာဂျစ်ကစ္စတန်အသင်းနှင့် သရေကျခဲ့ပြီး ဥဇဘက်ကစ္စတန်အသင်း ဗိုလ်စွဲခဲ့သည်။နောက်ဆုံးနေ့တွင် မြန်မာ ယူ-၂၁ အသင်းနှင့် တာဂျစ်ကစ္စတန်အသင်းတို့ ဂိုးမရှိသရေကျပြီး အိမ်ရှင်တရုတ်အသင်းနှင့် ဥဇဘက်ကစ္စတန်အသင်းတို့ တစ်ဂိုးစီ သရေကျခဲ့သည်။

မြန်မာ ယူ-၂၁ အသင်းသည် နှစ်ပွဲဆက်ရှုံးထားသောကြောင့် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့ပြီး နိုင်ပွဲမရသော်လည်း တာဂျစ်ကစ္စတန်အသင်းကို သရေကစားနိုင်ခဲ့သည်။ မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲလုပ်ခဲ့ပြီး ဂိုးရနိုင်သည့်အခွင့်အရေးများအသုံးမချနိုင်၍ သရေကျခဲ့ခြင်းဖြစ်သည်။ ပြိုင်ပွဲအပြီးတွင် ဥဇဘက်ကစ္စတန်အသင်းက ခုနစ်မှတ်ဖြင့် ချန်ပီယံဆုရသွားပြီး တရုတ်အသင်းက ငါးမှတ်ဖြင့် ဒုတိယ၊ တာဂျစ်ကစ္စတန်အသင်းက နှစ်မှတ်ဖြင့် တတိယ၊ မြန်မာအသင်းက တစ်မှတ်ဖြင့် စတုတ္ထတို့ ရရှိခဲ့သည်။

ရှိုင်းထက်ဇော်

မြစ်ရေကြီးမှုအခြေအနေ

နေပြည်တော် စက်တင်ဘာ ၈

စစ်တောင်းမြစ်

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ✳

မြန်မာ ယူ-၁၉ နှင့် ယူ-၁၆ အမျိုးသမီးအသင်း ခြေစမ်းပွဲကစားနေစဉ်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ခြေစမ်းပွဲတွင် ယူ-၁၆ အမျိုးသမီးအသင်းကို အနိုင်ရ

ရန်ကုန် စက်တင်ဘာ ၈

အာရှခြေစစ်ပွဲများအတွက် ပြင်ဆင်နေသည့် မြန်မာ ယူ-၁၉ နှင့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းတို့သည် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားကြသည်။

မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း - ငါးဂိုး

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း - သုံးဂိုး

ပြီးခဲ့သည့်ရက်ပိုင်းက စင်ကာပူလူငယ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားသည့် မြန်မာ ယူ-၁၉ အမျိုးသမီးအသင်းနှင့် ယူ-၁၆ အမျိုးသမီးအသင်းတို့ ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး အပြန်အလှန်သွင်းဂိုးများဖြင့် အကြိတ်အနယ်ရှိခဲ့သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ○

ဆူဇူကီးဖလားပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ့လက်ရွေးစင်အသင်း ယခုလကုန်တွင် စတင်လေ့ကျင့်မည်

နေပြည်တော် စက်တင်ဘာ ၈

၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအတွက် မြန်မာ့လက်ရွေးစင်အသင်းသည် ယခုလကုန်ပိုင်းတွင် လေ့ကျင့်မှုများ စတင်ပြုလုပ်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် ပဏာမကစားသမား ၂၆ ဦးဖြင့် စတင်ဖွဲ့စည်းမည်ဖြစ်ပြီး အသင်းနှင့် အံမဝင်သည့် ကစားသမားများကိုသာ အပြောင်းအလဲပြုလုပ်မည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မူလက အောက်တိုဘာလဆန်းမှစ၍ လေ့ကျင့်မှုပြုလုပ်ရန် စီစဉ်ထားသော်လည်း အင်ဒိုနီးရှားအသင်းနှင့် ခြေစမ်းပွဲအတွက် လေ့ကျင့်ချိန်ပိုမိုရရှိစေရန် ရှေ့တိုးကာ လေ့ကျင့်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ နည်းပြချုပ် အန်တွမ်နီဟေးသည် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ယှဉ်ပြိုင်ခဲ့သည့် ယူ-၂၃ အသင်းကို အခြေခံဖွဲ့စည်းမည်ဖြစ်ပြီး စီနီယာကစားသမားအချို့ ထပ်ပေါင်းမည်ဖြစ်ကာ ကစားသမားများ၏ခြေစွမ်းကို ပြည်တွင်းပွဲ လက်ကျန်ပွဲများတွင် စောင့်ကြည့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အောက်တိုဘာဒုတိယပတ်တွင် နိုင်ငံတကာ ခြေစမ်းပွဲနှစ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး အောက်တိုဘာ တတိယပတ်တွင် ကာတာနိုင်ငံသို့ သွားရောက်လေ့ကျင့်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ခြေစမ်းပွဲများအဖြစ် အောက်တိုဘာ ၁၀ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် အဝေးကွင်း၊ အောက်တိုဘာ ၁၄ ရက်တွင် အာဖဂန်နစ္စတန်အသင်းနှင့် အိမ်ကွင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း ခြေစမ်းပွဲကို မူလက အောက်တိုဘာ ၉ ရက်တွင် ကစားရန် စီစဉ်ထားသော်လည်း အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်၏ တောင်းဆိုမှုကြောင့် တစ်ရက်နောက်ဆုတ်ခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်း ယခုရက်ပိုင်းအတွင်း အပြီးသတ်လူရွေးချယ်မည်

နေပြည်တော် စက်တင်ဘာ ၈

အာရှယူ-၁၆ အမျိုးသမီးခြေစစ်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်နေသည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် ယခုရက်ပိုင်းအတွင်း အပြီးသတ်လူရွေးချယ်မည်ဖြစ်သည်။

မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် လက်ရှိတွင် ကစားသမား ၂၅ ဦးဖြင့် လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိပြီး ယခုရက်ပိုင်းအတွင်း ကစားသမားနှစ်ဦး လျှော့ချမည်ဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းသည် မေလနောက်ဆုံးပတ်မှစတင်ကာ ပဏာမကစားသမား ၂၉ ဦးဖြင့် လေ့ကျင့်မှုများ စတင်ပြုလုပ်ခဲ့ပြီး ၂၀၁၈ အာဆီယံ ယူ-၁၆ အမျိုးသမီးပြိုင်ပွဲတွင် ဒုတိယရခဲ့သည့်အသင်းကို အခြေခံကာ ဖွဲ့စည်းထားခြင်းဖြစ်သည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းတွင် ဂိုး-စိမ်းလဲ့လဲ့ဦး၊ ပိုးဥ၊ ခင်မြတ်မိုး၊ မိုင်နီလာထွန်း၊ နောက်တန်း-မေသော်ကို၊ ဖြူဖြူဝင်း၊ မေသက်မွန်မြင့်၊ စုံနှင်းဖွေး၊ မိုးစက်ခ၊ မေသူခိုင်၊ ဖူးဖူးဇင်ဇော်၊ ရတနာဦး၊ လာအယ်ဝါ၊ ရွှေဇင်မင်း၊ အလယ်တန်း-ဝင်းဝင်း၊ ပို့ပို့ပြည့်မောင်၊ ဇင်မာထွေး၊ ဝေဖူးအိမ်၊ ထက်ထက်ဝင်း၊ ကေကေ၊ စန်းစန်းလင်း၊ ရှေ့တန်း-မြတ်နိုးခင်၊ ဆွေမာအောင်၊ ဆုပြည့်ပြည့်ကျော်နှင့် ဂျူလိုင်ချာတို့ ပါဝင်ကြသည်။ မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းကို အာဆီယံပြိုင်ပွဲတွင် ဒုတိယရရှိအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြချုပ် ဒေါ်စန်းစန်းသိန်းကပင် ဆက်လက်ကိုင်တွယ်လျက်ရှိပြီး ဇွန်လမှစတင်ကာ ပြည်တွင်းခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲယှဉ်ပြိုင်နေသည့် ကလပ်အသင်းများဖြစ်သော သစ္စာအားမာန်၊ ဇွဲကပင်အသင်းတို့နှင့် ခြေစမ်းခဲ့သလို ဩဂုတ် ၂၅ ရက်မှ ၃၁ ရက်အထိ

စာမျက်နှာ ၅ ကော်လံ ၃ သို့ ☆

အာရှ ယူ-၁၆ ခြေစစ်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၁၆ အမျိုးသမီးအသင်းကို တွေ့ရစဉ်။

ရွှေလမင်း ဆေးရုံ

ရွှေလမင်းဆေးရုံ(မြောက်ဥက္ကလာပ)၏ (၁၀)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစစ်ဆေးခြင်းများနှင့် သက်ကြီးရွယ်အိုများကြုံတွေ့နေရသော ပြဿနာများအကြောင်းကို Dr.ခင်နှောင်းအိ(သက်ကြီးရွယ်အိုရောဂါဆိုင်ရာဆရာဝန်) မှ ဟောပြောပေးမည်ဖြစ်ပါသဖြင့် စိတ်ဝင်စားသူများ သက်ကြီးရွယ်အိုများကို ဖိတ်ခေါ်အပ်ပါသည်။

အထူးအစီစဉ်ဖြင့် ရွှေလမင်းဆေးရုံသို့ ကြွရောက်လာသော သက်ကြီးရွယ်အိုများကို Grand Pharmaceuticals Co.,Ltd နှင့် Shwe Yadanar Myay Co.,Ltd မှ ဆေးဝါးပစ္စည်းနှင့် အခြားလက်ဆောင်များပေးအပ်သွားမည် ဖြစ်ပါသည်။

ကျင်းပမည့်နေ့ရက်/အချိန် - ၁၁.၉.၂၀၁၈ / နေ့လည် ၁ နာရီ မှ ၃ နာရီအထိ

ကျင်းပမည့်နေရာ - ရွှေလမင်းဆေးရုံ(မြောက်ဥက္ကလာပ)ပြင်ပလူနာဌာန၊ အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊မြောက်ဥက္ကလာပမြို့နယ်၊

အသက် ၆၀ မှ ၇၅ နှစ်ရှိ သက်ကြီးဘိုးဘွားအယောက် ၁၀၀ အတွက်အခမဲ့ ကျန်းမာရေး စစ်ဆေးပေးမည် ဖြစ်ပါသဖြင့် Hot Line: 01-655612, ဖုန်း - 01-655613,655614,656203,656204,656205 စာရင်းပေးသွင်းပေးပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

မျိုးဆက်သစ်ရင်ပြင်

ကြေးမုံ
အထူးဂျာနယ်

စက်တင်ဘာ ၉၊ ၂၀၁၈ (တနင်္ဂနွေနေ့)

ဝတ္ထုတို

ခေတ်သစ်အိမ်(မြသာ)

ဓါးသက်တစ်အိုရာ ချိုမြခဲ့မိ

"အပတ်စဉ် စာမေးပွဲတွေ ဖြေလာခဲ့တာ အေးစက်စက်နဲ့၊ မင်းတို့ကိုကြည့်ရတာ သိပ်လေးနက်မှုမရှိသလိုပဲ။ အလုပ်လုပ်တဲ့နေရာမှာဘာအလုပ်ပဲဖြစ်ဖြစ် လေးနက်မှုဆိုတာ ရှိရတယ်။ အလုပ်လုပ်တာလေးနက်မှုမရှိရင် အလုပ်ရဲ့ရလဒ်က ပေါ့လျော့နေလိမ့်မယ်။ မင်းတို့ကလေးတွေ ပညာသင်တဲ့အရွယ်မှာ စာကျက်ရတာဟာ မင်းတို့ရဲ့အလုပ်ပဲ။

အဲဒီအလုပ်ရဲ့ ရလဒ်ကောင်းထွက်ဖို့အတွက် စာလုပ်တဲ့အခါ လေးနက်မှုရှိပါလို့ ဆရာမှာချင်တယ်။ အားလုံး ကိုယ့်တာဝန်ကိုယ်ကျေရမယ်နော်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဟုတ်ပြီ . . . . အခု သတင်းကောင်းတစ်ခု ဆရာပြောမယ်။ နောက်တစ်ပတ်ဖြေမယ့်စာမေးပွဲမှာ အထူးချွန်ဆုံးသူကို ဆုချီးမြှင့်ဖို့ စီစဉ်ထားတယ်။ ဒုတိယ၊ တတိယတွေ ခွဲမထားဘူး။ တစ်ဆုတည်းပေးမှာဖြစ်တဲ့အတွက် အားလုံး အပြိုင်အဆိုင်ကြိုးစားကြရမယ်နော်"

"ဟုတ်ကဲ့ ကြိုးစားပါ့မယ် ဆရာ"

ပြိုင်တူထွက်လာသော ကျောင်းသားကျောင်းသူအားလုံး၏အသံသည် တစ်ကျောင်းလုံးဟိန်းထွက်သွားပြီး ကျောင်းဆရာဦးရဲကျော်၏စိတ်အတွင်း၌ ပီတိတစ်စု ဖုံးလွှမ်းစေသည်။ ကျောင်းသား ကျောင်းသူများသည်လည်း တက်ကြွသည့်အားအင်များနှင့်အပြည့်။

ဦးရဲကျော်၏ ဆိုဆုံးမမှုသည် သူတို့၏အသိစိတ်အတွင်းသို့ တိုးဝင်ခဲ့လေပြီ။ ဆုချီးမြှင့်မည်ဟု ပြောထားခြင်းကြောင့်လည်း ဆုမလိုချင်သောကျောင်းသား မည်သူရှိမည်နည်း။ စာကို ပုံမှန်လုပ်သောကြောင့် နှင်းပွင့်မှာ စိုးရိမ်ပူပင်မှုမရှိ။ သို့သော် ဆုနှင့်လွဲသွားမည်ကိုတော့ သူနည်းနည်းတွေးပူမိသည်။ သူနှင့်ပြိုင်ဘက်ဖြစ်သော ရဲထက်သည် စာမေးပွဲရလဒ်တိုင်းက သူနှင့် ရှေ့ဆင့်နောက်ဆင့်ဖြစ်နေသောကြောင့်ပင်တည်း။

"စိတ်အေးအေးထား နှင်းပွင့်၊ ဒီဆု နင်ရမှာ" စိတ်ထဲကပင် သူ့ကိုယ်သူ တိတ်တဆိတ် ပြန်အားပေးနေမိလေသည်။ ရဲထက်ကတော့ တစိုးတစိမျှ သောကမရှိ။ အေးဆေးစွာပင် သူ့ကို အားပေးသလိုလိုနှင့် စနောက်သွားသေးသည်။

"စာတွေလုပ်နေတာလား၊ ကြိုးစားကလေး၊ ကြိုးစားမှုရဲ့နောက်ကွယ်မှာ အောင်မြင်မှုဆိုတာရှိတယ်။ ငါက နံပါတ် (၁) ဆိုရင် ငါ့နောက်မှာ နင်ရှိမှာပါ" ရဲထက်က ခနဲ့သလိုနဲ့ နှင်းပွင့်ကို ပြောနေပေမယ့် သူက တစ်ချက်မျှပြုံးပြပြီး စကားတစ်ခွန်းသာ ရွဲ့ပြော၍ လှည့်ထွက်သွားလေသည်။

"ဟုတ်ကဲ့"

စာမေးပွဲဖြေမယ့်ရက်သို့ ရောက်သောအခါ နှင်းပွင့်လေးက မိမိကိုယ်မိမိ ယုံကြည်မှုအပြည့်။

အကောင်းဆုံး ကြိုးစားထားသောကြောင့် အဆိုးရွားဆုံးအခြေအနေသို့ မရောက်နိုင်ကြောင်း သူသိသည်။ စိတ်အေးအေးထားပြီး မေးခွန်းတစ်ခုချင်းစီကို အေးဆေးစွာဖြေသည်။ ရဲထက်မှာတော့ တစ်ချိန်လုံး ရင်တထိတ်ထိတ်နဲ့ စိုးရိမ်ကြောင့်ကြနေရသည်။ စာမရ၍တော့ မဟုတ်။ ပေးသမျှစာအကုန်ရသော်လည်း ဆုနဲ့လွဲမည်စိုးသောကြောင့် သူ၏လက်ထဲတွင် essay တစ်ပုဒ်ကို ရေးသားထားခြင်းကြောင့်ဖြစ်သည်။ သူ့ပြိုင်ဘက်ဖြစ်သော နှင်းပွင့်နှင့်က အဆင့်(၁)ကို တစ်ယောက်တစ်လှည့်စီ ရယူနေသည်မဟုတ်ပါလား။

ဒီ essay တစ်ပုဒ်ကို ကောင်းစွာဖြေနိုင်လျှင် ကျိန်းသေပေါက် အဆင့်(၁)ရမှာ သူသိ၏။ စာမေးပွဲ၏ မေးခွန်းအားလုံးကို မဖြေနိုင်မှာစိုးသောကြောင့် မလုပ်သင့်သောအလုပ်တစ်ခုကို သူလုပ်ခဲ့မိသည်။ သို့သော် မေးခွန်းအားလုံးကို သူဖြေနိုင်ခဲ့သည်။ အရိုးသားဆုံးပြောရလျှင် ရိုးရိုးသားသား ဖြေခဲ့သည်တော့မဟုတ်။

ရိုးသားစွာဖြေဆိုသော နှင်းပွင့်၏ မျက်နှာသည် လမင်းပမာ အေးမြလျက်ရှိသည်။ အကောင်းဆုံးကြိုးစားထားသောကြောင့် ပီတိအပြုံးများက စိုးရိမ်ကြောင့်ကြမှုကို ဖုံးလွှမ်းစေသည်။ စာမေးပွဲဖြေဆိုပြီးနောက် တစ်ပတ်ခန့်ကြာသောအခါ ဆရာဦးရဲကျော်က စာမေးပွဲရလဒ်ကို ကြေညာလေ၏။

"ဆုရတဲ့သူကတော့ ကျောင်းသားထဲကဖြစ်ပါတယ်" ဆရာ့ရဲ့စကားကို ကြားသောအခါ နှင်းပွင့်၏ရင်ထဲတွင် လှိုင်းထန်သွားလေသည်။ ရဲထက်ပြောခဲ့သလိုပဲ သူက(၁)ဆို သူ့နောက်က သူလားဟု တွေးနေမိသည်။ သို့သော်လည်း "အကောင်းဆုံးကြိုးစားထားတယ်။ အဆိုးဆုံးအခြေအနေကိုလည်း ရင်ဆိုင်ရဲတယ်"ဟု မိမိကိုယ်မိမိ ဖြေသိမ့်ရင်း ရဲထက်အတွက် လက်ခုပ်တီးပေးဖို့ သူအသင့်ဖြစ်နေခဲ့၏။

"ပထမဆုကို ဆွတ်ခူးသွားသူကတော့ ရဲထက်ပဲဖြစ်ပါတယ်"

"ဟေး . . . . . ဟေး . . . . ဖြောင်း ဖြောင်း . . . ဖြောင်း . ."

နှင်းပွင့်အပါအဝင် ရဲထက်၏ သူငယ်ချင်းများထံမှ အော်သံနှင့်အတူ လက်ခုပ်သံများ ဆူညံစွာထွက်ပေါ်လာခဲ့သည်။ အားလုံးကလည်း ရဲထက်ကို ကြိုဆိုနေကြ၏။ ဆရာဦးရဲကျော် မခေါ်ခင်မှာဘဲ ရဲထက်သည် သူ့အနားသို့ ရောက်ရှိလာပြီး အမှတ်စာရင်းကို တောင်းကြည့်လေသည်။

"ဆရာ သားကို အမှတ်စာရင်းလေး ပြကြည့်လို့ရမလား"

"ရတာပေါ့" ဦးရဲကျော်က အမှတ်စာရင်းကို ပေးကြည့်သောအခါ သူသည် နှင်းပွင့်ထက် တစ်မှတ်သာပိုများသည်ကို တွေ့ရ၏။

"ရဲထက် မင်းနဲ့ထိုက်တန်တဲ့ဆုကို လက်ခံပါ" စကားသံကြားရာဘက်သို့ လှည့်ကြည့်သောအခါ ဦးရဲကျော်၏ လက်ထဲတွင် ပါကင်လှလှထုပ်ထားသော အထုပ်တစ်ထုပ်နဲ့ ရွှေရောင်ဒိုင်းဆုကို တွေ့ရလေသည်။

"ဒီဆုက ကျွန်တော်နဲ့ ထိုက်တန်တဲ့ဆု မဟုတ်ပါဘူး ဆရာ။ အဲဒါကြောင့် လက်မခံပါရစေနဲ့"

သူ့စကားကြားသောအခါ ဆရာအပါအဝင် ကျောင်းသား ကျောင်းသူတိုင်း အံ့အားသင့်ကုန်၏။

"ဘာပြောတယ်သား၊ ပြန်ပြောပါဦး"

"ဟုတ်ပါတယ်ဆရာ၊ အမှန်တော့ ဒီအမှတ်စာရင်းက သားအရည်အချင်းနဲ့ရတာ မဟုတ်ပါဘူး။ လက်ပေါ်မှာရေးသွားတဲ့ စာလေးတစ်ပုဒ်ကို ပြန်ကူးထားတာပါ။ မရှက်တမ်းဝန်ခံရရင် ခိုးချလို့ရလာတဲ့အမှတ်ပါပဲ။ ဒါတောင် ရိုးရိုးသားသားဖြေတဲ့ နှင်းပွင့်နဲ့ တစ်မှတ်ပဲကွာတာကို တွေ့ရပါတယ်။ အစကတော့ ဒီဆုကို လိုချင်စိတ်နဲ့ လုပ်လိုက်မိပေမယ့် ဆုကိုရတဲ့အခါမှာတော့ သား လိပ်ပြာမလုံဘူးဆရာ။ လိမ်ညာပြီးရယူတဲ့ဆုမလို့လည်း သားမလိုချင်ဘူး။ ယူဖြစ်ခဲ့ရင်တောင်မှ ကိုယ်ပိုင်အရည်အချင်းနဲ့ ကြိုးစားတဲ့ဆုမဟုတ်တဲ့အတွက် သားကို ပျော်ရွှင်စေမှာ မဟုတ်ပါဘူး။ အဲဒါကြောင့် ဒီဆုက စာတကယ်လုပ်တဲ့ နှင်းပွင့်နဲ့ပဲ ထိုက်တန်တဲ့ဆုပါ။ ဆရာ့ရဲ့ဆုံးမမှုအောက်က ရုန်းထွက်ပြီး အတိတ်ရဲ့တစ်စိတ်တစ်ဒေသမှာ သားရဲ့စာရိတ္တပျက်ပြားခဲ့တဲ့အတွက် ဆရာ့ကို သား တောင်းပန်ပါတယ်။ မှားခဲ့တဲ့အမှားအတွက် သားကို ကြိုက်တဲ့အပြစ်ပေးပါ ဆရာ"

အားလုံးက ရဲထက်ကို အပြစ်တင်ရမလို၊ ချီးမွမ်းရမလိုနှင့် ဒွိဟဖြစ်နေသည်။

"ဟုတ်ပါပြီ၊ အမှားကို အမှားမှန်းသိပြီး ဝန်ခံရဲတာဟာ အမှန်ကို လျှောက်ဖို့အတွက် လမ်းစပဲ သား။ မှားမှန်းသိရဲ့နဲ့ ဆက်မှားနေရင်တော့ အဲဒီလူဟာ ဘယ်တော့မှ အမှန်ဘက် ရောက်မှာမဟုတ်ဘူး။ သူ့ဘဝတစ်လျှောက်လုံး အမှောင်ထဲမှာပဲ ပိတ်မိနေမှာ။ အမှန်လမ်းကို လျှောက်နိုင်မှ အလင်းတံခါးကို ဖွင့်နိုင်မှာ။ အလင်းထဲမှာမှ ကိုယ့်ရဲ့အရည်အချင်းကို တိုးမြှင့်လို့ အမြဲကြိုးစားရမှာ၊ ပီကေကို အားလုံးစားဖူးမယ်လို့ ထင်ပါတယ်"

"ဟုတ်ကဲ့ စားဖူးပါတယ်ဆရာ" သူ့အရသာက ချိုတယ်နော်။ ဒါပေမယ့် တစ်ချိန်လုံး မချိုဘူး။ ခဏဝါးပြီးချိန်မှာ အချိုကုန်သွားတယ်။ အချိုကုန်သွားတော့ သူ အထွေးထုတ်ခံရတာပဲ။ အပြင်ရောက်တဲ့အခါ ထိမိ ကိုင်မိတဲ့သူကို လိုက်ကပ်ငြိနေသေးတာ။ သူတစ်ပါးကို ဒုက္ခဖြစ်စေတယ်။ သကြားလုံးကတော့ စားလို့မကုန်မချင်း သူ့အရသာက ရှိနေတုန်းပဲ။ သူကုန်သွားမှ အရသာကပျက်သွားတာ။ အမှန်က သကြားလုံးလိုပဲ ကျင့်ရမှာ။ ပီကေလို မကျင့်ရဘူး။ လူတော်တော်များများက ပီကေလိုလူများတယ်။ လုပ်ငန်းခွင်အစမှာ အလုပ်ကို အလွန်ကြိုးစားပြတယ်။ တစ်လ နှစ်လကြာတော့ အလုပ်ကို သိပ်မလုပ်တော့ဘူး။ ထပ်မကြိုးစားဘူး။ မကြိုးစားတော့ အရည်အသွေးက တက်မလာဘူး။ အဲဒီအခါကျတော့ အလုပ်ရှင်ရဲ့ ထုတ်ပယ်မှုကိုခံရရော။ ကျောင်းသားအနေနဲ့လည်း ပီကေလို ကျင့်ကြံမယ်ဆိုရင် အတန်းတင်စာမေးပွဲဖြေတဲ့အခါ မင်းတို့ရဲ့ result က မင်းတို့ကို ဖယ်ထုတ်ပစ်မှာပဲ။ တကယ်လို့ ကိုယ်က အခုပီကေနေရာမှာပဲ ရှိနေသေးတယ်ဆိုရင်တောင်မှ သကြားလုံးနေရာကို ရောက်အောင်သွားပါ။ မသွားနိုင်သေးရင်တောင် သူများအထွေးထုတ်မခံရစေနဲ့။ အဲဒီလိုဖြစ်ဖို့အတွက် အချိုထပ်ဖြည့်ပါ။ သကြားလုံးလိုလူက မသေမချင်း သူ့အရည်အချင်း ကုန်မသွားဘူး။ အဲဒါကြောင့်လည်း ပီကေလို အထွေးထုတ်မခံရတာပေါ့။ ရဲထက်ရဲ့ပထမလုပ်ရပ်ကြောင့် တစ်ချိန်မှာ အထွေးထုတ်ခံရမှာဖြစ်ပေမယ့် ဒုတိယလုပ်ရပ်ကြောင့် အချိုထပ်ဖြည့်ဖို့ အချိန်တွေ ရှိပါသေးတယ်။ သားကို ဆရာ ခွင့်လွှတ်တယ်။ ပီကေကနေ သကြားလုံးအဖြစ် ပြောင်းလဲနိုင်သူ ဖြစ်ပါစေ"

"ကျေးဇူးပါ ဆရာ"

"ကဲ သမီးနှင်းပွင့် ဆုလက်ခံဖို့ ရှေ့ကိုကြွပါ"

"ဖြောင်း . . ဖြောင်း . . ဖြောင်း . . . "

ရဲထက်အတွက် လက်ခုပ်သံက နှင်းပွင့်အတွက် ပြောင်းလဲသွားလေသည်။ ရဲထက်ကိုယ်တိုင်ဝန်ခံပြီး ပြောင်းလဲပေးခြင်း မဟုတ်ပါလား။ လက်ခုပ်သံပိုင်ရှင်ထဲတွင် ရဲထက်လည်း ပါဝင်နေမည်က ဧကန်ပင်ဖြစ်သည်။

မေးပါရစေ မောင်ကြီးရေ

မောင်ကြီးတို့ အညာ
သာပါစေမေး။
ကျေးလက်ငယ် ပကတိကို
ရှုကြည့်ကွယ်လေး။
မောင်ကြီးရဲ့ သဒ္ဒါ
ဖြူပါစေမေး။
သီလကို လုံအောင်ထိန်းတယ်
အေးငြိမ်းဖို့လေး။
မောင်ကြီးရဲ့ ကညာ
လှပါစေမေး။
လေးတော်ဝင် မိန်းမမြတ်နယ်
စိတ်ဓာတ်ဖြူဖွေး။
ပျို့မောင်ကြီး အညာ
လှပါရဲ့လေး။
ရှာအဝင် ညောင်ညိုရိပ်ဝယ်
မှေးအိပ်ချင်သေး။
ပျို့မောင်ကြီး သဒ္ဒါ
ဖြူပါရဲ့လေး။
ချစ်မေတ္တာ လက်ကိုင်သုံးတယ်
နှလုံးဖြူဖွေး။
ပျို့မောင်ကြီး ကညာ
ပျူငှာလို့ ယဉ်ကျေး။
လှထိပ်ခေါင် သရဖူဘွဲ့ကို
ထိုးဖွဲ့ဆင်ပေး။

နိုင်လင်းစိုး (ချင်းတွင်းမြေ)

မျိုးဆက်သစ်ရင်ပြင် လူငယ်ကလောင်ရှင်များသို့ ပန်ကြားချက်

ကြေးမုံသတင်းစာတွင် မျိုးဆက်သစ်လူငယ်များအတွက် ***မျိုးဆက်သစ်ရင်ပြင်*** အထူးထုတ်စာမျက်နှာကို တနင်္ဂနွေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ မျိုးဆက်သစ်လူငယ်လူရွယ်များအနေဖြင့် ဆောင်းပါး၊ ဝတ္ထုတို၊ ကဗျာ၊ ကာတွန်း၊ အတွေးအမြင်၊ ဟာသ၊ သရော်စာ စသည်ဖြင့် ရေးသားပေးပို့နိုင်ပါသည်။

စာမူပေးပို့ရာတွင် စာရေးသူ၏ အမည်၊ ကလောင်အမည်၊ မှတ်ပုံတင်နံပါတ်၊ အသက်၊ နေရပ်လိပ်စာအပြည့်အစုံ၊ ပညာအရည်အချင်း၊ ဖုန်းနံပါတ်၊ ကိုယ်ရေးအချက်အလက်များနှင့် နှစ်သက်ရာဓာတ်ပုံတစ်ပုံ ပူးတွဲပေးပို့ရမည့်အပြင် စာမူကို ကိုယ်တိုင်ဖန်တီးရေးသားကြောင်းနှင့် အခြားသော မဂ္ဂဇင်း၊ ဂျာနယ်၊ သတင်းစာတိုက်များသို့ တိုက်ပြိုင်ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံကတိပြုချက် ဖော်ပြပါရှိရမည်။

မျိုးဆက်သစ်ရင်ပြင် သို့ ပေးပို့ပြီး စာမူများကို ရက်သတ္တနှစ်ပတ်အတွင်း ဖော်ပြရွေးချယ်ခံရခြင်းမရှိပါက အခြားနေရာများသို့ ပေးပို့နိုင်သည်။ အထူးပန်ကြားလိုသည်မှာ စာမူများကို **mirrormyosathit@gmail.com** သို့သာ ပေးပို့ရမည်ဖြစ်ပါသည်။ ဖော်ပြပါရှိသည့် စာမူခများကို အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ရန်ကုန်မြို့၊ ကြေးမုံသတင်းစာတိုက်တွင် ထုတ်ယူနိုင်ပါသည်။

(စာတည်းအဖွဲ့)

ဆောင်းပါး

■ နိုင်စိုးထွန်း(စာ/သု)

သုတေသနဟူသည်...

သုတေသနဟူသော ဝေါဟာရကို ယနေ့အချိန်တွင် ကျယ်ပြန့်စွာ သုံးစွဲလာကြသည်ကို သတိထားမိသည်။ သုတေသနသည် နယ်ပယ်တစ်ခု၌သာ လိုအပ်သည် မဟုတ်ဘဲ နယ်ပယ်တိုင်း ကဏ္ဍတိုင်းတွင် မရှိမဖြစ် အရေးပါသည်။ သုတေသနသည် အရေးအတွက်များ၏ အရည်အသွေးကို ထိန်း၍ အရည်အချင်းကို မြင့်တက်စေသည်။ ထို့ကြောင့် အရည်အသွေးကို ဦးစားပေးသော နယ်ပယ်တိုင်းတွင် သုတေသနသည် အချိန်နှင့်အမျှ မပြတ်လုပ်ဆောင်ရန် လိုအပ်ကြောင်း ပေါ်လွင်လာတော့သည်။

သုတေသနသည် အကြောင်းအရာ တစ်စုံတစ်ခုကို တိကျသေချာစွာ စူးစမ်းရှာဖွေ၍ ခွဲခြမ်းစိတ်ဖြာသည့် ဓလေ့တစ်ခုဖြစ်သည်။ အများသိပြီးသော အကြောင်းအချက်အလက်များကို စုပေါင်းတင်ပြရုံသက်သက်မျှဖြင့် သုတေသနပြုသည်ဟု ခေါ်ဆိုရန်မထိုက်တန်ဘဲ မိမိတို့၏ အတွေးအခေါ်အယူအဆ သုတေသနအမြင်သစ်များကို ချပြဝေဖန်နိုင်မှသာလျှင် သုတေသနပြုသည်ဟု ခေါ်ဆိုထိုက်မည် ဖြစ်သည်။

သုတေသနသည် မိမိတို့ တစ်ဦးချင်း၏ ဝါသနာလည်း ဖြစ်၏။ ဝါသနာကို တစိုက်မတ်မတ် စူးစမ်းလေ့လာ၍ စနစ်တကျဖြင့် တွေးခေါ်ဆင်ခြင်သောအလုပ်သည်ပင် သုတေသနမည်သည်။ သုတေသနသည် ပညာတတ်အသိုက်အဝန်းတွင်သာ ပေါက်ဖွားတည်ရှိသည်မဟုတ်ဘဲ လူတစ်ဦးတစ်ယောက်ချင်း၏ ပြင်းပြသောစိတ်ဆန္ဒမှ ပေါက်ဖွားဖြစ်တည်လာသည်ကိုလည်း သိသင့်ပေသည်။

နိုင်ငံဖွံ့ဖြိုးရေးတွင် သုတေသနတို့သည် အဓိကကဏ္ဍတစ်ရပ်အဖြစ် ပါဝင်လျက်ရှိလေသည်။ သုတေသနမှ တိုင်းပြည်၏ နည်းပညာလိုအပ်ချက်၊ အားနည်းချက်များကို ထောက်ပြဝေဖန်နိုင်ပြီး သင့်တော်သော နည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်၏။ ထိုသို့ စနစ်တကျ လေ့လာသုံးသပ်ထားသော သုတေသနနည်းပညာကို အသုံးချ၍ မှန်ကန်နည်းလမ်းကျသော တိုးတက်မှုကို ရနိုင်သည်။ ဖွံ့ဖြိုးပြီးသောနိုင်ငံများ၏ အဓိကပို့ကုန်များသည် သုတေသန နည်းပညာများ ဖြစ်လာကြသည်ကိုလည်း လေ့လာသင့်ပေသည်။

ထို့ကြောင့် သုတေသနများ ပိုမိုပေါက်ဖွားဖြစ်တည်လာစေရန်နှင့် ထိရောက်စွာ ပံ့ပိုးပေးနိုင်ရန် ရည်ညွှန်းအကိုးအကားများနှင့် မှန်ကန်သေချာသော အထောက်အထားများ ပြည့်ဝစုံလင်စွာ ဝန်ဆောင်မှုပေးနိုင်သည့် စာကြည့်တိုက်များသည်လည်း အခြေအနေ အချိန်အခါအရ မဖြစ်မနေ လိုအပ်လာပြန်တော့သည်။ စာကြည့်တိုက်များမှ သုတေသနလုပ်ငန်းကို အထောက်အပံ့ ကောင်းကောင်းပေးနိုင်မှသာလျှင် ထိုသုတေသနရလဒ်များကို အခြေပြု၍ နိုင်ငံ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို မှန်မှန်ကန်ကန် ဆောင်ရွက်နိုင်မည် ဖြစ်ပေသည်။

သုတေသန လုပ်ရုံမျှဖြင့်လည်း တိုးတက်မည်ဟု တထစ်ချ၍ မယုံကြည်သင့်ပေ။ သုတေသနကောင်း ပေါ်ထွက်တိုင်း တိုးတက်မည်ဟု မယူဆထိုက်ပေ။ ကောင်းမွန်သော သုတေသနများပြုလုပ်သော်လည်း ထိုသုတေသနတို့ကို လက်တွေ့အကောင်အထည်ဖော်ရန် မလုပ်ဆောင်နိုင်ပါက တိုးတက်မှုသရုပ်သည် ပေါ်ထွက်လာမည်မဟုတ်ပေ။ ထို့အတူ သုတေသနသမားတို့သည်လည်း မိမိတို့၏ သုတေသနမှ လူမှုနယ်ပယ်အား လွှမ်းခြုံနိုင်မှုကို ဆင်ခြင်မျှော်မှန်း၍ သုတေသနကို ပြုလုပ်သင့်ပေသည်။

အချုပ်ဆိုရသော် သုတေသီတို့ကို ကောင်းစွာ ပံ့ပိုးနိုင်မည့် ရည်ညွှန်းရင်းမြစ်များ၊ အထောက်အထား အချက်လက်များနှင့် သုတေသနစာကြည့်တိုက်များ ပေါ်ပေါက်အားကောင်းရန် လိုအပ်ပေသည်။ သို့မှသာ ပြည့်စုံကောင်းမွန်သော သုတေသနများနှင့် နည်းပညာသစ်များကို ဖော်ထုတ်ပေးနိုင်မည်ဖြစ်ပေသည်။ ထိုသုတေသနများ၊ လူ့အရင်းအမြစ်များ၊ နည်းပညာများက နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် မျှတစွာ ပါဝင်မှသာလျှင် မိမိတို့မျှော်မှန်းသော ပညာခေတ်ဖြင့် တိုးတက်သည့်နိုင်ငံ ပေါ်ပေါက်လာမည် ဖြစ်ပေသည်။ ။

ဆောင်းပါး

■ တက္ကသိုလ် သကျပျို

ဝါတွင်းကာလနှင့် သက်သတ်လွတ်စားခြင်း

လူဆိုတာ မိမိပြုလုပ်သောအလုပ်က အကျိုးရှိသလား၊ မရှိဘူးလား ခွဲခြားသိမှ လူပီသသည်။ ဒါကိုပဲ "အတ္ထနတ္ထံ မနသိ ဇာနာ သီတိမနုဿော" အတ္ထနတ္ထံ-အကျိုးရှိသည် မရှိသည်ကို။ မနသိဇာနာသိ-သိတတ်၏။ ဣတိ-ထို့ကြောင့်။ မနုဿော-လူမည်၏လို့ ဆိုထားတာဖြစ်ပါတယ်။ ကိုယ်ကတော့ ကောင်းကျိုးလိုလား၍ အလုပ်ကိုပြုလုပ်သည်။ ဒါပေမယ့် အကျိုးမရ အချည်းနှီးဖြစ်သွားရင် အလကားပါပဲ။ အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် စဉ်းစားရတယ်၊ တွေးတောရတယ်၊ ကိုယ်လုပ်တာမှန်သလား၊ မှားသလား ဆိုတာသိဖို့လိုတယ်။ မိမိကမသိရင် သိတဲ့သူ၊ တတ်တဲ့သူတွေ၊ ဗဟုသုတရှိတဲ့သူတွေဆီ သွားမေးရပါတယ်။ ဒါမှသာလျှင် လမ်းမှန်ရောက်ပြီး တိုးတက်တဲ့လူတစ်ယောက်ဖြစ်မှာပါ။ ကိုယ်ထင်တာ ကိုယ်လုပ်မယ်ဆိုရင်တော့ မှန်နေရင်တော့ ဘာမှပြောစရာမရှိဘူးပေါ့။ မှားနေခဲ့မယ်ဆိုရင်တော့ ကောင်းတဲ့အကျိုးတရားတွေနဲ့ ဝေးနေမှာပါ။ မိမိတို့ပြုလုပ်လိုက်တဲ့အတိုင်း ကောင်းတဲ့အကျိုးတရား ရရှိခံစားစေချင်ပါတယ်။

ဝါတွင်းကာလမှာ တချို့သူတွေဟာ သက်သတ်လွတ်စားကြပါတယ်။ တချို့ဆိုရင် ဝါတွင်းကာလမဟုတ်တဲ့ အခြားလတွေမှာတောင် သက်သတ်လွတ်စားကြပါတယ်။ အခါကြီးရက်ကြီးမလို့ ရှောင်တယ်ထင်ပါရဲ့။ တချို့ကတော့ ဆရာသမားတွေ၊ မိဘတွေက မစားခိုင်းလို့မစားတာ။ တချို့ကတော့ ဘာသာတရားအရ မစားတာ။ တချို့ကတော့ ကုသိုလ်လိုချင်လို့မစားတာ။ တချို့ကတော့ ဟုတ်လိမ့်နိုးနိုးနဲ့ သူများပြောသမျှ သဘောကျပြီးမစားကြတာ။ တစ်ယောက်နဲ့တစ်ယောက်တော့ မတူဘူးလေ။ ဝါတွင်းကာလမှာ အသားမစားတာ ရည်ရွယ်ချက်တွေ အမျိုးမျိုးရှိကြပါတယ်။ ဒါပေမယ့် အများစုကတော့ သက်သတ်လွတ်စားရင် ကုသိုလ်ရတယ်လို့ထင်ကြတယ်။ ကုသိုလ်လိုချင်လို့လည်း သက်သတ်လွတ်စားကြတယ်။

သက်သတ်လွတ်စားတာ ကုသိုလ်ရသလား။

ဒီမေးခွန်းကို သက်သတ်လွတ်စားတဲ့သူတွေကို သွားမေးကြည့်။ ကုသိုလ်ရတယ်ပဲပြောတယ်။ ဒါဆိုဘာကြောင့် ကုသိုလ်ရတာလဲ ဆက်မေးကြည့်။ သူတို့တွေ အဖြေမပေးတတ်တော့ဘူး။ ဆရာသမားတွေ၊ မိဘတွေက သက်သတ်လွတ်စားရင် ကုသိုလ်ရတယ်လို့ပြောတာပဲဆိုတဲ့ စကားနဲ့ အဆုံးသတ်သွားတယ်။ ဟိုတစ်လောက ဦးပဉ္ဇင်းဆီကို ဒကာကြီးတစ်ယောက် ဥပုသ်သီလလာယူတယ်။ သီလယူပြီးလို့ ကျောင်းမှာထမင်းကျွေးတော့ သူကသက်သတ်လွတ်စားသူဖြစ်လို့ ကျောင်းမှာမစားတော့ဘဲ အိမ်မှာပြန်စားမယ် ဘုရားတဲ့။

ဒကာကြီးက သက်သတ်လွတ်စားတာဆိုတော့ သီးသန့်ဟင်းလေးတွေချပေးမယ်၊ ဒီမှာပဲစားလေဆိုတော့၊ နေပါစေဘုရား သိပ်မသေချာပါဘူး။ ဇွန်းတွေက ဟိုခွက်ထည့် ဒီခွက်ထည့်နဲ့ ဘုရားတဲ့။ ဒကာကြီးကို မေးပါဦးမယ်၊ သက်သတ်လွတ်ဘာကြောင့်စားတာလဲ။ ကုသိုလ်ရအောင်လို့ပါဘုရား။

သက်သတ်လွတ်စားရင် ကုသိုလ်ရသလားဆိုတော့ ပြန်မဖြေတတ်တော့ပါဘူး။ သူနားလည်အောင်ရှင်းပြရမှာကိုယ့်တာဝန်ရှိသွားပြီလေ။ တချို့လူတွေက တကယ်ပဲ ကောင်းတဲ့စိတ်ရင်းနဲ့ ပြုလုပ်ကြတာပါ။ ဒါပေမယ့် သေသေချာချာမသိတော့ ကောင်းတဲ့အကျိုးမရဘူးဖြစ်တာပေါ့။ အသိမှားနေတဲ့သူတစ်ယောက်ကို အမြင်မှန် လမ်းမှန်ကို ရောက်စေချင်ပါတယ်။

သက်သတ်လွတ်စားတိုင်း ကုသိုလ်မရပါဘူး။ ကုသိုလ်ရတယ်လို့ တွေးတာကမှားတယ်။ ကုသိုလ်ရတယ်လို့ တချို့လူတွေက အထင်ကြီးအောင်လုပ်ပြပြောပြနေတာတွေပါ။

သက်သတ်လွတ်စားလို့သာ ကုသိုလ်ရစတမ်းဆိုရင် နွားတွေလည်း အသားငါးမစားဘူး၊ မြက်ကိုပဲစားတယ်။ ကျွဲတွေလည်း မြက်ကိုပဲစားတယ်။ ဆိတ်တွေလည်း မြက်ကိုပဲစားတာလေ သူတို့တွေ ကုသိုလ်တွေအများကြီး ရနေမှာပေါ့။ ကုသိုလ်တွေရလွန်းလို့ နတ်ပြည်ကနေတောင် ပြန်မဆင်းရတော့ဘူးဖြစ်တော့မယ်။

သက်သတ်လွတ်စားလို့ ကုသိုလ်ရတာ မဟုတ်ပါဘူး။ သတ္တဝါတွေအပေါ် သနားကြင်နာတဲ့စိတ်၊ မေတ္တာစိတ်ကြောင့်သာ ကုသိုလ်ရတာပါ။ လူနဲ့တိရစ္ဆာန်နဲ့ ကွာခြားချက်က အဲဒါပါပဲ။ လူတွေမှာ အသိဉာဏ် မြင့်မားတယ်၊ စဉ်းစားနိုင်စွမ်း အများကြီးရှိပါတယ်။ နွားတွေ၊ ဆိတ်တွေမှာက မရှိဘူး၊ လူတွေလောက် အသိဉာဏ်မမြင့်ဘူးပေါ့။ လူတွေက အသိဉာဏ်ရှိတဲ့အတွက် အလုပ်အပေါ်မှာ အသိဉာဏ်လေးယှဉ်ပြီး လုပ်လိုက်တော့ ကုသိုလ်ရသွားတာပါ။ အဲဒါက မေတ္တာစိတ်၊ သနားကြင်နာတဲ့စိတ်ကြောင့် ကုသိုလ်ရသွားတာပါ။

ကိုယ့်ရဲ့စိတ်ထဲကနေ သတ္တဝါလေးတွေအပေါ်မှာ ငါတစ်ယောက် အသားဟင်း ငါးဟင်းမစားလိုက်လို့ရှိရင် သတ္တဝါလေးတွေ သေတာနည်းသွားမယ်။ သူတို့လေးတွေ ငါ့ကြောင့် တစ်ကောင်ပဲ အသက်ရှင်ရှင်၊ နှစ်ကောင်ပဲ အသက်ရှင်ရှင် ချမ်းသာပါစေလေဆိုတဲ့ နှလုံးသွင်းလေးက ကုသိုလ်ကိုဖြစ်ထွန်းစေပါတယ်။ သတ္တဝါတွေအပေါ်ထားရှိတဲ့ ကိုယ့်ရဲ့မေတ္တာစိတ်ကြောင့်ပါ။ မေတ္တာဆိုတာက "မေဇ္ဇတိ သိနေဟတီတိ မေတ္တာ" မေဇ္ဇတိ သိနေဟတိ-ချစ်ခင်တတ်၏။ ဣတိ-ထို့ကြောင့်။ မေတ္တာ-မေတ္တာမည်၏။ မေတ္တာဆိုတာ အကျိုးကိုလိုလားတဲ့စိတ်ကို ပြောတာဖြစ်ပါတယ်။ ကောင်းမွန်တဲ့အကျိုးတွေ ရရှိစေချင်တယ်။ ကောင်းတဲ့အကျိုးတရားတွေ ဖြစ်ထွန်းစေချင်တာ မေတ္တာလို့ ခေါ်ပါတယ်။ မေတ္တာ၏သဘောဆိုတာက မိတ်ဆွေကောင်းနဲ့ တူပါတယ်။ မိတ်ဆွေကောင်းဆိုတာ အဆွေခင်ပွန်းအပေါ် မကောင်းတာမလုပ်ဘူး၊ မကောင်းတာမပြောဘူး။

ကောင်းတာတွေပြုလုပ်ပေးတယ်၊ ကောင်းတာတွေ အကြံပေးပြောဆိုတတ်ပါတယ်။ ဒါကြောင့် မေတ္တာဆိုတာ မိတ်ဆွေကောင်းနဲ့တူတယ်လို့ ဆိုတာဖြစ်ပါတယ်။ သူတစ်ပါးရဲ့အကျိုးကို လိုလိုလားလားရှိနေတတ်လို့ပေါ့။ သက်သတ်လွတ် စားတဲ့နေရာမှာ မိမိရဲ့စိတ်ထဲမှာသတ္တဝါလေးတွေ အသက်ချမ်းသာစေလိုတဲ့ဆန္ဒ၊ ချမ်းချမ်းသာသာ သူတို့လေးတွေ နေပါစေလို့ တောင့်တတဲ့စိတ်ကလေးတွေက ကောင်းကျိုးလိုလားတဲ့စိတ်ပါပဲ။ ဒီစိတ်ကလေးကပဲ သက်သတ်လွတ်စားလိုက်ရတဲ့အတွက် ကုသိုလ်ရစေတာပါ။

သက်သတ်လွတ်စားတာနဲ့ပတ်သက်ပြီး မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိတုန်းက ရှင်ဒေဝဒတ်က တောင်းဆိုဖူးပါတယ်။ ရှင်ဒေဝဒတ်က မြတ်စွာဘုရားကို သတ်ပြီး ဘုရားလုပ်ချင်ပေမယ့် သတ်လို့မရတဲ့အခါ သံဃာအသင်းခွဲဖို့ ကြံတော့တာပေါ့။ လူတွေရဲ့စိတ်သဘောက အထူးအဆန်းတွေဆို စိတ်ဝင်စားတတ်တယ်လေ။ ဒါကို ရှင်ဒေဝဒတ်ကသိတော့ မြတ်စွာဘုရားထံ ဆုငါးပါး တောင်းဆိုခဲ့တယ်။ ဘာလို့တောင်းတာလဲဆိုရင် မပေးနိုင်ဘူးဆိုတာ သိလို့တောင်းတာပါပဲ။ လူတွေအထင်ကြီးအောင်၊ ရဟန်းတွေအထင်ကြီးအောင်လုပ်ပြီး ရှင်ဒေဝဒတ်က သံဃာအချင်းချင်းအသင်းခွဲဖို့၊ ဂိုဏ်းတစ်ခုထောင်ဖို့လုပ်တာပါ။

ရှင်ဒေဝဒတ်တောင်းတဲ့ဆုငါးပါးက

၁။ ရဟန်းတွေ တစ်သက်လုံး တောထဲမှာနေခိုင်းဖို့ တောင်းဆိုပါတယ်။
၂။ ရဟန်းတွေ တစ်သက်လုံး ဆွမ်းခံစားစေပါတယ် အလှူရှင်တွေ ပင့်ဖိတ်တာကိုမစားဖို့ တောင်းဆိုပါတယ်။
၃။ ရဟန်းတွေ တစ်သက်လုံး လှူတဲ့သင်္ကန်းကို မဝတ်ခိုင်းဖို့ ဆောင်းဆိုခဲ့ပါတယ်။
၄။ ရဟန်းတွေ တစ်သက်လုံး ကျောင်းနဲ့မနေစေဘဲ သစ်ပင်အောက်မှာပဲ နေခိုင်းဖို့တောင်းဆိုပါတယ်။
၅။ ရဟန်းတွေ တစ်သက်လုံး အသားငါးမစားဖို့ တောင်းဆိုခဲ့ပါတယ်။

ရှင်ဒေဝဒတ်တောင်းဆိုခဲ့တဲ့ ဆုငါးပါးထဲမှာဆိုရင် နောက်ဆုံး နံပါတ်(၅)က သက်သတ်လွတ်စားတာကို ရည်ညွှန်းပါတယ်။

ဒီနေရာမှာကြည့်မယ်ဆိုရင် မြတ်စွာဘုရားရှင်သည် သိက္ခာပုဒ်ပညတ်တဲ့အခါ အကျိုးရှိတယ်ဆိုရင် သိက္ခာပုဒ်ထုတ်ပါတယ်။ အကျိုးမရှိဘူးဆိုရင် သိက္ခာပုဒ်မထုတ်ပါဘူး။ ရှင်ဒေဝဒတ်တောင်းဆိုတဲ့ ငါးခုလုံးအကျိုးမရှိတဲ့အတွက် မြတ်စွာဘုရားက ခွင့်မပြုခဲ့ပါဘူး။ သက်သတ်လွတ်စားတဲ့အတွက် အကျိုးရှိခဲ့မယ်ဆိုရင်၊ ကုသိုလ်တွေရခဲ့မယ်ဆိုရင် မြတ်စွာဘုရားရှင် ခွင့်ပြုခဲ့မှာပေါ့။

တကယ်တော့ သက်သတ်လွတ်စားလို့ကုသိုလ်ရတာ မဟုတ်ပါဘူး။ သတ္တဝါလေးတွေရဲ့ အကျိုးစီးပွားကို လိုလားတဲ့ မေတ္တာစိတ်ကလေးနဲ့ ရှောင်ကြဉ်ပြီးစားလို့ မေတ္တာစိတ်က ကုသိုလ်ရသွားတာပါ။ မေတ္တာစိတ်နဲ့သာ စားမယ်ဆိုရင် ကုသိုလ်တင်ဘယ်ကပ့ါမလဲ နိဗ္ဗာန်ထိရရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် မေတ္တာဆိုတာ ဗြဟ္မဝိဟာရတရားလေးပါးထဲက တစ်ပါးဖြစ်ပါတယ်။ ကမ္မဋ္ဌာန်း ၄၀ ထဲမှာ မေတ္တာကမ္မဋ္ဌာန်းဆိုတာ ပါရှိပါတယ်။ မေတ္တာကိုအမြဲပွားတဲ့သူက စိတ်တွေသန့်ရှင်းကြည်လင်ပြီး ဖြစ်ပျက်မြင်လို့ နိဗ္ဗာန်ထိအောင် အကျိုးပေးနိုင်စွမ်းရှိပါတယ်ဆိုတာ ရေးသားလိုက်ရပါတယ်။ ။

ဥပုသ်ကျောင်းသို့

ရွာဦးကျောင်းက အုန်းမောင်းသံ
လေးနာရီဆို အချိန်မှန်
ဆွမ်းတော်ချက်ရန် ပြင်ဆင်လို့
သံဃာတော်တွေ ဆွမ်းလောင်းစို့။
ဥပုသ်နေ့မို့ စီမံရာ
ဆွမ်း၊ ဆွမ်းဟင်းများစုံလင်စွာ
တို့ရွာဓလေ့ လွန်ပျော်မွေ့
ကုသိုလ်ရေးဆို ဘယ်မမေ့။
ဥပုသ်နေ့တိုင်း စောင့်ထိန်းပါ
ရှစ်ပါး၊ ကိုးပါးသီလမဟာ
ဝါတွင်းချိန်ခါ ကုသိုလ်ပွား
ဥပုသ်ကျောင်းကို သွားစို့လား။

အဂ္ဂမိုး

ပုပ္ပားဌာနေ လွမ်းစရာ့မြေ

ငွေ့ရည်ဖွဲ့ သယ်ဆောင်
ငွေမင်ရောင် တိမ်တိုက်များ၊
တောင်ပတ်လည် ပြာရီသမ်းတဲ့
လွမ်းဖွယ့်ပုပ္ပား။
ဝိုးတဝါးရယ်မို့
မိုးသားတွေထဲ လျှောက်ရသလို
အေးမြပိုမို။
စိမ်းလဲ့လဲ့ မှိုင်းညို့ညို့
ရွှန်းရွှန်းစို တောင်အထပ်ထပ်။
ပန်းမာလာတွေက
လေယူရာ ဟိုဒီတိမ်းလို့
ယိမ်းတဖျပ်ဖျပ်။
ဂန္ဓာရီ အတတ်တွေနဲ့
သူမြတ်တို့ ပျော်စံရာ၊
အံ့ဖွယ်ရာ တောင်ကလပ်
ချဉ်းကပ်မိကာ။
မြတ်ဗုဒ္ဓ သာသနာ
နေရောင်ပမာ ပေါ်ထွန်း၊
ရာဇဝင်မှာ ကိုဗျတ္တနဲ့
အချစ်ကြီးသူ မယ်ဝဏ္ဏတို့ရဲ့
လှတဲ့ရုပ်ဝန်း။

နေမိုးအိမ်(ရွှေရင်းမြေ)

ဝတ္ထုတို

သံယောဇဉ်ဇော



■ လွတ်လပ်ရွှေပြည်

[တစ်]

"ကိုကြီးထွန်း ရောင်းမယ်လို့ ဆုံးဖြတ်ပြီးရင်လည်း ဈေးဖွင့်တော့ဗျာ။ ကျွပ်လူတွေက စိမ်းပြာကြီးကို ကြည့်ပြီးကြပြီ။ ဈေးကြိုက်ရင် ဆွဲမယ်တဲ့"

သည်စကားတွေကို မျှော်လင့်ထားပြီးသားဖြစ်သော်လည်း နွားပွဲစားမြင့်အောင်ဆီက လက်တွေ့ကြားလာရသောအခါ ကိုထွန်းမင်း သူ့နားတွေကို ယောင်ယမ်းပိတ်လိုက်မိသည်။ အဝေးတစ်နေရာကို ငေးမောနေရာမှ နွားစားကျင်းဘက်ကို ကြည့်လိုက်သည့်အခါတွင် စိမ်းပြာကြီးက အစားကိုဟုတ်တိပတ်တိမစားဘဲ သူ့ကိုတွေတွေကြီး စိုက်ကြည့်နေတာနှင့် ဆုံလိုက်ရသည်။ ကိုထွန်းမင်း စိမ်းပြာကြီး၏အကြည့်ကို ရင်မဆိုင်ရဲစွာ သူ့အကြည့်တွေကို ချက်ချင်းပင် လွှဲဖယ်လိုက်မိသည်။ ဒီကောင်ကြီးက သခင့်သဘောကို အရမ်းနားလည်သည်။ အကင်းလည်း ပါးလွန်းသည်။ အခုလည်း သူ့ကို ဈေးဆိုင်နေမှန်း စိမ်းပြာကြီးက သိနေပုံရသည်။ ခါတိုင်း အစာကို သဲကြီးမဲကြီး ငုံ့စားတတ်သော ကောင်ကြီးက အခုခေါင်းတမော့မော့ လည်တခါခါနှင့်။ မြင့်အောင်တို့က သူ့အနားကပ်ကာ လှည့်ပတ်ကြည့်သည်ကို နှာမှုတ်သံ တရှူးရှူးဖြင့် မကြိုက်သည့်ဟန် ပြနေသည်။

"နောက်ငါးရက်စောင့်မယ်၊ ငါးရက်စောင့်လို့မှမရရင် ငါ့အဆိုးမဆိုနဲ့။ နင်တို့သေကောင်ပေါင်းလဲဖြစ်ပြီး ငွေလိုတုန်းက နင်တို့ ဘယ်လိုပြောခဲ့တာလဲ။ နောက်ငါးရက်ဆို ငါးရက်ပဲနော် ငါ့ငွေကို ပေးနိုင်အောင် လုပ်ထားကြ"

အိမ်တိုင်ရာရောက်လာပြီး ပြောဆိုကြိမ်းမောင်းသွားသော ဒေါ်ကြည်မြိုင်၏ စကားတွေပြန်ကြားရင်း ကိုထွန်းမင်း စိမ်းပြာကြီးဆီကို နောက်တစ်ကြိမ် အကြည့်ရောက်သွားမိသည်။ သည်တစ်ကြိမ်မှာတော့ စိမ်းပြာကြီးက သူ့ဆီကို ကြည့်မနေတော့။ သူ့သခင်၏ ယိုင်နဲ့နဲ့ တဲအိမ်အိုလေးဆီကိုသာ ဦးတည်ငေးမောနေသည်။ စိမ်းပြာကြီး သူ့ကိုစိတ်နာသွားပြီလားဟု တွေးကာ ကိုထွန်းမင်း၏ရင်အစုံသည် နာကျင်စို့နင့်လာသည်။ လှိုက်ခနဲတက်လာသော ဝမ်းနည်းခြင်းကြောင့် ကိုထွန်းမင်း၏ နှလုံးသားပြတင်းပေါက်များတွင် မျက်ရည်ခိုးများ ဝေ့သီလာသည်။ မျက်တောင်တံခါးများဖြင့် အတင်းပုတ်ခတ် တားဆီးတွန်းဖယ်သော်လည်း မရ။ မျည်ရည်ကြည်များကြောင့် အမြင်တွေသာ ပို၍ဝေဝါးလာသည်။ ကိုထွန်းမင်းအမြင်တွင် စိမ်းပြာကြီးကို နွားတစ်ကောင်ဟု မြင်၍မရခဲ့။ အဆင်မပြေခြင်းတွေကို လက်တွဲရုံးကန် ထွန်ယက်ခဲ့သည့် သားတစ်ဦးအဖြစ်သာ မြင်ခဲ့သည်။

"ဖေကြီးကို ခွင့်မလွှတ်ပါနဲ့ သားကြီးရယ်။"

စိမ်းပြာကြီး ကြားနိုင်မည် မဟုတ်သော်လည်း ကိုထွန်းမင်းကတော့ အကြိမ်ကြိမ် အခါခါ တောင်းပန်နေမိသည်။

ကိုထွန်းမင်း သောကဝေဒနာတွေဖြင့် ပွံ့လွင့်နေသော သူ၏စိတ်တို့ကို စုစည်းလိုက်သည်။ ကိုထွန်းမင်း၏ ဘဝတွင် စကားတစ်ခွန်း ပြောဖို့ သည်မျှလောက် ခက်ခဲပင်ပန်းတာ မရှိခဲ့ဟု ထင်သည်။

"မြင့်အောင် မင်းလူတွေက မွေးလက်တော့ သေချာပါတယ်နော်"

[နှစ်]

မခင်စိန် တောကို ထွက်လာခဲ့သော်လည်း လုပ်စရာ မယ်မယ်ရရရှိ၍မဟုတ်။ အိမ်မှာ မြင်တွေ့ရမည့် မြင်ကွင်းများကို မခံစားနိုင်မည်စိုး၍ထွက်လာခဲ့ခြင်း ဖြစ်သည်။ မမြင်ရလျှင် ဝေဒနာတွေ သက်သာမည်ဟု မခင်စိန် တွေးထင်သော်လည်း လက်တွေ့တွင် ထိုသို့မဟုတ်။ စိမ်းပြာကြီးအကြောင်းကိုသာ ထပ်တလဲလဲတွေးမိနေသည်။ ထိုသို့ တွေးမိတိုင်းလည်း "သားရေ စိမ်းပြာကြီးရေ အမေတို့ကို ခွင့်လွှတ်ပါသားရယ်"ဟု တွင်တွင်ဆိုကာ မျက်ရည်များက ပါးပြင်ပေါ်ကို အဆက်မပြတ် စီးကျနေခဲ့သည်။

စိမ်းပြာကြီးဘဝသည် အလွန်သနားစရာကောင်းသည်ဟု မခင်စိန်ထင်သည်။ စိမ်းပြာကြီးကိုမွေးတော့ သူ့အမေက တဘဲဘဲသာ အော်ညှစ်နေသော်လည်း အချိန်အတော်ကြာသည့်အထိ စိမ်းပြာကြီးအပြင်ကို ရောက်မလာခဲ့။ ကိုထွန်းမင်းက မိခင်နွားမကို သူတတ်သမျှမှတ်သမျှဖြင့် မွေးနိုင်ဖွားနိုင်ဖို့ ကူညီလုပ်ဆောင်ပေးသော်လည်း မရ။ မွေးချိန်သာ ကြာလာသော်လည်း ကလေးက အပြင်ရောက်မလာဘဲ မိခင်နွားမသာ အားအင်ကုန်ခန်းကာ ခပ်ပျော့ပျော့ ဖြစ်လာသည်။ ကြာလေ အခြေအနေဆိုးလေ ဖြစ်လာ၍ ကိုထွန်းမင်းက တိရစ္ဆာန်ဆေးကုဆရာဝန်ကို ချက်ချင်းဖုန်းဆက်ခေါ်သည်။ သို့သော်လည်း ဆရာက အခြားရွာတစ်ရွာကို ဆေးထိုးသွားနေ၍ အတော်နှင့်ရောက်မလာ။ ဆရာရောက်လာချိန်တွင် ရိုးရိုးမွေးမရသဖြင့် ခွဲဟယ်စိတ်ဟယ် လုပ်သော်လည်း စိမ်းပြာကြီး၏ အသက်သာ ရလိုက်သည်။ မိခင်အသက်ကို ကယ်မရလိုက်။ စိမ်းပြာကြီးသည် အခြားမွေးကင်းစ နွားငယ်တွေလို မိခင်၏ လျှာကြမ်းကြမ်းများဖြင့် သူ့ခန္ဓာကိုယ်မှ အညစ်အကြေးများကို လျက်ဖယ်ပေးခြင်း မခံခဲ့ရ။ တုန်ချိ၍ ခွာလေးချောင်းကို ဟန်ချက်ညီအောင် မထိန်းမတ်နိုင်ခင်မှာပင် မိခင်သည် သူ့ကို စိတ်ချစွာ စွန့်ခွာထားခြင်းကို ခံခဲ့ရလေသည်။

မိခင်၏ ရင်အစုံကို ခေါင်းဖြင့်တိုးဝှေ့ ကျီစယ်ရင်း နို့ရည်ချိုကို စို့ခွင့်မရခဲ့ရှာ။ တဘဲဘဲ အော်ကာ မိခင်ကို ချွဲနွဲ့ ဆော့ကစားမြူးထူးခွင့်ကို မပိုင်ဆိုင်ခဲ့ရ။ မခင်စိန်တိုက်သော နို့ဘူးကိုသာ စို့၍ကြီးပြင်းခဲ့ရရှာသည်။ မခင်စိန်ကိုသာ မိခင်အမှတ်ဖြင့် သူနို့ဆာတိုင်း တိုးဝှေ့တောင်းရမ်းတတ်သည်။ မခင်စိန်ကို ဟိုမှသည်မှ ပတ်ကာဝေ့ကာ ပြေးလွှားဆော့ကစားရင်း တဘဲဘဲအော်၍ မြူးထူးဆော့ကစားတတ်သည်။

မခင်စိန်ပျောက်သွားလျှင် တဘဲဘဲအော်၍ ရှာတတ်သည်။ မခင်စိန်ကိုမြင်သည်နှင့် ခွာစုံပေါက်ပြေးလာတတ်သည်။ မခင်စိန်သွားလေရာ ခွာစုံပေါက်၍ ပြေးလွှားလိုက်တတ်သည်။ ရွာထဲသွားရင် ရွာထဲလိုက်သည်။ ထို့ကြောင့် မခင်စိန်ရွာထဲသွားတိုင်း စိမ်းပြာကြီးပါလာတတ်၍ "ဒီသားအမိ ဘယ်အိမ်သွားလည်ကြမလို့တုန်း"ဟု လမ်းတွေ့သည့်လူများက မေးတတ်ကြသည့်အထိပင် ဖြစ်သည်။

စိမ်းပြာကြီး၏ အမွေးသည် ငယ်စဉ်က အဖြူရောင်ပေါ်တွင် အစိမ်းရေးရေးလေးသာ ပြေးသည့်အရောင် ဖြစ်သည်။ အဖြူရောင်ဟုပင် ထင်စရာ။ သို့သော် တဖြည်းဖြည်း ခန္ဓာကိုယ်ဖွံ့ဖြိုးလာသော စိမ်းပြာကြီး၏ အမွေးများသည် စိမ်းဖန်လာသည်။ နောက်ပိုင်း အပြာရောင်ဘက်သို့ပင် လုလာသည်။ ထို့ကြောင့် မခင်စိန်က စိမ်းပြာကြီးဟု ချစ်စနိုးခေါ်ရာမှ အာလုံးက စိမ်းပြာကြီးဟု ခေါ်ကြတော့သည်။ စိမ်းပြာကြီးကလည်း ထိုနာမည်ခေါ်သံကို ကြားလိုက်သည်နှင့် ခေါင်းမော့ကြည့်တတ်သည်။

အရွယ်ရောက်လာ၍ စိမ်းပြာကြီးကို နဖားစဖောက်သည့်နေ့ကဆို မခင်စိန်ကို အားကိုးတကြီးကြည့်ကာ ရုန်းကန်အော်ဟစ်နေသော စိမ်းပြာကြီးကိုကြည့်၍ မခင်စိန် ငိုမိသည်။

"ခင်စိန်ရာ နင်ကလည်း အဖြစ်သည်းနေလိုက်တာ။ နွားပဲဟ အရွယ်ရောက်ရင် နဖားတော့ ဖောက်ရမှာပေါ့"

"ကိုထွန်းမင်း စိမ်းပြာကြီးကို နွားလို့ မပြောနဲ့။ ကျွပ်နို့ကို လှန်မတိုက်ခဲ့ရရုံ မွေးခဲ့ရတဲ့ သားတော့ သား"

စိမ်းပြာကြီး အပေါ်ထားသော မခင်စိန်၏ သဘောကိုသိသော ကိုထွန်းမင်းက ဘာမှ ထပ်မပြော။ ရယ်ကျဲကျဲသာ လုပ်နေသည်။ ကိုထွန်းမင်း၏ စိမ်းပြာကြီးအပေါ်ထားသည့် သံယောဇဉ်သည်လည်း မခင်စိန်ထက် မသာလျှင်သာရှိမည်၊ လျော့တော့ လျော့မည် မဟုတ်မှန်း မခင်စိန်သိသည်။ မခင်စိန်က အတိတ်ကံတွေအရ ဘဝချင်းမတူကြသော်လည်း စိမ်းပြာကြီးကို သားဟု သဘောထားသည်။ ထို့အပြင် စိမ်းပြာကြီးသည် မခင်စိန်တို့ မင်္ဂလာဦးလက်ဖွဲ့၏ နောက်ဆုံးမျိုးဆက်။

မခင်စိန် ကိုထွန်းမင်းနှင့် အိမ်ထောင်ကျတော့ မခင်စိန်အဖေ ဦးသာအောင်က နွားမတစ်ကောင် လက်ဖွဲ့ခဲ့သည်။ထိုနွားမကြီးသည် ပေါက်ခဲ့သမျှထဲတွင် စိမ်းပြာကြီး၏ မိခင်တစ်ကောင်သာ အမပါသည်။ ကျန်သည်က အထီးချည်း။ စိမ်းပြာကြီး အမေသည်လည်း သူ့အမေဗီဇလိုက်သည်လား မသိ။ အရင်နှစ်ကမှ အထက်နွားဝယ်လက်ထဲ ပါသွားသည်နှင့် စာဥကြီးကို သားဦးအဖြစ်မွေးသည်။ ပြီးနောက် စိမ်းပြာကြီးကို ဒုတိယမြောက်သားအဖြစ် လောကကြီးထဲထားကာ သေဆုံးသွားရှာသည်။ ထို့ကြောင့် မခင်စိန်တို့၏ မင်္ဂလာဦးနောက်ဆုံးမျိုးဆက်ဖြစ်သော စိမ်းပြာကြီးကို ပိုမြတ်နိုး တန်ဖိုးထားခဲ့မိသည်။

ကိုယ်လုံးကိုယ်ထည် ကောင်းသည့်အပြင် ဒေါက်အမြင့်မှာ သုံးထောင့်လက်လေးဆစ်ကျော်ပြီး ရုပ်ဆင်းကောင်းလှသော စိမ်းပြာကြီးကို နွားဝယ်များက ဈေးကောင်းပေး၍ မကြာခဏ လာဝယ်ကြသည်။ ထိုအခါတိုင်း ကိုထွန်းမင်းရော မခင်စိန်ပါ နှစ်ခါမစဉ်းစားဘဲ ငြင်းဆန်ပစ်ခဲ့သာချည့်။ စိမ်းပြာကြီးကလည်း လိမ္မာလှသည်။ မည်မျှလောက် ဝန်ကိုဆွဲသည် ဖြစ်စေ တစ်ချက်မတွန့်တတ်။ ပုံမှန်ခြေချအတိုင်းပင်။ ကိုထွန်းမင်းကဆို သားကြီး သားကြီးနှင့် ပါးစပ်ကမချ။ သူမစားရမှာထက် စိမ်းပြာကြီးမစားရမှာကို ပိုပူတတ်သူ ဖြစ်သည်။

ထို့ကြောင့်လည်း မနှစ်က ကိုထွန်းမင်း အသက်အန္တရာယ်ပင် နီးခဲ့သည်မဟုတ်လား။ ညနေစောင်းမှ အိမ်ကိုအလည်လာရင်း ဘကြီးတင်ထွန်းက ကိုထွန်းမင်းကို မင်းစိမ်းပြာကြီး အစာစိုမစားရရင် ငါ့ပြောင်းခင်း ရိတ်ကျွေးလေကွာဟု ပြောသည်နှင့် နေ့ကူးအောင်ပင် မစောင့်တော့ဘဲ ချက်ချင်းသွားရိတ်၍ ကိုထွန်းမင်း ပိုးထိခဲ့သည်။ ပိုက်ဆံများစွာဖြင့် ကိုထွန်းမင်းအသက်ကို ဆက်ယူခဲ့ရသည် မဟုတ်လား။

"ညည်းတို့နွားကြီး ဈေးကောင်းပေးတုန်း ရောင်းသင့်တယ်နော်။ ဟိုနေ့က လာဝယ်တဲ့ သူတွေဆို ဈေးတွေအရမ်း ပေးတာဆို။ သံယောဇဉ်ဆိုတာ တော်ရုံ ကောင်းတာ ပါအေ။ သတ္တဝါတစ်ခု ကံတစ်ခုပဲ မို့လား။ ကိုယ့်အကြွေးတင်ခံပြီး မထားသင့်ဘူး။ အခုခေတ် မိုးကောင်းတောင်သူဆိုတာ ကလည်း ရေပေါ်အရုပ်ရေးနေရသလိုပဲ။ အကြွေးနွံ့ထဲ နစ်သွားရင် ညည်းတို့ မလွယ်ဘူးနော်။ သေချာစဉ်းစားကြ"

ဟိုတလောကလည်း မခင်စိန်တို့ အကြောင်းကို အတွင်းအပြင်အားလုံးသိသူ အဒေါ်ဝမ်းကွဲဒေါ်လေးကြင်က စိမ်းပြာကြီးကို ရောင်းပြီး တင်နေသည့် အကြွေးများကို ဆပ်ဖို့ နားချဖျောင်းဖျပြောသော်လည်း မခင်စိန် မလုပ်ခဲ့။ ဒေါ်လေးကြင် ပြောသည်မှာ မှန်သော်လည်း စိမ်းပြာကြီးကို ရောင်းဖို့ ဆိုသည်ကို စိတ်ကူးလေးနှင့်ပင် တွေး၍မရခဲ့။ အခြေအနေ တစ်ခုအရ ရောင်းချဖို့ ကြံလာလျှင်လည်း သတ်သူလက်ကို ဘယ်လောက် ဈေးရရ မရောင်းဟု မခင်စိန်တို့ လင်မယား ဆုံးဖြတ်ထားကြသည်။

မနေ့က ဒေါ်ကြည်မြိုင် မခင်စိန်တို့အိမ်ကို လာပြီးသောင်းကျန်းသွားကတည်းက မခင်စိန်တို့ လင်မယား တစ်ညလုံး အပူမီးတွေဟပ်ကာ သက်ပျင်းကိုယ်စီချရင်း တလူးလူး တလွန့်လွန့်ဖြင့် အိပ်မပျော်ကြ။ အကြွေးက ကိုထွန်းမင်း ပိုးထိတုန်းက ယူခဲ့ရသည့်အကြွေး။ သီးနှံက အထွက်လျော့ ဈေးကကျနှင့် ယူထားသည်မှာ တစ်နှစ်နီးပါးရှိပြီဖြစ်သော်လည်း မဆပ်နိုင်၍ ဒေါ်ကြည်မြိုင်က လာကြမ်းခြင်းဖြစ်သည်။ ဒေါ်ကြည်မြိုင်က ငါးရက်ရက်ချိန်းပေးသည်။ မခင်စိန်တို့လို လက္ခဏာအမြော်အမြင် မရှိသူများအဖို့ ချက်ချင်းငွေရှာဖို့ဆိုတာ မဖြစ်နိုင်။ သည်တော့ မခင်စိန်တို့ လင်မယားနှစ်ယောက်စလုံး တစ်ယောက်ကို တစ်ယောက် ထုတ်မပြောကြသော်လည်း မျက်စိထဲမြင်မိသည်က စိမ်းပြာကြီးသာ။ ကိုထွန်းမင်းက စမပြော၍ မခင်စိန်က အထစ်ထစ်အငေါ့ငေါ့ဖြင့် စပြောရတော့သည်။ မခင်စိန်၏ စကားအဆုံးတွင် ကိုထွန်းမင်း၏ ငြင်းပယ်သံကို မကြားရ။ စိတ်ကျဉ်းကျပ်လွန်းသောအခါ ချတတ်သည့် သက်ပြင်းချသံ ကိုတော့ ကြားလိုက်ရသည်။ မှောင်နေ၍ မခင်စိန်၏ မျက်ရည်များကိုတော့ ကိုထွန်းမင်း မမြင်မှာ သေချာသည်။ ထို့ကြောင့် မခင်စိန် အမှောင်ကိုပင် ကျေးဇူးတင်မိသည်။

[သုံး]

မခင်စိန်၏ တောပြန်ခြေလှမ်းများသည် မပြေးရုံတမယ်သာ။ တစ်ချက်တစ်ချက် ပြေးတောင်ပြေးမိသည်ဟု ထင်သည်။ မခင်စိန် သူ့လှမ်းနေသည့် ခြေလှမ်းများကိုပင် အားမရ၊ နှေးလွန်းသည်ဟု ထင်သည်။

"ခင်စိန်ရာ နင်တို့ကလည်း အစကတော့ မရောင်းဘူး မရောင်းဘူးနဲ့ ရောင်းမယ့် ရောင်းတော့လည်း စိမ်းပြာကြီးကို သားသတ်ရုံက ဝယ်လက်တွေဆီ ရောင်းတာလားဟ။ ဈေး ဘယ်လောက်ကွာလို့တုန်းဟာ စိမ်းပြာကြီးကို သနားပါတယ်"

အခင်းနားနီးချင်းဖြစ်သူ ကိုမြင့်စိုး စကားတွေက မခင်စိန်နှလုံးသားတွေကို ကွဲကြေစေသည်။ ထိုစကားလုံးများကို ပြန်ကြားတိုင်း မခင်စိန် သူ့ခြေလှမ်းများကို ပိုသွက်လှမ်းမိသည်။ အိမ်အဝင်ပေါက် ရောက်တော့ မခင်စိန်အတော်ပင်မောနေပြီ။ မခင်စိန်၏ မျက်လုံးများက နွားစားကျင်းဆီကို အရင်ကြည့်လိုက်မိသည်။ စိမ်းပြာကြီး မရှိတော့။

"ကိုထွန်းမင်း....ကိုထွန်းမင်း"

ကိုထွန်းမင်းနာမည်ကို အသံကုန်အော်ဟစ်ခေါ်ရင်း အိမ်ထဲပြေးဝင်လာသည့် မခင်စိန်ကို ကိုထွန်းမင်း နားမလည်နိုင်သည့် မျက်ဝန်းများနှင့် ကြည့်မိသည်။ ကိုထွန်းမင်းရှေ့တွင်တော့ စိမ်းပြာကြီးအတွက် မြင့်အောင်တို့ ပေးချေသွားသည့် ငွေများက အပုံလိုက်။ အခုထိ ထိုငွေများကို ကိုထွန်းမင်း ထိတို့မကြည့်ရသေး။ ထိတို့ ကြည့်ချင်စိတ်လည်း မရှိ။

"မြင့်အောင်တို့က စိမ်းပြာကြီးကို လိမ်ဝယ်သွားတာ။ တော်က သားသတ်ရုံက ဝယ်လက်ဆို မရောင်းဘူးဆိုတာသိလို့ မွေးလက်ဆိုပြီး လိမ်ဝယ် သွားတာ"

မခင်စိန်၏ အမောတကောပြောသော စကားအဆုံးတွင် ကိုထွန်းမင်းတောက်တစ်ချက်ကို ပြင်းပြင်းခေါက်သည်။ ပြီးမှ သူ့ရှေ့က ပိုက်ဆံများကို ပုဆိုးခါးပိုက်လုပ်ကာထည့်၍ "လာ ခင်စိန် မြင့်အောင်တို့အိမ်ကို လိုက်မယ်။ ဆွဲသွားတာ မကြာသေးဘူး။ မီသေးတယ်။ စိမ်းပြာကြီးကိုတော့ သတ်ရာအပါမခံနိုင်ဘူး။ "ပြောပြောဆိုဆို မြင့်အောင်တို့ အိမ်ဘက်ကို သုတ်ခြေတင်ထွက်သွားသော ကိုထွန်းမင်း နောက်ကို မခင်စိန်လည်း လိုက်ခဲ့သည်။ ထိုအချိန်တွင် ကိုထွန်းမင်းတို့ လင်မယား၏ စိတ်ထဲတွင် ဒေါ်ကြည်မြိုင်အား ငါးရက်အတွင်း ပေးရမည့်အကြွေးများအကြောင်း၊ လာမည့် မနက်ဖြန်များတွင် ရင်ဆိုင်ရမည့် အခက်အခဲများအကြောင်း အားလုံးကို မေ့လျော့နေကြသည်။ စိမ်းပြာကြီး၏ အသက်အန္တရာယ်မကျရောက်ဖို့ ကယ်တင်ချင်သည့် သံယောဇဉ်ဇောတစ်ခုသာ ကပ်ငြိနေသည်မှာ သေချာလှသည်။ ။

ဆောင်းပါး

တစ်နှစ်တစ်ခါ ဆင်ကာနွှဲ စာရေးတံမဲပွဲ

မြပုလဲ(တပ်ကုန်း)

တစ်နှစ်တွင် ဆယ့်နှစ်လရာသီရှိရာ မြန်မာတို့သည် ဆယ့်နှစ်လပတ်လုံး ပွဲတော်များကို ပျော်ရွှင်စွာ ကျင်းပလျက်ရှိကြလေသည်။ ထိုသို့ ပွဲတော်များကျင်းပရာတွင် ပျော်ပွဲရွှင်ပွဲချည်းမဟုတ်ဘဲ ဘာသာရေးပွဲများပါ ကျင်းပလျက်ရှိရာ ယခု ဝါခေါင်လသည်လည်း ဘာသာရေးပွဲကျင်းပသော လတစ်လ ဖြစ်လေသည်။

ထို့ပြင် ဝါခေါင်လပြည့်နေ့ကို မေတ္တာ အခါတော်နေ့ဟုလည်း ခေါ်ကြလေသည်။ မြတ်စွာဘုရားရှင်လက်ထက်က ရဟန်းတော်တို့အား တရားဘာဝနာ အားမထုတ်မီ နတ်မြတ်နတ်ကောင်း နတ်အပေါင်းတို့အား မေတ္တာတရားများပို့သ၍ မေတ္တသုတ်တော်ရွတ်ဖတ်ပြီးမှ အားထုတ်သင့်ကြောင်း ဟောပြခဲ့ဖူးလေသည်။

ဝါဆိုဝါခေါင်၊ ရေဖောင်ဖောင်ဟူသော မိုးတွင်းကာလ ဝါခေါင်လသည် မြန်မာလများမှ ပဉ္စမမြောက်လတစ်လဖြစ်လေသည်။ ခတ္တာပန်းများပွင့်လန်းလျက်ရှိသော ဝါခေါင်လသည် ဝါတွင်းကာလဖြစ်၍ ရဟန်းသံဃာတော်များ ခရီးမထွက်ရဘဲ တစ်နေရာရာ၌ ဝါဆိုကြရလေသည်။ မဖြစ်မနေသွားရမည်ဆိုလျှင် ဝါပန်ပြီးမှ ခရီးထွက်ကြရလေသည်။ ထိုလ၌ ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ကျောင်းကန်ဘုရားများသို့သွား၍ ဥပုသ်သီလဆောက်တည်ပြီး ရဟန်းသံဃာတော်များအား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထု အစုစုတို့ကို ဆပ်ကပ်လှူဒါန်းကြလေသည်။

မြတ်စွာဘုရားရှင်လက်ထက်တွင် ဒါယကာ၊ ဒါယိကာမများက သံဃာတော်များအား ရွေးချယ်၍ ဆွမ်းမကပ်ကောင်းသဖြင့် စာရေးတံဟုခေါ်သော ဝါးခြမ်းတံပေါ်တွင် သံဃာအရေအတွက်ကို မှတ်သားစေပြီး ကံအလျှောက် မိမိကျရာကိုယ်တော်ကို ဆွမ်းကပ်ကြရန် အိမ်တိုင်းစေ့ မဲနှိုက်ရလေသည်။ ထို့နောက် စာရေးတံ(သလာကဘတ္တ)ဆွမ်းအလှူကို ဆက်ကပ်ရလေသည်။ ထို အလှူမျိုးကို စာရေးတံအလှူဟုခေါ်ကြောင်း မှတ်သားဖူးပါသည်။

ကျွန်မတို့မြို့နယ်လေးတွင်လည်း တာဝန်ရှိသူများက မြို့လုံးကျွတ် စာရေးတံ(မဟာဒုက်)ပွဲကို နှစ်စဉ် ကျင်းပပေးလျက်ရှိရာ ယခုနှစ်ဆိုလျှင် (၂၇)ကြိမ် မြောက်ခဲ့ပြီ။ နှစ်စဉ် ဝါခေါင်လဆန်းပြီဆိုလျှင် မိမိတတ်နိုင် သလောက် သံဃာအပါးအရေကို သာသနာ့ဗိမာန်၌ စာရင်းပေးသွင်းရလေသည်။ လဆန်း ၁၃ ရက်နေ့ ညနေတွင် စာရင်းပေးပြီးသော အလှူရှင်များက နံပါတ်စဉ်အလိုက် ဘုရားမဲနှိုက်ရလေသည်။ အုံ့အုံ့သဲသဲ စည်ကားလှသော ညနေခင်းလေးတွင် တာဝန်ရှိသူများက အသံချဲ့စက်များဖြင့် အမည်များခေါ်၍ ဘုရားမဲပေါက်သူကို ကြေညာပေးလေသည်။ ဆင်းရဲချို့တဲ့သူက ဘုရားမဲပေါက်သွားလျှင် အားလုံးက ဝိုင်းဝန်း၍ တီးဝိုင်းများဖြင့် မြို့တွင်းမြို့ပြင် လှည့်လည်အလှူခံပေးကြသည်မှာ ကြည်နူးစရာကောင်းလှသော စေတနာသဒ္ဓါတရား ထက်သန်လှသော ဒါနပွဲလေးတစ်ခုဖြစ်ပါသည်။ မြို့နယ်ပတ်ဝန်းကျင် ကျေးရွာများမှလည်း ထိုလ၌ပင် စာရေးတံ(မဟာဒုက်)ပွဲကို တတ်နိုင်သမျှ ကုသိုလ်ပြုကြလေသည်။

လပြည့်နေ့နံနက် ၅ နာရီတွင် သာသနာ့ဗိဟာန်၌ တစ်မြို့နယ်လုံးရှိ ပင့်ဆရာတော်များက အသင့်စောင့်ဆိုင်းလျက်ရှိရာ အလှူရှင်များက မိမိတို့ မဲကျရာ သံဃာတော်များအား ကားကြီး၊ ကားငယ်၊ မြင်းလှည်း၊ သုံးဘီး၊ ဆိုင်ကယ်တို့ဖြင့် လာရောက်ပင့်ဆောင်ကြသည်မှာ ကြိတ်ကြိတ်တိုးစည်ကားလျက်ရှိလေသည်။

နှစ်စဉ် ဝါခေါင်လပြည့်နေ့ရောက်တိုင်း ကျွန်မတို့အိမ်၌ မဲကျရာ ဆရာတော်များအားပင့်၍ စာရေးတံပွဲကျင်းပလျက်ရှိရာ ယခုဆိုလျှင်(၁၀)ကြိမ်ကျော်ခဲ့လေပြီ။ မိမိမဲကျသော ဆရာတော်များအား ဆွမ်းကပ်၍ တရားနာယူကြရလေသည်။ အိမ်နီးချင်းများနှင့် ဧည့်ပရိသတ်များအား တတ်နိုင်သလောက်ဖိတ်၍ ဧည့်ခံကျွေးမွေးရသည်မှာ အလွန်ကြည်နူးဖွယ်ကောင်းသော တစ်ပိုင်တစ်နိုင် ဒါနလေးများပင်ဖြစ်ပါသည်။ ထို့နေ့၌ ကျွန်မတို့မြို့လေးတွင် အိမ်တိုင်းလိုလိုပြုလုပ်ကြသော စာရေးတံပွဲကို တစ်အိမ်တက်ဆင်း လိုက်စားကြသည်မှာလည်း လူငယ်များအတွက် ပျော်စရာကောင်းသော ချစ်စရာ မြန်မာ့ရိုးရာဓလေ့များမှ တစ်ခုပင် ဖြစ်ပါသည်။

စာရေးတံပွဲနှင့်ပတ်သက်၍ အထူးပြောလိုသည်မှာ ကုသိုလ်ရှင်များက ပုဂ္ဂိုလ်စွဲ မထားသင့်ပေ။ မိမိရည်ရွယ်ထားသည်က ကျောင်းထိုင်ဘုန်းကြီး ပင့်ချင်သော်လည်း ကိုရင်လေး မဲကျခဲ့သည်ရှိသော် အာရုံမပျက်ဘဲ ရေစက်ကြောင့် ကိုယ်နှင့်ထိုက်တန်လို့ရသည်ဟု ဆင်ခြင်သင့်ပေသည်။ တစ်ခါတလေ တရားမချီးမြှင့်တတ်သော ကိုရင်လေးကျလာခဲ့ပါက အာရုံ၊ ရိုသေမှုသဒ္ဓါတရား လျော့ကျမသွားဘဲ ဘုရားသားတော်၊ ဘုရားကိုယ်စားဟုမှတ်ယူ၍ ဟောကြားချီးမြှင့်သော တရားတော်များကို ရိုသေစွာ အလေးအနက်ထား နာယူမှတ်သားသင့်ပေသည်။

လာရောက်ကြသော ဧည့်ပရိသတ်များကိုလည်း အယုတ်အလတ်အမြတ်မရွေး စေတနာသန့်သန့်ဖြင့် ကျွေးမွေးပါက ယခုလက်ရှိဘဝရော သံသရာအတွက်ပါ ကောင်းမြတ်သောအကျိုးထူးများ ရလာနိုင်ပေသည်။ တစ်နှစ်မှတစ်ခါဆင်နွှဲရသော ဤကုသိုလ်ပွဲလေးကို မပျက်မကွက် သဒ္ဓါတရားထက်သန်စွာဖြင့် ကျင်းပရသည်မှာလည်း ကြည်နူးဖွယ်ကောင်းလှပါသည်။

မြန်မာလူမျိုးတို့သည် ဘာသာရေး၊ သာသနာရေး လှူရေးတန်းရေးများကို အားကျိုးမာန်တက် ပြုလုပ်ကြရာ နောက်နောင်များတွင်လည်း ဆက်လက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်အစဉ်အလာကောင်းများကို လက်ဆင့်ကမ်းထိန်းသိမ်းသင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ။

လှပစိုပြည် အညာမြေ

တို့လယ်ယာ
ပျိုးသာဖို့ ရည်မှန်း။
သီးနှံစုံ အထွက်တိုးအောင်
ရွှေမိုး ကဖျန်း။ ။
အညာမြေ စိမ်းစိုလန်းလို့
ပွင့်ပန်းတို့ မွှေးပျံ့စေ
ဆောင်ကြဉ်း လေပြည်။
လတ်ဆတ်လို့ သန့်ရှင်းပေ
ဝင်းဝါရွှေ စပါး။
ရှုခင်းတွေ လှမ်းမျှော်ငေးတော့
ရင်အေး စေသား။ ။
ဘူး၊ ဖရုံ၊ ငရုတ်၊ သခွားရယ်နဲ့
အစေ့ထွားတဲ့ ပဲစုံလင်။
ကျွန်းတစ်ချို့ ကိုင်းတစ်ကြော့
စိုက်တော့ ငွေရှင်။
မြေပဲ၊ နှမ်း၊ နေကြာပင်
သန့်စင်တဲ့ ဆီထွက်။
တောနယ်မှာ
ပေါကြွယ်ကာ သာယာအေးတယ်
ဝမ်းရေး မခက်။ ။

မေသူ(တမာတော)

စစ်စစ် သံသယ

ကျော်စည်သူ

(၁)

ကျွန်တော်သည် မန္တလေးသို့ မကြာခဏ ရောက်ဖြစ်ပါသည်။ မန္တလေးသို့ သွားသည်မှာ အများအားဖြင့် စာအုပ်ဝယ်ရန်သာ ဖြစ်နေတတ်သည်။ ယခုတစ်ခေါက်မှာ အစ်မထံမှ ပိုက်ဆံယူရင်း အပြန်တွင် စာအုပ်ဝယ်ရန် ဖြစ်သည်။ နေမြင့်လျှင် မန္တလေးသို့ သွားရသည်မှာ အဆင်မပြေလှ၍ မနက်စောစော ဆိုင်ကယ်စီးပြီး ထွက်လာလေသည်။ စစ်ကိုင်းတံတားကိုဖြတ်စဉ် အေးမြသော လေအေးရနံ့က နှာခေါင်းဝကို ခလုတ်တိုက်သွားသည်။ တံတားပေါ်မှ ဘုရားများကို ဖူးရသည်မှာ စိတ်အစဉ်ကို အေးချမ်းစေပါသည်။

တဖြည်းဖြည်းနှင့် စစ်ကိုင်းမြို့မှထွက်ပြီး မန္တလေးမြို့ထဲသို့ ဝင်လာသည်။ ကျွန်တော်သည် မန္တလေးသို့သွားရာတွင် ကမ်းနားလမ်းဘက်ကသာ သွားလေ့ရှိသည်။ ဆိုင်ကယ်စီးမကျွမ်းကျင်တာလည်း ပါပါသည်။ မြို့ထဲသို့ အဝင်ဝတွင် မနက်စာမစားခဲ့သော သမုဒ္ဒရာဝမ်းတစ်ထွာက ဆန္ဒပြလာပါသည်။ ထို့ကြောင့် ကတ္တရာ ကားလမ်းဘေးရှိ ဆိုင်တစ်ဆိုင်တွင် ဆိုင်ကယ်ရပ်နားပြီး ဆိုင်ထဲဝင်လိုက်သည်။

ဆိုင်၏ အဝင်ဝတွင် "နွားနို့စစ်စစ်ရပြီ" ဆိုသော ဆိုင်းဘုတ်က ကျွန်တော့်အား ဆီးကြိုနေသည်။ ထို့ကြောင့် ကျွန်တော်သည် နွားနို့တစ်ခွက် မှာလိုက်သည်။ မကြာမီအချိန်အတွင်း နွားနို့ခွက်ကို စားပွဲထိုးဟု ထင်ရသူတစ်ယောက်က လာချပေးသည်။ ဆာလာသော ဗိုက်အရှိန်ကြောင့် လျင်လျင်မြန်မြန် သောက်လိုက်မိသည်။ သို့သော် အရသာခံစားမှု၏ စံထားရသော ကျွန်တော့်လျှာက နွားနို့မစစ်ကြောင်း ဦးနှောက်ကို အချက်ပေးနေသည်။ ကျွန်တော်သည် အံ့သြသွားမိသည်။ အံ့သြစိတ်နှင့်အပြိုင် ဝမ်းနည်းသွားမိသည်။ ရိုးရိုးတန်းတန်း "နွားနို့ရပြီ"ဆိုသော ဆိုင်းဘုတ်ဆိုလျှင် ကျွန်တော် ထိုမျှခံစားနေရမည် မဟုတ်ပါ။ ဆိုင်းဘုတ်ထဲက "စစ်စစ်" ဆိုသောစကားလုံးက ကျွန်တော့်စိတ်ကို ရိုက်ချိုးသွားသည်။

ထိုတစ်ဆိုင်တည်းလားဟု သတိထားမိပြီး ဘေးနားကဆိုင်တွေကို လိုက်ကြည့်မိသည်။ "ထန်းရည်စစ်စစ်ရပြီ"၊ "ဘူးသီးကြော်စစ်စစ်ရပြီ"၊ "ရန်ကုန်မုန့်ဟင်းခါး စစ်စစ်ရပြီ" စသော ဆိုင်းဘုတ်ထောင်ထားသော ဆိုင်များကို တွေ့ရသည်။ ကျွန်တော်သည် မန္တလေးသို့ အလာများသော်လည်း ယခုတစ်ခေါက်သာ ထိုင်မိခြင်းဖြစ်သည်။ ဘေးနားက ဆိုင်များသာ ထိုသို့မဖြစ်ရန် ကျွန်တော် ဆုတောင်းမိသည်။

(၂)

ကြာပြီဖြစ်သော်လည်း ကျွန်တော်ငယ်ငယ်က ကြားဖူး၍ မှတ်မိနေသော ဇာတ်လမ်းလေးရှိသည်။ မြန်မာ့အသံ ရေဒီယိုလှိုင်းမှ ထုတ်လွှင့်သည်ကို နားထောင်မိခြင်းဖြစ်သည်။ ပုံပြင်လား၊ ဖြစ်ရပ်မှန်လား ကျွန်တော် မခွဲခြားတတ်ပါ။

ရွာတစ်ရွာတွင် ရွာလူကြီးက ရွာသားများစုပေါင်းပြီး စားသောက်ပွဲတစ်ခု ကျင်းပမည်ဟု ကြေညာသည်။ စားသောက်ပွဲသည် နွားနို့သောက်ရန်ဖြစ်သည်။ ရွာလူကြီးက နွားနို့သောက်ပွဲ ကျင်းပသောနေ့တွင် ရွာသားအားလုံး တစ်ယောက်တစ်ဖလား နွားနို့ယူလာရန် ပြောကြားထားသည်။ ကျင်းပသောနေ့တွင် အိုးကြီးတစ်လုံးထဲ၌ ယူလာသည့် နွားနို့ဖလားများကို စုပေါင်းထည့်စေသည်။ ဖလားအားလုံးထည့်ပြီး၍ အိုးကြီးထဲသို့ ကြည့်သောအခါတွင် ရေများဖြစ်နေသည်ကို တွေ့ရသည်။ ဇာတ်လမ်းလေးမှာ ထိုမျှသာ ဖြစ်သည်။

ထိုဇာတ်လမ်းကို ကျွန်တော်မမေ့သည်မှာ အဆန်းမဟုတ်ပါပေ။ ဇာတ်လမ်းထဲ၌ ခံစားမှုရသည် ပြည့်ဝစွာမပါဝင်ပါ။ ဇာတ်လမ်းတစ်ခုလုံး၌ ပေးချင်သော မက်ဆေ့သည် ထိမိလှသောကြောင့် ဖြစ်သည်။

ကျွန်တော်၏ ဇာတိဖြစ်သော ကျေးရွာသို့ အခြားနယ်ဘက်မှ ဈေးသည်များ လာလေ့ရှိသည်။ "ခေါင်ရည်စစ်စစ်" ဆိုပြီး လာရောင်းသော ဈေးသည်များ၊ "ပျားရည်စစ်စစ်"ဆိုပြီး လာရောင်းသော ဈေးသည်များ၊ "ရွှေဘိုသနပ်ခါးစစ်စစ်"ဆိုပြီး လာရောင်းသော ဈေးသည်များ၊ တစ်ခါတစ်ရံ "ပဲဆီစစ်စစ်" ဆိုပြီး လာရောင်းသောဈေးသည်များ စသည်ဖြင့် အတော်စုံသည်။ "စစ်စစ်" စကားလုံးကြောင့် ကျွန်တော်တို့ ဝယ်မိကြသည်။ ဝယ်ပြီးအသုံးပြုတော့မှ အညာခံရမှန်း သိကြသည်။ ခံရပေါင်းမှာ မနည်းတော့ချေ။

(၃)

ကျွန်တော်ထိုင်မိသော ဆိုင်ရှေ့မှ ဆိုင်းဘုတ်သည် မလုံမလဲနှင့် ကျွန်တော့်ကို ကြည့်နေရှာသည်။ ဗွေမယူပါနှင့်ဟု အသနားခံနေတာလား၊ ကျွန်တော့်ကို အားနာနေတာလား ဆိုသည်ကို ကျွန်တော်သည် မဆုံးဖြတ်တတ်ပေ။

ဆိုင်တစ်ဆိုင်တွင် ဆိုင်းဘုတ်သည် အရေးပါလှသည်။ ထိုဆိုင်းဘုတ်တွင် ဆိုင်နာမည်၊ အစားအစာများ၊ ဈေးနှုန်း စသည်ဖြင့် ဖော်ပြထားသည်။ စားသုံးသူများသည် တစ်ခါတစ်ရံ ဆိုင်းဘုတ်ကိုကြည့်၍ ဆုံးဖြတ်တတ်သည်ကို ကျွန်တော် တွေ့ဖူးသည်။ ဆိုင်တစ်ဆိုင်၏ အသက်သည် ဆိုင်းဘုတ်ဟုဆိုလျှင် မှားမည်မထင်မိပေ။ ထိုဆိုင်းဘုတ်တွင် ယခုကဲ့သို့ "စစ်စစ်"ဆိုသော စကားလုံးပါလာပါက ပို၍ အရေးကြီးသွားသည်။

အတုအယောင်ပေါ်များသော ယခုခေတ်၌ ဆိုင်များသည် "စစ်စစ်"စကားလုံးကို သုံးလာသည်မှာ သဘာဝကျပါသည်။ ထိုစကားလုံးသည် စားသုံးသူများကို သတိပေးစကားဆိုသည်လည်း ဖြစ်နိုင်သည်။ လိမ်ညာထားသည်လည်း ဖြစ်နိုင်သည်။

"စစ်စစ်"ကို သတိပေးစကားဟု အဓိပ္ပာယ်ဖွင့်ခြင်းမှာ ဆိုင်ရှင်၏စေတနာဟု ဆိုနိုင်သည်။ သူ့ဆိုင်ရှိပစ္စည်းများသည် မှန်ကန်ပါသည်။ အခြားဆိုင်များတွင် မှန်ချင်မှ မှန်ပေမည်။ သူ့ဆိုင်တွင် လာရောက်စားသုံးလှည့်ပါ။ ကျန်းမာရေးအရပါ ညီညွတ်ပါသည်ဟု အာမခံနေခြင်းဖြစ်သည်။ (အခြားဆိုင်များကို ထိခိုက်၍ ပြောခြင်းမဟုတ်ပါ)။ ထိုအခါတွင် ဆိုင်ရှင်၏ စေတနာကို တွေ့ရသည်။

နောက်တစ်ခုသည် လိမ်ညာထားသော စကားလည်း ဖြစ်နိုင်သည်။ တစ်နည်းအားဖြင့် စားသုံးသူအပေါ်တွင် လူလည်ကျခြင်းဖြစ်သည်။ မဟုတ်တာကို အဟုတ်လုပ်၍ အယောင်ဆောင်နေခြင်း ဖြစ်သည်။ ထိုဆိုင်များ၏ အောင်မြင်မှုသည် တစ်ပွဲတိုးမျှသာ ဖြစ်သည်။ လိမ်ညာနေခြင်းမှန်ပါက မည်သည့် စားသုံးသူမျှ နောက်တစ်ခါ လာမစားပေ။ စားသုံးသူ၏ ယုံကြည်မှုကို အလွဲသုံးစားလုပ်ခြင်းသည် မှားယွင်းမှုတစ်ခုဖြစ်သည်။

ဆိုင်းဘုတ်တွင် "စစ်စစ်"ဆိုသော စကားလုံး မပါပါက တာဝန်မကြီးပေ။ ရိုးသားသည်ဟု ဆိုရမည်။ စားသုံးကုန်များသည် မှန်ချင်မှ မှန်ပေမည်။ စားသုံးသူ၏ စိတ်ကြိုက်ဖြစ်သည်။

သို့သော် "စစ်စစ်"ဆိုသော စကားလုံးသည် လူတစ်ယောက်ကို ဆွဲဆောင်နိုင်စွမ်း ရှိလှသည်။ ဆိုင်များ၌ ထိုစကားလုံးကို သုံးခြင်းဖြင့် ရောင်းလိုအားတိုးလာသည်မှာ ငြင်းမရပေ။ စားသုံးသူများကလည်း ထိုဆိုင်များ၌သာ အားပေးကြသည်။ ဆိုင်ရှင်၏ ခံယူချက်ပေါ်တွင်မူတည်၍ ထိုစကားလုံးသည် အဓိပ္ပာယ် ပြောင်းသွားသည်။ လိမ်ညာရန် သက်သက်အတွက်နှင့် မသုံးသင့်ချေ။ ယုံကြည်မှုကို နှစ်ခါတည်ဆောက်မရသည်မှာ အားလုံးအသိဖြစ်သည်။

(၄)

အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရသော နှစ်ပေါင်းတစ်ရာကျော်သည် ကျွန်တော်တို့အား အစစအရာရာ ချို့တဲ့စေသည်။ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ အကျင့်စာရိတ္တ စသည်ဖြင့် မျက်မှောက်ခေတ်နှင့် ယှဉ်ပါက နောက်ကျနေခဲ့သည်။ ထိုအထဲမှ အဆိုးဆုံးသည် အကျင့်စာရိတ္တ ပျက်ယွင်းခြင်းဖြစ်သည်။ စာရိတ္တသည် နိုင်ငံတစ်ခု၏ အခြေခံအုတ်မြစ်ဟု ကျွန်တော် ဆိုချင်ပါသည်။

အကျင့်စာရိတ္တကို စိတ်ဓာတ်ဟု အဓိပ္ပာယ်ဖွင့်ချင်ပါသည်။ ထို့ကြောင့် ကျောင်းများတွင် စိတ်ဓာတ်သည် အရင်လာသည်။ သူပြီးမှ စည်းကမ်းနှင့် ပညာက ကပ်လိုက်ပါသည်။

(၅)

